ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**သူတော်ကောင်းတို့၏သတင်း ပျံ့နှံ့ကြိုင်လှိုင်**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြက်ရုံးပန်း စသော ပန်းတို့၏အနံ့သည် လေထက်လေညာသို့ မပျံ့မလှိုင်၊ သူတော်ကောင်းတို့၏ သီလတည်းဟူသော ဂုဏ်သတင်းအနံ့သည် လေညာသို့ပင် ပျံ့နှံ့ကြိုင်လှိုင်၏။ သူတော်ကောင်း တို့၏သတင်းသည် အရပ်လေးမျက်နှာသို့ ပျံ့နှံ့ကြိုင်လှိုင်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)

၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၃ ရက် သောကြာနေ့။ Friday, 20 March 2026 ၁၂၁၂၇

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရေး။

**ယနေ့ ဖတ်စရာ**

**အစေ့ထုတ်ပြောင်း (မိုး) စိုက်ပျိုးမည့် ဧရိယာများအတွင်း တောင်ယာခုတ်ထွင်မီးရှို့ခြင်း မပြုလုပ်ရန် အသိပေးခြင်း**
စာမျက်နှာ » ၂

**ဆယ်နှစ်မှသည် အနာဂတ်ဆီ တူညီရွှေ့လှမ်း မဲခေါင်-လန်ချန်း**
ဆောင်းပါး စာမျက်နှာ » ၆

**ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ ဓာတုနည်းစဉ်ဖြင့် ဆီကြမ်း ထုတ်လုပ်ခြင်းနှင့် ဆီသန့်စင်ခြင်း စက်ရုံဖွင့်ပွဲ ကျင်းပ**
စာမျက်နှာ » ၁၀

**မေ့မထားသင့်သော အိန္ဒိယ ခရီးသွားဈေးကွက်**
ဆောင်းပါး စာမျက်နှာ » ၁၄

## တိုက်ကြီးမြို့နယ်ရှိ နွေစပါးစိုက်ကေများအတွက် တဘူးလှရေလှောင်တမံမှ ဆည်ရေများပေးဝေ

တိုက်ကြီး မတ် ၁၉

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ဥက္ကံမြို့ တဘူးလှရေလှောင်တမံမှ တဘူးလှရေလွှဲဆည်သို့ ဆည်ရေပို့လွှတ်၍ တိုက်ကြီးမြို့နယ်အတွင်းရှိ နွေစပါး စိုက်ကေများအတွက် ဆည်ရေများပေးဝေလျက်ရှိကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

တဘူးလှဆည်သည် ဥက္ကံမြို့၏ အရှေ့မြောက်ဘက် ၁၉ မိုင်ခန့်အကွာ ကုန်းပေါ်စုကျေးရွာ၏မြောက်ဘက် ဥက္ကံချောင်းပေါ်တွင် တည်ရှိသည်။ မြေသားတမံ အမျိုးအစားဖြစ်ပြီး တမံအလျား ၁၃၀၅ ပေ၊ တမံအမြင့် ၈၅ ပေ၊ ကန်ရေပြည့် ရေလှောင်ပမာဏ ဧကပေ ၁၉၄၆၀၀ ထိ သိုလှောင်ထားနိုင်ကာ ကန်ရေပြည့် ရေပြင်ကျယ်ဧရိယာ ဧက ၇၈၀၀ ကျယ်ဝန်းသည်။ ရေထုတ်ပြွန်မှာ သံကူကွန်ကရစ်အမျိုးအစားဖြစ်ပြီး အလျားပေ ၆၀၀ ရှည်လျား၍ ရေတံခါး ၆ ပေ ၄ ပေ သုံးပေါက်မှ

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆





ရန်ကုန်တိုင်းဒေသကြီးအတွင်း မိုးရာသီ၌ စိုက်ပျိုးမည့် ရိုဘက်စတာကော်ဖီပျိုးပင်များကို တွေ့ရစဉ်။

## ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်၌ ဈေးကွက်ရှိပြီးဖြစ်သည့် ရိုဘက်စတာကော်ဖီကို မြို့နယ် ခြောက်မြို့နယ်ရှိ ဧက ၁၀၀၀ တွင် စိုက်ပျိုးသွားမည်

ရန်ကုန် မတ် ၁၉

၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ပေါင်း ခြောက်မြို့နယ်၌ ဈေးကွက်ရှိပြီးဖြစ်သည့် ရိုဘက်စတာကော်ဖီကို ဧက ၁၀၀၀ တွင် တစ်ဧကလျှင် ၄၃၅ ပင်နှုန်းဖြင့် မိုးရာသီမှစတင်၍ နှစ်အလိုက်လျာထားမှုနှင့်အညီ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရိုဘက်စတာကော်ဖီမျိုးစေ့ကို မိုးရာသီတွင် စတင်စိုက်ပျိုးရန် ပျိုးထောင်ထားရှိပြီး ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် တိုက်ကြီးမြို့နယ်၌ ဧက ၂၈၀၊ လှည်းကူးမြို့နယ်၌ ဧက ၅၀၀၊ မှော်ဘီမြို့နယ်၌ ဧက ၁၀၀၊ တွံတေးမြို့နယ်၌ ဧက ၄၀၊ ကော့မှူးမြို့နယ်၌ ဧက ၆၀ နှင့် ကွမ်းခြံကုန်းမြို့နယ်၌ ဧက ၂၀ တို့ဖြင့် စုစုပေါင်း ဧက ၁၀၀၀ တွင် ကနဦး စိုက်ပျိုး၍ ၂၀၃၀-၂၀၃၁ ဘဏ္ဍာနှစ်အထိ စိုက်ပျိုးသွားမည်ဖြစ်သည်။

စာမျက်နှာ ၃ ကော်လံ ၂ သို့ ❐

ကြေးမုံ

# တန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ် လူမှုစီးပွားဘဝပိုမိုတိုးတက်မြင့်မား

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်များနှင့်အညီ ပြည်သူများလိုလားသည့် ဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းနိုင်ရန်အတွက် လွတ်လပ်၍ တရားမျှတမှုအပြည့်ရှိသော ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အပိုင်း(၃)ပိုင်းခွဲ၍ အောင်မြင်စွာကျင်းပပေးနိုင်ခဲ့သည်။ ၂၀၂၆ ခုနှစ် မတ်လ ၁၆ ရက်နေ့တွင် ပြည်သူ့လွှတ်တော်၊ မတ်လ ၁၈ ရက်နေ့တွင် အမျိုးသားလွှတ်တော်တို့ကို ခေါ်ယူကျင်းပလျက်ရှိပြီး နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ လုပ်ငန်းများအပါအဝင် လွှတ်တော်အစည်းအဝေးများကို အစီအစဉ်အတိုင်းကျင်းပလျက်ရှိရာ မကြာမီကာလအတွင်း အစိုးရအဖွဲ့သစ်ပေါ်ပေါက်လာတော့မည်ဖြစ်သည်။

ယနေ့အချိန်ကာလတွင် မြန်မာနိုင်ငံသည် ပြည်သူများလိုလားသည့် တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ တန်းတူညီမျှခြင်းဟူသည့် လောကပါလတရားများ ထွန်းကားရာ ဒီမိုကရေစီစနစ်ကိုကျင့်သုံးသည့်နိုင်ငံအဖြစ် လျှောက်လှမ်းလျက်ရှိသည်။ ဒီမိုကရေစီနိုင်ငံထူထောင်ရာတွင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ စည်းလုံးညီညွတ်ရေး၊ စည်းကမ်းလိုက်နာရေး၊ တရားဥပဒေကို လေးစားလိုက်နာကျင့်သုံးရေးနှင့် အသိဉာဏ်ပညာမြင့်မားရေးတို့ကို နိုင်ငံသားအားလုံးအနေဖြင့် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

နိုင်ငံတော်၏လုပ်ငန်းစဉ်များ အချိန်တိုအတွင်း ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် ကဏ္ဍပေါင်းစုံ၊ ဘက်ပေါင်းစုံမှ အသိပညာရှင်များ၊ အတတ်ပညာရှင်များ၊ တိုင်းရင်းသားပြည်သူများက ပေါ်ထွက်လာသည့် နိုင်ငံတော်အစိုးရသစ်နှင့်အတူ စည်းလုံးညီညွတ်စွာ တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် အဓိကကျသည့် အခြေခံလိုအပ်ချက်ဖြစ်သော ပညာရေး၊ ကျန်းမာရေး၊ တရားဥပဒေစိုးမိုးရေးနှင့်လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်စေရေး စသည့်လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ အခြေခံအကျဆုံးဖြစ်သည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME) လုပ်ငန်းများ အောင်မြင်စေရန် မဖြစ်မနေဆောင်ရွက်ရမည်ဖြစ်သည်။

ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတော်အစိုးရအနေဖြင့် အသိဉာဏ်ပညာပြည့်ဝပြီး ဗလငါးတန်နှင့်ပြည့်စုံသည့် လူ့ဘောင်အသိုက်အဝန်း ထွန်းကားရေးအတွက် KG+9 အထိ မသင်မနေရ သတ်မှတ်အကောင်အထည်ဖော်လျက်ရှိသည်။ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေရာခိုင်နှုန်းမြင့်မားရေး၊ ကျောင်းသားကျောင်းသူများကို အတန်းပညာတတ်မြောက်စေရေး၊ တန်းစဉ်ကူးပြောင်းမှုနှုန်းမြင့်မားရေးနှင့် အတန်းပညာမှ အသိပညာပြောင်းလဲတိုးတက်လာရေးကို အလေးထားဆောင်ရွက်ကြရမည်ဖြစ်သည်။ လူငယ်လူရွယ်များအား ကိုယ်ရည်ကိုယ်သွေး၊ ကိုယ်စွမ်းကိုယ်စများ မြှင့်တင်ပေးကာ ဘက်စုံထူးချွန်ထက်မြက်သော လူတော်လူကောင်းများဖြစ်လာအောင် ပြုစုပျိုးထောင်ပြီး အနာဂတ်အင်အားများဖြစ်အောင် တည်ဆောက်ကြရမည်ဖြစ်သည်။

ခေတ်အဆက်ဆက်တွင် ဖြစ်ပေါ်ခဲ့သည့် ပြည်တွင်းပဋိပက္ခများနှင့် နိုင်ငံတည်ငြိမ်အေးချမ်းမှု အားနည်းချက်များသည် သက်ဆိုင်သူများ၏ ပညာရေးအားနည်းမှုများကြောင့် ဖြစ်ပေါ်ခဲ့သည်ဟု သုံးသပ်တွေ့ရှိနိုင်သည်။ အသိပညာအားနည်းပါက အဖျက်အမှောင့်ပယောဂများ၊ သွေးထိုးလှုံ့ဆော်မှုများနှင့်ပတ်သက်၍ ဆင်ခြင်သုံးသပ်နိုင်စွမ်းအားနည်းပြီး နိုင်ငံတည်ငြိမ်အေးချမ်းရေးကို ထိခိုက်မှုများရှိနိုင်သည်။ ထို့ကြောင့် တိုင်းရင်းသားဒေသများအပါအဝင် တစ်နိုင်ငံလုံး ပညာသင်ယူမှုအခွင့်အလမ်းကွာခြားမှုမရှိစေရေး အလေးထားမြှင့်တင်ဆောင်ရွက်ပေးလျက်ရှိသည်။ လူငယ်လူရွယ်များ အကျင့်စာရိတ္တကောင်းမွန်ရေး၊ တိုင်းချစ်၊ ပြည်ချစ်စိတ်များ ကိန်းအောင်းပြီး နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်လိုစိတ်နှင့် တိုင်းပြည်၏ဂုဏ်ကို မြှင့်တင်လိုစိတ်များ ဖြစ်ပေါ်လာစေရေးအတွက် စနစ်တကျ လေ့ကျင့်ပျိုးထောင်ရန်လိုအပ်မည်ဖြစ်သည်။

မျက်မှောက်ကာလ ပထဝီနိုင်ငံရေး၊ စီးပွားရေးအရ မိမိနိုင်ငံ၏ထုတ်ကုန်များ မြင့်မားတိုးတက်ရေး အလေးထားကြိုးပမ်းဝိုင်းဝန်းဆောင်ရွက်ကြပြီး မိမိနိုင်ငံ၏ အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ကြရမည်ဖြစ်သည်။ ပြည်တွင်းကုန်ထုတ်လုပ်ငန်းများသည် စီးပွားရေးသက်သက်သာမက ဒေသအသီးသီးမှ လုပ်ငန်းအချင်းချင်း ချစ်ခင်ရင်းနှီးမှု၊ စည်းလုံးညီညွတ်မှု၊ ရိုင်းပင်းကူညီမှု၊ ရိုးရာယဉ်ကျေးမှု၊ ဗဟုသုတများဖလှယ်နိုင်မှု၊ ဈေးကွက်ချိတ်ဆက်နိုင်မှုမှတစ်ဆင့်ပြည်တွင်းထုတ်ကုန်များကို တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ခြင်းဖြင့် ပြည်ပဈေးကွက်ကို ထိုးဖောက်နိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ ရေခံမြေခံကောင်းပြီး သဘာဝအရင်းအမြစ်များ ပေါများကြွယ်ဝသည့် မြန်မာနိုင်ငံအနေဖြင့် စိုက်ပျိုးမွေးမြူရေးနှင့်ကုန်ထုတ်လုပ်ငန်းများကို မြှင့်တင်နိုင်မည်ဆိုပါက ဒေသခံပြည်သူများ ဝင်ငွေတိုးတက်ပြီး ဆင်းရဲနွမ်းပါးမှုများကို လျှော့ချနိုင်ကာ လူမှုစီးပွားဘဝများ တိုးတက်မြင့်မားလာမည်ဖြစ်၍ ဒီမိုကရေစီနိုင်ငံနှင့်ထိုက်တန်သည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍများကို အစိုးရအသစ်နှင့်အတူ လက်တွဲပူးပေါင်း မြှင့်တင်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

## ၂၀၂၆ ခုနှစ်၊ (၈၁)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေး (၃) ပါးကို ကာကွယ်စောင့်ရှောက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံမူများနှင့်အညီ ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်ယိမ်းယိုင်မသွားရေးတို့အတွက် နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍ၌ တပ်မတော်က ပါဝင်ထမ်းဆောင်ရေး။

( ခ ) နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော်အစိုးရ၊ ပြည်သူလူထုနှင့်အတူ လက်တွဲပြီး ကျရာကဏ္ဍအသီးသီးမှ ကြိုးပမ်းဆောင်ရွက်ရေး။

( ဂ ) စစ်မှန်ပြီးစည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးဆောင်ရွက်ရာတွင် ဒို့တာဝန် အရေး(၃)ပါးကို မသွေဖည်ဘဲ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ပါသဘောတူညီချက်များအပေါ် အခြေခံ၍ ဖြစ်နိုင်သမျှ အလေးထားဆောင်ရွက်ရေး။

(ဃ) တပ်မတော်ကို Standard Army ဖြစ်စေရေး တည်ဆောက်ရာတွင် လေ့လာ၊ လေ့ကျင့်၊ လိုက်နာဆိုသည့် တပ်မတော်၏ လုပ်ငန်းစဉ်နှင့်အညီ စွမ်းရည်(၃)ရပ် မြှင့်မားစေရေးနှင့် ခေတ်မီနည်းပညာများအား ထိရောက်စွာ အသုံးပြုတတ်စေရေး စဉ်ဆက်မပြတ်တိုးတက်အောင် ဆောင်ရွက်ရေး။

## အစေ့ထုတ်ပြောင်း (မိုး) စိုက်ပျိုးမည့် ဧရိယာများအတွင်း တောင်ယာခုတ်ထွင်မီးရှို့ခြင်း မပြုလုပ်ရန် အသိပေးခြင်း

၁။ ထိုင်းနိုင်ငံအနေဖြင့် နယ်စပ်ဖြတ်ကျော်မီးခိုးမြူနှင့် PM2.5 လေထုညစ်ညမ်းခြင်းကို လျှော့ချနိုင်ရန် တောင်ယာခုတ်ထွင်မီးရှို့ခြင်းမပြုလုပ်သည့် ဒေသများမှ စိုက်ပျိုးထွက်ရှိသည့် အစေ့ထုတ်ပြောင်းများကိုသာ တင်သွင်းခွင့်ပြုနေပါသဖြင့် ထိုင်းနိုင်ငံသို့ တင်ပို့မည့် အစေ့ထုတ်ပြောင်းဆံများ၏ စိုက်ပျိုးထွက်ရှိရာဒေသများတွင် တောင်ယာခုတ်ထွင်မီးရှို့ခြင်း ရှိ/မရှိအား စင်ကာပူနိုင်ငံအခြေစိုက် အာဆီယံမိုးလေဝသဌာန (ASEAN Specialized Meteorological Centre–ASMC) မှ ပေးပို့သည့် Fire Hotspot ဖြစ်ပေါ်တွေ့ရှိမှုများကို အခြေခံကာ နောက်ကြောင်းပြန်စိစစ်သည့် အစီအစဉ်များဖြင့် စနစ်တကျစိစစ်၍ မီးခိုးမြူကင်းစင်ကြောင်း ထောက်ခံချက်ထုတ်ပေးရေး လုပ်ငန်းမှတ်ပုံတင်ခြင်းဆိုင်ရာ အစိုးရ–ပုဂ္ဂလိက လုပ်ငန်းအဖွဲ့အနေဖြင့် ထောက်ခံချက်များအား ထုတ်ပေးလျက်ရှိပါသည်။

၂။ သို့ဖြစ်ပါ၍ အစေ့ထုတ်ပြောင်းစိုက်ပျိုးမည့် တောင်သူများအနေဖြင့် အစေ့ထုတ်ပြောင်း (မိုး) စိုက်ရာသီမတိုင်မီ စိုက်ပျိုးမည့်ဧရိယာများအတွင်း တောင်ယာခုတ်ထွင် မီးရှို့ခြင်းအား လုံးဝ (လုံးဝ) ဆောင်ရွက်ခြင်းမပြုရန် အသိပေးတားမြစ်အပ်ပါသည်။

**မီးခိုးမြူကင်းစင်ကြောင်း**
**ထောက်ခံချက်ထုတ်ပေးရေးလုပ်ငန်း**
**မှတ်ပုံတင်ခြင်းဆိုင်ရာ အစိုးရ–ပုဂ္ဂလိကလုပ်ငန်းအဖွဲ့**

## ၁၉ - ၃ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၇၀၀၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၉ – ၃ – ၂၀၂၆

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၅,၀၀၀ | ၁၅,၅၀၀ | ၁,၉၃၉ | ၂၉,၀၉၃,၀၀၀ |
| MTSH | ၆,၄၀၀ | ၆,၅၀၀ | ၃,၇၃၁ | ၂၄,၀၀၈,၁၀၀ |
| MCB | ၁၀,၀၀၀ | ၁၀,၀၀၀ | ၈၇ | ၈၇၀,၀၀၀ |
| FPB | ၄,၃၀၀ | ၄,၃၀၀ | ၁၉,၁၉၃ | ၈၂,၅၂၉,၉၀၀ |
| TMH | ၃,၄၀၀ | ၃,၄၀၀ | ၄၈ | ၁၆၃,၂၀၀ |
| EFR | ၁,၈၅၀ | ၁,၈၅၀ | ၁,၇၈၀ | ၃,၂၉၃,၀၀၀ |
| AMATA | ၃,၉၅၀ | ၃,၉၅၀ | ၇၇၄ | ၃,၀၅၇,၃၅၀ |
| MAEX | ၃,၈၅၀ | ၄,၀၀၀ | ၁,၈၂၅ | ၇,၁၈၂,၉၅၀ |
| MADPL(PLB) | ၃,၁၀၀ | ၃,၂၀၀ | ၄ | ၁၂,၉၀၀ |
| ASPGB(PLB) | ၃၉,၀၀၀ | ၃၉,၀၀၀ | ၈၅၁ | ၃၃,၁၈၉,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

| | | | | |
|---|---|---|---|---|
| စာတည်းမှူးချုပ် | - ဝင်းနိုင် | | အကြီးတန်း သတင်းထောက်များ | - စိုးအောင်၊ ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန် |
| စာတည်းမှူး | - အေးဝမ်းစိုး | | အငယ်တန်း သတင်းထောက်များ | - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ |
| စာတည်းများ | - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည် | | သုတေသန | - ဇင်မာဝင့် |
| | | | စာပြင် | - ခင်နှင်းယုနှင့်အဖွဲ့ |
| ဘာသာပြန် | - အောင်ကျော်ကျော်၊ စိုးသူရ | | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - နီလာစိုးနှင့်အဖွဲ့ |
| | | | အီးမေးလ်နှင့် အွန်လိုင်း | - စိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁–၂၉၂၈၃၂
မန်နေဂျာ - ၀၁–၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁–၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁–၂၉၂၈၃၀၊ ကြော်ငြာ ၀၁–၃၉၇၃၃၀၊ ဖက်စ် ၀၁–၂၀၃၃၅၁

# နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ဗိုလ်ချုပ်ကြီး မောင်မောင်အေး မွန်ပြည်နယ်နေ့အထိမ်းအမှတ် သဝဏ်လွှာဖတ်ကြားခြင်းအခမ်းအနားနှင့် ပြည်နယ်ဂုဏ်ထူးဆောင်ဆုချီးမြှင့်ခြင်းအခမ်းအနားသို့ တက်ရောက်

**နေပြည်တော် မတ် ၁၉**

၂၀၂၆ ခုနှစ် (၅၂)နှစ်မြောက် မွန်ပြည်နယ်နေ့ အထိမ်းအမှတ် သဝဏ်လွှာဖတ်ကြားခြင်း အခမ်းအနားနှင့် ပြည်နယ်ဂုဏ်ထူးဆောင်ဆုများ ချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မော်လမြိုင်မြို့ သမိန်ဗရမ်း (ဘက်စုံသုံးကွင်း)နှင့် ပြည်နယ်ခန်းမတို့၌ ကျင်းပရာ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ဗိုလ်ချုပ်ကြီး မောင်မောင်အေး တက်ရောက်ချီးမြှင့်သည်။

သဝဏ်လွှာဖတ်ကြားခြင်းအခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်အဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးမင်းနောင်၊ ဦးလှမိုး၊ ဒေါက်တာချာလီသန်း၊ ဒေါက်တာမျိုးသိန်းကျော်၊ ဒေါက်တာစိုးဝင်း၊ မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အစီအစဉ်အရ အခမ်းအနားသို့ တက်ရောက်လာကြသူများက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံနှင့်ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများနှင့် ရဲဘော်အပေါင်းတို့အား အလေးပြုကြသည်။

ထို့နောက်ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သည့် ၂၀၂၆ခုနှစ် (၅၂)မြောက်မွန်ပြည်နယ်နေ့အထိမ်းအမှတ် သဝဏ်လွှာကို နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် အဖွဲ့ဝင် ဗိုလ်ချုပ်ကြီး မောင်မောင်အေးက ဖတ်ကြားသည်။ **(အပေါ်ပုံ)**





ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက (၅၂)နှစ်မြောက် မွန်ပြည်နယ်နေ့ အထိမ်းအမှတ် နှုတ်ခွန်းဆက်စကားပြောကြား၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ ကော်မရှင်အဖွဲ့ဝင် ဗိုလ်ချုပ်ကြီးမောင်မောင်အေးနှင့်အဖွဲ့သည် မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပသည့် (၅၂)နှစ်မြောက် မွန်ပြည်နယ်နေ့အထိမ်းအမှတ် ပြည်နယ်ဂုဏ်ထူးဆောင်ဆုများ ချီးမြှင့်ခြင်း အခမ်းအနားသို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက ဂုဏ်ပြုအမှာစကားပြောကြားသည်။

ထို့နောက် ကော်မရှင်အဖွဲ့ဝင် ဗိုလ်ချုပ်ကြီးမောင်မောင်အေးနှင့် အဖွဲ့ဝင်များက ပြည်နယ်ဂုဏ်ထူးဆောင် ထူးချွန်ဆုများဖြစ်ကြသည့် စီမံခန့်ခွဲရေးထူးချွန်မှု ဂုဏ်ထူးဆောင်ဆု၊ စီးပွားရေးထူးချွန်မှု ဂုဏ်ထူးဆောင်ဆု၊ စိုက်ပျိုးရေးထူးချွန်မှု ဂုဏ်ထူးဆောင်ဆု၊ မွေးမြူရေးထူးချွန်မှု ဂုဏ်ထူးဆောင်ဆု၊ စက်မှုလက်မှုထူးချွန်မှုဂုဏ်ထူးဆောင်ဆု၊ ဝန်ဆောင်မှုထူးချွန်မှု ဂုဏ်ထူးဆောင်ဆုနှင့် လူမှုရေးထူးချွန်မှုဂုဏ်ထူးဆောင်ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ပြီး ဆုရရှိသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။



ယင်းနောက် ကော်မရှင်အဖွဲ့ဝင် ဗိုလ်ချုပ်ကြီးမောင်မောင်အေးနှင့် အဖွဲ့ဝင်များသည် မော်လမြိုင်မြို့နယ် မင်းရွာကျေးရွာရှိ တိုင်းရင်းသားယဉ်ကျေးမှုစင်တာ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ ကော်မရှင်အဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးမင်းနောင်၊ ဦးလှမိုး၊ ဒေါက်တာချာလီသန်းနှင့် ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းတို့က ဖဲကြိုးဖြတ်၍**(အောက်ဝဲပုံ)**လည်းကောင်း၊ ကော်မရှင် အဖွဲ့ဝင် ဗိုလ်ချုပ်ကြီး မောင်မောင်အေးက စင်တာမုခ်ဦးကို စက်ခလုတ်နှိပ်၍လည်းကောင်း ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ ကော်မရှင်အဖွဲ့ဝင် ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့်အဖွဲ့ဝင်များက စင်တာကမွည်းမော်ကွန်းကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းကြပြီး တက်ရောက်လာသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ စင်တာအတွင်းရှိ ကရင်၊ ဗမာ၊ မွန်၊ ပအိုဝ်း တိုင်းရင်းသား ရိုးရာနေအိမ်များနှင့် ယဉ်ကျေးမှုပြတိုက် အတွင်း လှည့်လည်ကြည့်ရှုကြသည်။

ညပိုင်းတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် အဖွဲ့ဝင် ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့်အဖွဲ့ဝင်များသည် သမိန်ဗရမ်း(ဘက်စုံသုံးကွင်း)၌ ကျင်းပသည့် မွန်ပြည်နယ်နေ့ အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ကြသည်။

အခမ်းအနားတွင် မွန်ရိုးရာယဉ်ကျေးမှုအဖွဲ့များက (၅၂)နှစ်မြောက် မွန်ပြည်နယ်နေ့ ဂုဏ်ပြုသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် ကော်မရှင်အဖွဲ့ဝင် ဗိုလ်ချုပ်ကြီးမောင်မောင်အေးသည် အခမ်းအနားသို့တက်ရောက်လာကြသူများနှင့်အတူ မွန်ပြည်နယ်နေ့ အထိမ်းအမှတ် ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ပြီး မွန်ရိုးရာယဉ်ကျေးမှုအဖွဲ့များ၏ ရိုးရာအကအလှများ၊ တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကာ ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုပန်းခြင်း ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

**☆ တိုက်ကြီးမြို့နယ်မှ**

တမံ၏အောက်ဘက် ၁၁ မိုင်ခန့်အကွာရှိ တဘူးလှရေလွှဲဆည်သို့ ဆည်ရေပို့လွှတ်လျက်ရှိသည်။

စိုက်ပျိုးရေလိုအပ်ချိန်တွင် လယ်ယာမြေများသို့ စနစ်တကျ ရောက်ရှိနိုင်ရေး ရေမြောင်းပြုပြင်ခြင်း၊ ရေအလေအလွင့်ဆုံးရှုံးမှု နည်းပါးစေရေး လိုင်နင်စီခြင်း၊ မြောင်းအတွင်း ပိတ်ဆို့နေသော ချုံနွယ်၊ အမှိုက်၊ ဒိုက်၊ သဲနုန်းများကို နွေစပါးရေပေးရာသီမတိုင်မီ ခုတ်ထွင်ရှင်းလင်းခြင်း၊ သဲနုန်းဆယ်ခြင်း၊ မြေသားမြောင်းပေါင်များ ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

တဘူးလှရေလှောင်တမံမှ ဆည်ရေသောက်ဧရိယာအတွင်းရှိ နွေစပါးစိုက်ကေများအတွက် ဆည်ရေကို ဇန်နဝါရီ ၁ ရက်မှ စတင်ပေးဝေလျက်ရှိပြီး ၂၀၂၅-၂၀၂၆ နွေစပါးရာသီတွင် နွေစပါး ၂၉၉၄၉ ဧက လျာထားခဲ့ရာ ယခုနှစ်တွင် တဘူးလှရေလှောင်တမံ၏ ဆည်ရေသောက်ဧရိယာအတွင်း နွေစပါး ၂၉၉၅၄ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**

---

**❒ ရွှေဖုံးမှ**

"ကော်ဖီဟာ ရာသီဥတုနဲ့ကိုက်ညီမှု မရှိရင် စိုက်ပျိုးလို့မရပါဘူး။ မြေနိမ့်ပိုင်းကော်ဖီမျိုးဖြစ်တဲ့အတွက် လာမယ့်မိုးရာသီမှာ ရန်ကုန်တိုင်းဒေသကြီးရဲ့ မြို့နယ်ခြောက်မြို့နယ်က ရော်ဘာ၊ သီဟိုဠ်နဲ့ မန်ကျည်းရှားစိုက်ခင်း ၄၈၇၀၇ ဧကကျော်မှာ နှစ်ရှည်သီးညှပ်သီးနှံအဖြစ် လျာထားချက်နဲ့အညီ အပင်ပေါင်း ၂၀၀၀၀ ကျော် စိုက်ပျိုးသွားမှာပါ။ ငါးနှစ်စိုက်ပျိုးဖို့ အစီအစဉ်ရှိတာကြောင့် တောင်သူတွေအတွက် ဝင်ငွေပိုရစေမယ့် သီးနှံဖြစ်တဲ့ အပြင် တိုးချဲ့စိုက်ပျိုးလိုတဲ့ တောင်သူတွေအတွက် အကျိုးစီးပွားဖြစ်ထွန်းစေမယ့် နှစ်ရှည်ပင်လည်းဖြစ်ပါတယ်"ဟု တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှကြည်က ပြောသည်။

နှစ်ရှည်သီးနှံဖြစ်ပြီး သီးညှပ်စိုက်ပျိုးသွားမည့် ရိုဘက်စတာမြေနိမ့်ကော်ဖီကို ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ တိုက်ကြီး၊ လှည်းကူး၊ မှော်ဘီ၊ တွံတေး၊ ကော့မှူးနှင့် ကွမ်းခြံကုန်းမြို့နယ်တို့ရှိ နှစ်ရှည်ပင်များကြား၌ မိုးရာသီမှစတင်၍ နှစ်အလိုက် စိုက်ပျိုးသွားမည်ဖြစ်ပြီး ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ဧက ၁၀၀၀၊ ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် ဧက ၂၅၀၀၊ ၂၀၂၈-၂၀၂၉ ဘဏ္ဍာနှစ်တွင် ဧက ၄၀၀၀၊ ၂၀၂၉-၂၀၃၀ ဘဏ္ဍာနှစ်တွင် ဧက ၅၅၀၀၊ ၂၀၃၀-၂၀၃၁ ဘဏ္ဍာနှစ်တွင် ဧက ၇၃၉၀ ဖြင့် ဧက ၂၀၃၉၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

ဈေးကွက်ရရှိထားသော ရိုဘက်စတာကော်ဖီကို ရန်ကုန်တိုင်းဒေသကြီး အတွင်း တိုးချဲ့သီးနှံတစ်ခုအနေဖြင့် စိုက်ပျိုးခြင်းဖြစ်ပြီး တောင်သူများ ကော်ဖီစိုက်ပျိုးမှု စိတ်ဝင်စားမှုများလာပါက ပျိုးပင်များကို ဆက်လက်ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း၊ ကော်ဖီပျိုးပင်ရရှိရန် ခြောက်လမှ ၁၂ လအထိ ပျိုးထောင်လေ့ရှိပြီး စတင်စိုက်ပျိုးချိန်မှ သုံးနှစ်၊ လေးနှစ်အကြာတွင် အသီးသီးကာ ခူးဆွတ်အခြောက်ခံ၍ ကော်ဖီစေ့ကို တိုက်ရိုက်ရောင်းချခြင်း၊ စက်ရုံသို့ပို့ဆောင်ရောင်းချခြင်းနှင့် ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်ရောင်းချခြင်းတို့ဖြင့် ပြည်တွင်း၊ ပြည်ပဈေးကွက်သို့ ရိုဘက်စတာကော်ဖီများ ဖြန့်ချိလျက်ရှိသည်။ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၌ ကော်ဖီခြံများ ဖြစ်ထွန်းလျက်ရှိပြီး ရန်ကုန်တိုင်းဒေသကြီး၌ လာမည့်မိုးရာသီတွင် သီးနှံအသစ်တစ်ခုအနေဖြင့် တိုးချဲ့စိုက်ပျိုးမည်ဖြစ်သည်။



ရိုဘက်စတာကော်ဖီသီးများကို တွေ့ရစဉ်။

ရိုဘက်စတာ ကော်ဖီပင်သည် ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၂၅၀၀ အောက် မြေနိမ့်ပိုင်းတွင် စိုက်ပျိုးနိုင်သောသီးနှံဖြစ်ပြီး ပိုးမွှားရောဂါဒဏ်ခံနိုင်ရည်ရှိကာ အထွက်နှုန်းကောင်းသော မျိုးစိတ်ဖြစ်သည်။ အခါးဓာတ်နှင့် ကဖိန်းဓာတ်မြင့်မားမှုကြောင့် ကမ္ဘာ့ကော်ဖီဈေးကွက်၌ လူကြိုက်များသော အမျိုးအစားဖြစ်ပြီး ကမ္ဘာ့ဝယ်လိုအား ကောင်းမွန်မှုကြောင့် ၂၀၂၆ ခုနှစ်တွင် ဝယ်လိုအား နှစ်ဆတိုးလာမည်ဟု နိုင်ငံတကာကော်ဖီဈေးကွက်မှ ကျွမ်းကျင်သူများက ခန့်မှန်းထားကြောင်း သိရသည်။

**ဥဿ၊ ဓာတ်ပုံ- ကိုလွင်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း မွန်ပြည်နယ်အတွင်းရှိ စက်ရုံ၊ အလုပ်ရုံ၊ စိုက်ကွင်း၊ စိုက်ခြံများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် မတ် ၁၉**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း သည် တာဝန်ရှိသူများနှင့် အတူ ယနေ့မွန်းလွဲပိုင်းတွင် မင်းရွာ ရော်ဘာခြံ၌ ရော်ဘာပင်များ စိုက်ပျိုးထားရှိမှု၊ အစေးလှီး ထုတ်လုပ်နေမှု အခြေအနေကို ကြည့်ရှုပြီး စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတွင် ရော်ဘာနှင့် ရော်ဘာထွက်ကုန်ပစ္စည်းများသည် မရှိမဖြစ်လိုအပ်သောကြောင့် အောင်မြင်အောင် ကြိုးစားဆောင်ရွက်ရန်၊ အထွက်နှုန်းကောင်းမွန်စေရေး အတွက် ပင်ပြည့်၊ ကွက်ပြည့် အစေးလှီးနိုင်ရေး စီမံဆောင်ရွက်ရန်နှင့် အလေအလွင့်မရှိအောင် စနစ်တကျ ကြီးကြပ်ဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။



ထို့နောက်ပြည်ထောင်စုဝန်ကြီးသည် မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ ခရိုင်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၌ အဆိုပါဌာနမှ ဝန်ထမ်းများနှင့်တွေ့ဆုံပြီး စက်မှုကြီးကြပ်ရေး ဦးစီးဌာနရှိ ဝန်ထမ်းများသည် ပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်များကို ကာကွယ်စောင့်ရှောက်နိုင်ရေး အတွက် စက်မှုလုပ်ငန်းများကို စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်နေသည့်အတွက် ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့်အညီ တိတိကျကျ လိုက်နာဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် လုပ်ငန်းတာဝန်များကို အောင်မြင်အောင် ဆောင်ရွက်နိုင်ရေး အတွက် လေ့လာသင်ယူခြင်း လုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း မှာကြားကာ ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မော်လမြိုင်စက်မှုဇုန်ရှိ ထူးစက်မှုလက်မှုလုပ်ငန်း၌ ခေတ်မီစက်ကိရိယာပစ္စည်းများ အသုံးပြု၍ စက်ခုတ်စားနေမှု၊ လက်ဆွဲကောက်စိုက်စက်များ ထုတ်လုပ်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယမန်နေ့ နံနက်ပိုင်းကလည်း ပြည်ထောင်စု ဝန်ကြီးသည် မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ ကြွေထည်ပစ္စည်းထုတ်လုပ်ရေးဌာန စက်ရုံရှင်းလင်းဆောင်ခန်းမ၌ အဆိုပါဌာနမှ တာဝန်ရှိသူများနှင့်တွေ့ဆုံရာ အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက စက်ရုံသမိုင်းအကျဉ်း၊ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှု၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးက စက်ရုံအနေဖြင့် ယခင်က ကြွေထည်ပစ္စည်း အမျိုးမျိုးကို ထုတ်လုပ်ခဲ့သည့်အတွက် စက်ရုံရှိ နည်းပညာများ တိမ်ကောပျောက်ပျက်မှုမရှိစေရေးအတွက် ဆင့်ပွားသင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ဈေးကွက်မရှိလျှင် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်၍ မရသဖြင့် ဈေးကွက်သုတေသနပြုလုပ်ပြီး ဈေးကွက် လိုအပ်ချက်အတိုင်း ထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်ထားရှိရမည်ဖြစ်ကြောင်း၊ စက်ရုံရှိ ပုံသေပိုင်ပစ္စည်းများ၊ စက်ပစ္စည်းများ ပျက်စီးမှုမရှိစေရေးအတွက် စစ်ဆေးပြုပြင်ခြင်း လုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ထားရှိရမည်ဖြစ်ကြောင်း၊ စက်ရုံရှိ ဆိပ်ကမ်း မြေနေရာကိုလည်း အကျိုးရှိထိရောက်စွာ အသုံးပြုနိုင်ရေးအတွက် တင်ဒါခေါ်ယူခြင်း၊ စိတ်ဝင်စားမှုအဆိုပြုလွှာ (EoI) ခေါ်ယူခြင်းစသည့် နည်းလမ်းများဖြင့် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားပြီး ဆိပ်ကမ်းမြေနေရာကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် အမှတ်(၄) အရက်ချက်စက်ရုံ(မော်လမြိုင်)သို့ ရောက်ရှိရာ စက်ရုံတာဝန်ခံက လုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့မှု အခြေအနေကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရေး အလေးထားဆောင်ရွက်ရန်၊ ထုတ်ကုန်ပစ္စည်းများအား သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ကိုက်ညီမှုရှိအောင် ဆောင်ရွက်ရန် မှာကြားကာ စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မော်လမြိုင်မြို့ရှိ ပြည်နယ်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၌ အဆိုပါဌာနမှ ဝန်ထမ်းများနှင့် တွေ့ဆုံရာ ဌာနတာဝန်ခံနှင့် တာဝန်ရှိသူများက ပုဂ္ဂလိကစက်မှုမှတ်ပုံတင်ခြင်းလုပ်ငန်း၊ ဘွိုင်လာစစ်ဆေးခြင်းလုပ်ငန်း၊ လျှပ်စစ်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုအခြေအနေ၊ စက်မှုဖွံ့ဖြိုးရေးဌာန၏ လုပ်ငန်းများဆောင်ရွက်နေမှုနှင့် အသေးစားနှင့်အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာပံ့ပိုးပေးမှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များ အပေါ် ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများအနေဖြင့် သက်ဆိုင်ရာဘာသာရပ်များအလိုက်ကျွမ်းကျင်ပိုင်နိုင်မှုရှိစေရေး လေ့လာသင်ယူမှုများကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားရန် မှာကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးကိုကိုကျော် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး(UNHCR)၏ မြန်မာနိုင်ငံဆိုင်ရာကိုယ်စားလှယ်နှင့် ထိုင်းနိုင်ငံခြားရေးဝန်ကြီး၏ အကြံပေးပုဂ္ဂိုလ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား သီးခြားစီ လက်ခံတွေ့ဆုံ

**နေပြည်တော် မတ် ၁၉**

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်သည် တာဝန်ပြီးဆုံး၍ မြန်မာနိုင်ငံမှ မကြာမီ ပြန်လည်ထွက်ခွာတော့မည့် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး(UNHCR) ၏ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ် Ms. Noriko Takagi နှင့် ထိုင်းနိုင်ငံခြားရေးဝန်ကြီး၏ အကြံပေးပုဂ္ဂိုလ် မစ္စတာ ကလျာဏ ဝိဖတ်သိဖွန် ပရတ်ထေ့ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့အား ယနေ့တွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ သီးခြားစီ လက်ခံတွေ့ဆုံသည်။

ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး(UNHCR)၏ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ်နှင့်တွေ့ဆုံစဉ် Ms. Noriko Takagi အနေဖြင့် ၎င်းတာဝန်ထမ်းဆောင်စဉ်ကာလအတွင်း မြန်မာနိုင်ငံနှင့် UNHCR တို့အကြား နှစ်ဖက်ပူးပေါင်းဆောင်ရွက်ခဲ့မှု အခြေအနေနှင့် UNHCR မှ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ထိုင်းနိုင်ငံခြားရေးဝန်ကြီး၏ အကြံပေးပုဂ္ဂိုလ် မစ္စတာ ကလျာဏ ဝိဖတ်သိဖွန် ပရတ်ထေ့ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်တွေ့ဆုံစဉ် မြန်မာ – ထိုင်း နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးနှင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြင့်တင်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

ထို့ပြင် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှု၊ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေး ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး အပါအဝင် ဒေသတွင်းနှင့် နိုင်ငံတကာ မျက်နှာစာများတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေး ကိစ္စရပ်များကိုလည်း ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲများသို့ ဒုတိယဝန်ကြီးနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**



ဒုတိယဝန်ကြီး ဦးကိုကိုကျော် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး(UNHCR)၏ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ် Ms. Noriko Takagi အား လက်ခံတွေ့ဆုံစဉ်။

# ကွမ်းခြံကုန်းမြို့နယ်၌ ကျေးလက်လမ်းလုပ်ငန်းများဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**ကွမ်းခြံကုန်း မတ် ၁၉**

ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)မှ အင်ဂျင်နီယာချုပ် ဦးဇော်မိုးဦး၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဒေါ်အေးမြတ်မွန်နှင့် တာဝန်ရှိသူများသည် ယမန်နေ့က ကွမ်းခြံကုန်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှလုပ်ငန်းဆောင်ရွက်နေမှုများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။



ကွမ်းခြံကုန်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၅–၂၀၂၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီး (ငွေလုံးငွေရင်း) ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ကွမ်းခြံကုန်း–ပေကုန်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး အရည်အသွေး ပြည့်မီစွာဖြင့် သတ်မှတ်ကာလအတွင်း ပြီးစီးနိုင်ရေးနှင့် လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

အဆိုပါ ကွမ်းခြံကုန်း–ပေကုန်းလမ်း အရှည်ပေ ၄၇၈၀၊ အကျယ် ၁၂ ပေ၊ ဒု ခုနစ်လက်မရှိပြီး လုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက ဒေသခံ ပြည်သူများအတွက် လူမှုစီးပွားဘဝများ ပိုမိုမြင့်မားလာမည်ဖြစ်ကြောင်း သိရသည်။

**ဆွေနွယ်(ပြန်/ဆက်)**

**❖ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာ မှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

**❖ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**







# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် စစ်တွေမြို့ ဦးရဲကျော်သူကျောင်းတိုက်ရှိ သကျမုနိသိမ်တော်ကြီးနှင့် ပင်မကျောင်းဆောင် ပြုပြင်ပြီးစီးနေမှု ကြည့်ရှုစစ်ဆေး

**စစ်တွေ မတ် ၁၉**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းသည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက စစ်တွေမြို့ ဦးရဲကျော်သူကျောင်းတိုက်ရှိ သကျမုနိသိမ်တော်ကြီးနှင့် ပင်မကျောင်းဆောင်ပြုပြင်ပြီးစီးနေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် လွှတ်တော်ကိုယ်စားလှယ်များ တွေ့ဆုံပွဲသို့ တက်ရောက်သည်။

**ကြည့်ရှုစစ်ဆေး**

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စစ်တွေမြို့ ဦးရဲကျော်သူကျောင်းတိုက်၌ သကျမုနိသိမ်တော်ကြီးရှိဘုရားကြီးအား ဖူးမြော်ကြည်ညိုကာ ပန်း၊ ရေချမ်း၊ ဆီမီးများကပ်လှူပူဇော်ကြပြီး သကျမုနိသိမ်တော်ကြီး ပြုပြင်ပြီးစီးနေမှု အခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဦးရဲကျော်သူ ကျောင်းတိုက်ဆရာတော်အား ဖူးမြော်ပြီး လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကာ ကျောင်းတိုက်နှင့် သိမ်တော်ကြီးအား ရှေးမူမပျက် ပြန်လည်ပြုပြင်ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုသည်။

ယင်းနောက် ဦးရဲကျော်သူကျောင်းတိုက်ရှိ ရှင်းလင်းဆောင်၌ စစ်တွေတပ်နယ်မှ ဆောက်လုပ်ရေးတာဝန်ခံက သကျမုနိသိမ်တော်ကြီးနှင့် ပင်မကျောင်းဆောင်အား ရှေးမူမပျက် ပြုပြင်ပြီးစီးနေမှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ တင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။



ဆက်လက်၍ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် ရခိုင်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ တွေ့ဆုံပွဲသို့ တက်ရောက်သည်။

တွေ့ဆုံပွဲတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့၊ ရခိုင်ပြည်နယ်တရားလွှတ်တော်ရုံး၊ ရခိုင်ပြည်နယ်လွှတ်တော်ရုံးအဆောက်အဦ ပြင်ဆင်ထိန်းသိမ်းရေးကော်မတီဝင် ဌာနဆိုင်ရာများနှင့် ရခိုင်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက မိတ်ဆက်ကြသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ရခိုင်ပြည်နယ် လွှတ်တော်ရုံးအဆောက်အဦပြင်ဆင်ထိန်းသိမ်းရေး ကော်မတီဥက္ကဋ္ဌ၊ ပြည်နယ်လူမှုရေးရာဝန်ကြီးက ရခိုင်ပြည်နယ်လွှတ်တော်အဆောက်အအုံအား အကြီးစားပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရခိုင်ပြည်နယ်လွှတ်တော် အဆောက်အအုံများ ဥပဓိရုပ်ကောင်းမွန်စေရေးနှင့် အမြင်တင့်တယ်စေရေးအတွက် ပြင်ဆင်ထိန်းသိမ်းရေးကော်မတီကို ဖွဲ့စည်း၍ စနစ်တကျဆောင်ရွက်ခဲ့ရာ လက်ရှိကာလတွင် လွှတ်တော်အစည်းအဝေး ကျင်းပနိုင်ရေးအတွက် ပြင်ဆင်ရေးလုပ်ငန်းများ ပြီးစီးခဲ့ပြီဖြစ်ကြောင်း၊ ထို့အတူ ရခိုင်ပြည်နယ်အစိုးရအဖွဲ့က လွှတ်တော်အစည်းအဝေးများကျင်းပရာတွင် အဆင်ပြေချောမွေ့စေရေးအတွက် 100 KVA ဆိုလာလျှပ်စစ်ဓာတ်အားပေးစနစ်အား တပ်ဆင်ပေးခဲ့ကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် မကြာမီပေါ်ထွက်လာမည့် အစိုးရအဖွဲ့အနေဖြင့် မိမိတို့တာဝန်ယူစဉ်ကာလထက် ပိုမိုသာလွန်ကောင်းမွန်အောင် ကြိုးစားဆောင်ရွက်သွားကြစေလိုကြောင်းနှင့် ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများသည် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့်အတူ ရခိုင်ပြည်နယ်အစိုးရအဖွဲ့က တည်ခင်းကျွေးမွေးသော နေ့လယ်စာကို အတူတကွ သုံးဆောင်ခဲ့ကြကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် မေတ္တာအေးရိပ်မြုံလူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ၊ လှည်းကူးခရိုင်တရားရုံးအချုပ်ခန်း၊ လှည်းကူးမြို့နယ်တရားရုံးအချုပ်ခန်းနှင့် လှည်းကူးမြို့မရဲစခန်းအချုပ်ခန်း ကြည့်ရှုစစ်ဆေး

**နေပြည်တော် မတ် ၁၉**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုးနှင့် ဒေါက်တာသန်းမြင့်တို့ ဦးဆောင်သောအဖွဲ့သည် ကော်မရှင်ဥပဒေပုဒ်မ ၄၃၊ ၄၄ ပြဋ္ဌာန်းချက်များနှင့်အညီ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်ရှိ မေတ္တာအေးရိပ်မြုံ လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာအတွင်း လက်ခံစောင့်ရှောက်၍ ပညာသင်ကြားပေးလျက်ရှိသောကလေးများအား ဂေဟာစည်းမျဉ်းစည်းကမ်းများနှင့်အညီ လက်ခံဆောင်ရွက်ပေးနေမှု၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အစားအစာနှင့် အာဟာရ စေရန် ဆောင်ရွက်ပေးနေမှု၊ ဖြည့်ဆည်းကျွေးမွေးမှု၊ သန့်ရှင်းသော သောက်ရေနှင့် သုံးရေရရှိ အိပ်ဆောင်များတွင် ကလေးများထားရှိမှု၊ အတန်းပညာ သင်ကြားပေးမှု၊ အသက်မွေးဝမ်းကျောင်းပညာ သင်ကြားပေးမှု၊ နိုင်ငံသားစိစစ်ရေးကတ် ရရှိနိုင်ရေး ဆောင်ရွက်ထားရှိမှု၊ အားကစားလှုပ်ရှား ဆောင်ရွက်နိုင်မှု၊ မိသားစုနှင့်ဆက်သွယ်ခွင့်၊ မိသားစုနှင့် ပြန်လည်ပေါင်းစည်းခွင့်နှင့် လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့် အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။




ဆက်လက်၍ ကော်မရှင်အဖွဲ့ဝင်များသည် လှည်းကူးခရိုင်တရားရုံးအချုပ်ခန်း၊ လှည်းကူးမြို့နယ် တရားရုံးအချုပ်ခန်းနှင့် လှည်းကူးမြို့မရဲစခန်းအချုပ်ခန်းတို့ကိုသွားရောက်၍ ရီမန်ကာလ၊ အချုပ်ခန်းများတွင် နေထိုင်စဉ်ကာလအတွင်း ညှဉ်းပန်းနှိပ်စက်မှုရှိ၊ မရှိ၊ မိသားစုနှင့် တွေ့ဆုံနိုင်မှု၊ တရားရုံးတွင် ရုံးထုတ်ချိန်ကာလအတွင်း စားသောက်ရေးစီစဉ်ပေးမှု၊ အချုပ်ခန်းအတွင်း မိလ္လာသုံးစွဲမှုနှင့် အချုပ်ခန်းများအတွင်း သန့်ရှင်းမှုအခြေအနေ၊ အကျိုးဆောင်ရှေ့နေများနှင့် တွေ့ဆုံခွင့်ရရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး အချုပ်သား/အချုပ်သူများနှင့် တွေ့ဆုံကာ ယင်းတို့၏ တင်ပြချက်များကို မေးမြန်းမှတ်တမ်းတင်ခဲ့သည်။

**အကြံပြုပေးပို့သွား**

အဆိုပါအဖွဲ့၏ ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို သင့်လျော်သကဲ့သို့ ဆောင်ရွက်ပေးနိုင်ရေး အတွက် သက်ဆိုင်ရာဌာနများသို့ ကော်မရှင်ဥပဒေနှင့်အညီ အကြံပြုပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

(၁၀)နှစ်ပြည့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဂုဏ်ပြုဆောင်းပါး

# ဆယ်နှစ်မှသည် အနာဂတ်ဆီ တူညီရွှေ့လှမ်း မဲခေါင်-လန်ချန်း

◇◇◇◇◇◇◇ **ရဲအုပ်ဇာနည်ထွန်း** ◇◇◇◇◇◇◇

**တိုင်းနိုင်ငံများ ပထဝီအနေအထားအရ တည်ရှိမှုသည် ထိုတိုင်းပြည်၏ ကံကြမ္မာကို ဆုံးဖြတ်ပေးသည်ဟု ဆိုရိုးစကားရှိပါသည်။ အာရှတိုက်၏ အရှေ့တောင်ဘက်ဆီသို့ အရှိန်အဟုန်ဖြင့် စီးဆင်းနေသော မဲခေါင်မြစ်ကြီးသည် ထိုကံကြမ္မာ၏ သက်သေပင်ဖြစ်ပေသည်။ တိဗက်ကုန်းပြင်မြင့်မှ မြစ်ဖျားခံလာသော ထိုမြစ်မကြီးအား တရုတ်တို့က "လန်ချန်း"ဟု အမည်ပေးကာ အားကိုးအားထားပြုခဲ့ကြသည်။**

အရှေ့တောင်အာရှ မြေပြန့်လွင်ပြင်များ ဖြစ်ကြသော မြန်မာ၊ လာအို၊ ထိုင်း၊ ကမ္ဘောဒီးယားနှင့် ဗီယက်နမ်နိုင်ငံတို့ကို ဖြတ်သန်းစီးဆင်းချိန်မှာတော့ သူ့ကို "မဲခေါင် သို့မဟုတ် မယ်ခေါင်"ဟု အမည်နာမတစ်ခု ပေးလိုက်ကြသည်။ အရှည်ကီလိုမီတာ ၄၈၀၀ ရှိသည့် မဲခေါင်မြစ်သည် သူဖြတ်သန်းစီးဆင်းရာ ကမ်းတစ်ဖက်တစ်ချက်ရှိ ဒေသတွင်းနိုင်ငံများ၏ အသက်သွေးကြောဖြစ်လာခဲ့ရသည်။ ဤမြစ်မင်းသည် မြစ်လက်တက်ခွဲပေါင်းများစွာ ခြံရံကာဖြင့် နိုင်ငံနယ်နိမိတ်များကို ကျော်ဖြတ်ကာ လူမျိုးပေါင်းစုံ၊ ယဉ်ကျေးမှုပေါင်းစုံတို့ကို ရာစုနှစ်ပေါင်းများစွာ ရှင်သန်စေခဲ့သည်။

သို့သော် ခေတ်သစ်ကမ္ဘာ၏ စိန်ခေါ်မှုများဖြစ်သော စီးပွားရေးကွာဟမှု၊ အရင်းအမြစ်ခွဲဝေမှုနှင့် နည်းပညာလိုအပ်ချက်များကို တစ်နိုင်ငံချင်းစီ ရင်ဆိုင်ရန်မှာ မလွယ်ကူလှပေ။ ဤလိုအပ်ချက်များကို ဖြည့်ဆည်းရန်အတွက် ၂၀၁၆ ခုနှစ်တွင် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု(MLC)ဟူသော သမိုင်းဝင်ယန္တရားကြီးတစ်ခု ပေါ်ပေါက်လာခဲ့သည်။ ဤပေါ်ပေါက်မှုသည် သာမန်သံတမန်ရေးရာ ဆုံရပ်တစ်ခုမျှသာမဟုတ်ဘဲ "မြစ်ရေတစ်စင်းတည်းကို အတူသောက်ကြသူများ"ဟူသော နွေးထွေးသည့် စိတ်ဓာတ်ဖြင့် အနာဂတ်ကို အတူတကွပုံဖော်ရန် ကတိကဝတ်ပြုခဲ့ကြခြင်းဖြစ်သည်။

ထိုပူးပေါင်းဆောင်ရွက်မှုသည် ၁၀ နှစ်ပြည့်ခဲ့လေပြီ။ ပူးပေါင်းဆောင်ရွက်မှု ၁၀ နှစ်အတွင်း MLC သည် ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှု၏ မယုံနိုင်စရာ စံနမူနာသစ်တစ်ခု ဖြစ်လာခဲ့သည်။ "တူညီသော မြစ်ရေ တူညီသောကံကြမ္မာ"ဟူသော ဆောင်ပုဒ်သည် စာသားတစ်ခုအဖြစ်မှ လက်တွေ့ကျသော အေးအတူပူအမျှ လူမှုအသိုက်အဝန်းတစ်ခုသို့ ကူးပြောင်းနိုင်ခဲ့သည်။ မြစ်ဖျားခံရာဒေသမှ မြစ်ဝကျွန်းပေါ်ဒေသအထိ တည်ရှိနေကြသော အဖွဲ့ဝင် ခြောက်နိုင်ငံလုံးသည် ကိုယ်ကျိုးစီးပွားထက် ဒေသတွင်း တည်ငြိမ်သာယာရေးကို ရှေ့တန်းတင်ကာ ရွှေရောင်ဆယ်စုနှစ်တစ်ခုဆီသို့ အတူတကွ ချီတက်လျက်ရှိနေပြီဖြစ်ပါသည်။

**အရှိန်အဟုန်နှင့် လက်တွေ့ကျခြင်းဟူသော**
**ဝိသေသနှစ်ခုဖြင့်**
**ဒေသတွင်းကိုပြောင်းလဲစေ**

လွန်ခဲ့သော ၁၀ နှစ်တာကာလကို ပြန်လည်ကြည့်ရှုလျှင် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု (MLC)သည် အရှိန်အဟုန်နှင့် လက်တွေ့ကျခြင်းဟူသော ဝိသေသနှစ်ခုဖြင့် ဒေသတွင်းကို ပြောင်းလဲစေခဲ့သည်ကို တွေ့ရမည်ဖြစ်သည်။ MLC သည် အခြားသော ဒေသတွင်းအဖွဲ့အစည်းများနှင့်မတူ၊ စီမံကိန်းအခြေပြုပူးပေါင်းဆောင်ရွက်မှုကို အဓိကထားသောကြောင့် စာရွက်ပေါ်တွင်သာရှိသော သဘောတူညီချက်များမဟုတ်ဘဲ မြေပြင်တွင် အမှန်တကယ် ပွင့်လင်းသော အသီးအပွင့်များကို ခံစားရခြင်းဖြစ်သည်။

ပထမဦးစွာ စီးပွားရေးနှင့် ကုန်သွယ်မှုကဏ္ဍတွင် MLC သည် အဖွဲ့ဝင်နိုင်ငံများအကြား ကုန်သွယ်မှုပမာဏကို နှစ်စဉ် ဒေါ်လာဘီလီယံပေါင်းများစွာ အထိ တိုးတက်စေခဲ့သည်။ အထူးရန်ပုံငွေကိုအသုံးပြု၍ စိုက်ပျိုးရေးထွက်ကုန်များကို ဈေးကွက်သို့ တိုက်ရိုက်ပို့ဆောင်နိုင်သည့် နည်းပညာများနှင့် အအေးခန်းသိုလှောင်ရုံ စီမံကိန်းများကို ဖော်ဆောင်နိုင်ခဲ့သည်။ ဤသည်မှာ ဒေသတွင်းရှိ လယ်သမားများနှင့် လုပ်ငန်းရှင်ငယ်များအတွက် အိပ်မက်ကို လက်တွေ့အကောင်အထည်ဖော်ပေးခဲ့ခြင်းပင်ဖြစ်သည်။

ဒုတိယအနေဖြင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးမှုသည် ဤဆယ်စုနှစ်၏ အကြီးမားဆုံးအောင်မြင်မှုတစ်ခုဖြစ်သည်။ MLC အစီအစဉ်ဖြင့် ဒေသတွင်းက ကျောင်းသား ကျောင်းသူများနှင့် ပညာရှင်ပေါင်းသောင်းနှင့်ချီ၍ ပညာသင်ဆုများ၊ အသက်မွေးဝမ်းကျောင်းသင်တန်းများနှင့် နည်းပညာဖလှယ်မှု အစီအစဉ်များကို ရရှိခဲ့ကြသည်။ ဤသည်မှာ ရုပ်ဝတ္ထုများ တည်ဆောက်ရုံသာမက အနာဂတ်ကို တည်ဆောက်မည့် လူသားများကိုပါ ပျိုးထောင်ပေးလိုက်ခြင်းဖြစ်သည်။

ထို့အပြင် ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုသည်လည်း သိသိသာသာ အားကောင်းလာခဲ့သည်။ ယဉ်ကျေးမှုပွဲတော်များ၊ မီဒီယာဖလှယ်မှုများနှင့် ခရီးသွားလာရေးကဏ္ဍများ မြှင့်တင်ပေးခြင်းဖြင့် မဲခေါင်-လန်ချန်းမိသားစုဝင်များအကြား အပြန်အလှန်နားလည်ယုံကြည်မှုကို တည်ဆောက်နိုင်ခဲ့သည်။ ၁၀ နှစ်တာခရီးအတွင်း MLC သည် ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှုကွာဟချက်ကို လျှော့ချပေးနိုင်သည့် အားအကောင်းဆုံးသော ဖွံ့ဖြိုးမှုအင်ဂျင်တစ်ခုအဖြစ် ကမ္ဘာ့မျက်နှာစာတွင် ဝင့်ကြွားစွာ ရပ်တည်နိုင်ခဲ့ပြီဖြစ်သည်။

> **❛ ပူးပေါင်းဆောင်ရွက်မှု ၁၀ နှစ်အတွင်း MLC သည် ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှု၏ မယုံနိုင်စရာ စံနမူနာသစ်တစ်ခု ဖြစ်လာခဲ့သည်။ "တူညီသော မြစ်ရေ တူညီသောကံကြမ္မာ" ဟူသောဆောင်ပုဒ်သည် စာသားတစ်ခုအဖြစ်မှ လက်တွေ့ကျသော အေးအတူပူအမျှ လူမှုအသိုက်အဝန်းတစ်ခုသို့ ကူးပြောင်းနိုင်ခဲ့သည်။ မြစ်ဖျားခံရာဒေသမှ မြစ်ဝကျွန်းပေါ်ဒေသအထိ တည်ရှိနေကြသော အဖွဲ့ဝင် ခြောက်နိုင်ငံလုံးသည် ကိုယ်ကျိုးစီးပွားထက် ဒေသတွင်း တည်ငြိမ်သာယာရေးကို ရှေ့တန်းတင်ကာ ရွှေရောင်ဆယ်စုနှစ်တစ်ခုဆီသို့ အတူတကွ ချီတက်လျက်ရှိနေပြီ ❜**

**MLC ၏ အောင်မြင်မှုသမိုင်းကြောင်း**

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု (MLC) ၏ အောင်မြင်မှုသမိုင်းကြောင်းကို ပြန်လှန်ကြည့်လျှင် မြန်မာနိုင်ငံက ဝတ်ကျေတမ်းကျေ ပါဝင်ခဲ့ခြင်းမဟုတ်ဘဲ ရှေ့တန်းမှ တက်ကြွစွာပါဝင်သူအဖြစ် ရပ်တည်ခဲ့သည်ကို ထင်ရှားစွာ တွေ့မြင်ရမည်ဖြစ်သည်။ မြန်မာနိုင်ငံသည် ပထဝီအနေအထားအရ အရှေ့တောင်အာရှနှင့် တောင်အာရှကို ဆက်သွယ်ပေးထားသည့် တံခါးပေါက်ဖြစ်သလို MLC မိသားစု၏ အရေးပါသော အဖွဲ့ဝင်တစ်ဦးအနေဖြင့် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှု ယန္တရားများကို ခိုင်မာစေရန် အစဉ်တစိုက်ကြိုးပမ်းခဲ့သည်။

မြန်မာနိုင်ငံ၏ပါဝင်မှုတွင် အထင်ရှားဆုံးသော မှတ်တိုင်မှာ အလှည့်ကျပူးတွဲဥက္ကဋ္ဌတာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ခြင်းပင် ဖြစ်သည်။ တရုတ်နိုင်ငံနှင့်အတူ ပူးတွဲဥက္ကဋ္ဌအဖြစ် ဆောင်ရွက်စဉ်အတွင်း မြန်မာနိုင်ငံသည် ရလဒ်ကိုအခြေခံသော ပူးပေါင်းဆောင်ရွက်မှုဖြစ်ပေါ်လာစေရန် ဦးဆောင်နိုင်ခဲ့သည်။ နိုင်ငံတကာဆက်ဆံရေးနယ်ပယ်တွင် မြန်မာနိုင်ငံသည် MLC ၏ အခြေခံမူများဖြစ်သည့် အပြန်အလှန်လေးစားမှု၊ တန်းတူညီမျှမှုနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုတို့ကို လက်ကိုင်စွဲကာ အဖွဲ့ဝင်နိုင်ငံများအကြား နားလည်မှုပိုမိုခိုင်မာစေရန် ပေါင်းကူးတံတားသဖွယ် ဆောင်ရွက်နိုင်ခဲ့သည်။

ထို့အပြင် မြန်မာနိုင်ငံသည် MLC ၏ လုပ်ငန်းကဏ္ဍ ငါးခုလုံးတွင် ကော်မတီအဆင့်ဆင့်၊ အစည်းအဝေးအဆင့်ဆင့်၌ တက်ကြွစွာ ပါဝင်ဆွေးနွေးပြီး မိမိနိုင်ငံ၏ အကျိုးစီးပွားသာမက ဒေသတွင်းတစ်ခုလုံး၏ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးရေးအတွက် အပြုသဘောဆောင်သော အကြံပြုချက်များကိုလည်း အစဉ်တစိုက်တင်ပြခဲ့သည်။ အထူးသဖြင့် နယ်စပ်ဖြတ်ကျော်ရာဇဝတ်မှုများ တိုက်ဖျက်ရေး၊ မူးယစ်ဆေးဝါးထိန်းချုပ်ရေးနှင့် လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများတွင် မြန်မာနိုင်ငံ၏ပါဝင်မှုသည် ဒေသတွင်းငြိမ်းချမ်းရေးအတွက် မရှိမဖြစ်လိုအပ်သော မဏ္ဍိုင်တစ်ခုဖြစ်ခဲ့သည်။

ယင်းသို့ တက်ကြွစွာပါဝင်ဆောင်ရွက်ခြင်းသည် မြန်မာနိုင်ငံအား နိုင်ငံတကာမျက်နှာစာတွင် နိုင်ငံ၏ အခန်းကဏ္ဍ မြင့်မားလာစေရုံသာမက MLC ၏ အားကိုးထိုက်သော ခိုင်မာသည့် ဒေသတွင်း ယန္တရားတစ်ခုဖြစ်လာစေရန်အတွက် တွန်းအားပင်ဖြစ်သည်။

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု၏ ထူးခြားချက်မှာ စကားလုံးများထက် လုပ်ရပ်များကို ပိုမိုဦးစားပေးခြင်းဖြစ်သည်။ မြန်မာနိုင်ငံအတွက် MLC သည် အဝေးကလှမ်းကြည့်ရုံသာရှိသည့် မူဝါဒတစ်ခုမဟုတ်ဘဲ မြေပြင်တွင် အမှန်တကယ် အသက်ဝင်နေသည့် စီမံကိန်းများအဖြစ် တည်ရှိနေသည်။ MLC အထူးရန်ပုံငွေကိုအသုံးပြု၍ မြန်မာနိုင်ငံတစ်ဝန်းတွင် စီမံကိန်းပေါင်း ၉၀ ကျော်ကို အကောင်အထည်ဖော်နိုင်ခဲ့ခြင်းမှာ ဤပူးပေါင်းဆောင်ရွက်မှု၏ ခိုင်မာသောသက်သေပင်ဖြစ်သည်။

စိုက်ပျိုးရေးကဏ္ဍတွင် မဲခေါင်-လန်ချန်း စိုက်ပျိုးရေးနှင့် နည်းပညာစင်တာများ တည်ထောင်ခြင်း၊ အရည်အသွေးမြင့် မျိုးစေ့များထုတ်လုပ်ခြင်းနှင့် ခေတ်မီစိုက်ပျိုးရေးနည်းစနစ်များကို တောင်သူများ လက်ဝယ်သို့ ဖြန့်ဝေပေးနိုင်ခဲ့ခြင်းတို့ကြောင့် ကျေးလက်စီးပွားရေးကဏ္ဍကိုလည်း မြှင့်တင်ပေးနိုင်ခဲ့သည်။ ထို့ပြင် မွေးမြူရေးလုပ်ငန်းများတွင် ရောဂါထိန်းချုပ်ခြင်းနှင့် ထုတ်ကုန်အရည်အသွေး မြှင့်တင်ခြင်း စီမံကိန်းများကြောင့် မြန်မာ့လယ်ယာထွက်ကုန်များကို ပြည်ပဈေးကွက်သို့ ထိုးဖောက်နိုင်ရန် လမ်းစဖွင့်ပေးခဲ့သည်။

ပညာရေးနှင့် လူမှုဘဝမြှင့်တင်ရေးအပိုင်းတွင်လည်း MLC သည် အားကိုးထိုက်သော အင်အားတစ်ခုဖြစ်ခဲ့သည်။ ဝေးလံခေါင်ဖျားသောဒေသများရှိ စာသင်ကျောင်းများတွင် ဆိုလာစနစ်ဖြင့် လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်ပေးခြင်း၊ အသက်မွေးမှု အတတ်ပညာသင်တန်းကျောင်းများကို အဆင့်မြှင့်တင်ပေးခြင်းနှင့် နည်းပညာတက္ကသိုလ်များတွင် သုတေသနလုပ်ငန်းများကို ပံ့ပိုးပေးခြင်းတို့သည် နိုင်ငံတော် တည်ဆောက်ရေးအတွက် လိုအပ်သော လူသားအရင်းအမြစ်များကို ပျိုးထောင်ပေးခြင်းပင်ဖြစ်သည်။

အထူးသဖြင့် ကျန်းမာရေးကဏ္ဍတွင် MLC သည် ကပ်ရောဂါကာလအတွင်း ကာကွယ်ဆေးများနှင့် ဆေးဘက်ဆိုင်ရာပစ္စည်းများ ပံ့ပိုးပေးရုံသာမက ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေး စင်တာများကိုပါ ကူညီတည်ဆောက်ပေးခဲ့သည်။ ဤစီမံကိန်းများသည် မြို့ပြ၌သာမက ကျေးလက်နေပြည်သူများ၏ တစ်နေ့တာလူမှုဘဝများထဲအထိ ရောက်ရှိသွားကာ မဲခေါင်-လန်ချန်း မိသားစုစိတ်ဓာတ်ကို မြန်မာပြည်သူတို့၏ နှလုံးသားထဲတွင် လက်တွေ့ကျကျစိုက်ပျိုးပေးနိုင်ခဲ့ပါသည်။

**ချိတ်ဆက်မှုသည်**
**ဖွံ့ဖြိုးတိုးတက်မှု၏သော့ချက်ဖြစ်**

ခေတ်သစ်စီးပွားရေးကဏ္ဍတွင် ချိတ်ဆက်မှုသည် ဖွံ့ဖြိုးတိုးတက်မှု၏ သော့ချက်ဖြစ်သည်။ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုသည် မြန်မာနိုင်ငံအပါအဝင် အဖွဲ့ဝင်နိုင်ငံများအကြား ကုန်စည်နှင့် ဝန်ဆောင်မှုများ ချောမွေ့စွာ စီးဆင်းနိုင်ရန် မဲခေါင်-လန်ချန်း စီးပွားရေးစင်္ကြံကို ဖော်ဆောင်လျက်ရှိသည်။ ဤစီမံကိန်းသည် ရုပ်ပြလမ်းပန်းဆက်သွယ်ရေးသာမကဘဲ စည်းမျဉ်းစည်းကမ်းဆိုင်ရာ ချိတ်ဆက်မှုများကိုပါ တစ်ပါတည်း တည်ဆောက်ပေးခြင်းဖြစ်သည်။ မြန်မာနိုင်ငံသည် ဤစီးပွားရေးစင်္ကြံ၏ မဟာဗျူဟာမြောက် ဗဟိုချက်တွင်တည်ရှိသည်။ MLC အစီအစဉ်အောက်ရှိ လမ်းတံတားနှင့် အခြေခံအဆောက်အအုံစီမံကိန်းများသည် နယ်စပ်ဒေသများကို ဗဟိုစီးပွားရေးဇုန်များနှင့် ချိတ်ဆက်ပေးကာ ကုန်သွယ်မှုကုန်ကျစရိတ်ကို လျှော့ချပေးသည်။ အထူးသဖြင့် တရုတ်နိုင်ငံ၏ ပတ်လမ်းကြောင်းတစ်ခုနှင့် ဟန်ချက်ညီညီ ပေါင်းစပ်ထားခြင်းကြောင့် မြန်မာ့ထွက်ကုန်များသည် ဒေသတွင်းဈေးကွက်သာမက ကမ္ဘာ့ဈေးကွက်သို့ပါ ပိုမိုမြန်ဆန်စွာရောက်ရှိနိုင်သည့် အလားအလာများ ပွင့်လန်းလာခဲ့သည်။

ထို့အပြင် ဒစ်ဂျစ်တယ်ချိတ်ဆက်မှုကိုလည်း တစ်ပြိုင်တည်း မြှင့်တင်လျက်ရှိသည်။ နယ်စပ်ဖြတ်ကျော် အီးကောမာ့စ်နှင့် ခေတ်မီအကောက်ခွန်စနစ်များကို အကောင်အထည်ဖော်ခြင်းဖြင့် ကုန်သွယ်ရေးလုပ်ငန်းစဉ်များကို ပိုမိုမြန်ဆန်စိတ်ချရစေသည်။ ဤစီးပွားရေးစင်္ကြံသည် မြို့ပြနှင့် ကျေးလက်ကြား၊ နိုင်ငံတစ်ခုနှင့်တစ်ခုကြား ကွာဟချက်များကို ပေါင်းကူးပေးကာ ဒေသတွင်းရှိ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် အားကိုးထိုက်သော ကွန်ရက်ကြီးတစ်ခုဖြစ်လာခဲ့သည်။

**စာမျက်နှာ ၇ သို့** ❋

**✳ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု၏ ဒုတိယဆယ်စုနှစ်သို့ ခြေလှမ်းလှမ်းရာတွင် လျစ်လျူရှု၍မရသောကဏ္ဍမှာ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေးဖြစ်**

**✳ မြန်မာနိုင်ငံအတွက်မူ ဒစ်ဂျစ်တယ်စီးပွားရေးသည် ပထဝီဝင်နှင့် အခြေခံအဆောက်အအုံဆိုင်ရာ အကန့်အသတ်များကို ကျော်လွှားနိုင်မည့် ဖြတ်လမ်းတစ်ခုဖြစ်သည်။ MLC အနေဖြင့် မြန်မာနိုင်ငံတွင် ကျယ်ပြန့်သော 5G ကွန်ရက်များ တည်ဆောက်ခြင်း၊ နည်းပညာမြင့်ဒေတာစင်တာများ ထူထောင်ခြင်းနှင့် အီလက်ထရောနစ် ငွေပေးချေမှုစနစ်များ အပြန်အလှန်ချိတ်ဆက်ခြင်းတို့ကို ပံ့ပိုးပေးသင့်သည်။ ဤသည်မှာ နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှုများကို ပိုမိုမြန်ဆန်စေရုံသာမက ဝေးလံခေါင်ဖျားဒေသရှိ လူငယ်များအတွက် ဆန်းသစ်တီထွင်မှုဆိုင်ရာ အခွင့်အလမ်းသစ်များကို ဖန်တီးပေးမည်**

✳ စာမျက်နှာ ၆ မှ

ယင်းကဲ့သို့ ချိတ်ဆက်မှုများ အားကောင်းလာခြင်းကြောင့် မြန်မာနိုင်ငံသည် ကုန်ထုတ်လုပ်မှုအခြေခံသည့် စီးပွားရေးစနစ်မှသည် ဝန်ဆောင်မှုနှင့် ကုန်သွယ်ရေးဗဟိုပြုသည့် စီးပွားရေးစနစ်သို့ ကူးပြောင်းနိုင်ရန် ခိုင်မာသောခြေလှမ်းများကို လှမ်းနိုင်ခဲ့ခြင်းပင် ဖြစ်သည်။

မဲခေါင်မြစ်သည် ဒေသတွင်းနိုင်ငံများအတွက် စီးပွားရေးအရင်းအမြစ်တစ်ခုမျှသာ မဟုတ်ဘဲ သက်ရှိထင်ရှားရှိနေသော သဘာဝအမွေအနှစ်တစ်ခုလည်းဖြစ်သည်။ ထို့ကြောင့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု၏ အဓိကမဏ္ဍိုင်တစ်ခုမှာ ရေအရင်းအမြစ်စီမံခန့်ခွဲမှုဖြစ်သည်။ မြစ်အထက်ပိုင်းနှင့် အောက်ပိုင်းနိုင်ငံများအကြား ရေကို တရားမျှတစွာခွဲဝေသုံးစွဲနိုင်ရေးနှင့် ဂေဟစနစ်ထိန်းသိမ်းရေးသည် MLC ၏ အလေးအနက်ထားရမည့် တာဝန်တစ်ခု ဖြစ်လာခဲ့သည်။

**ရေအရင်းအမြစ်ဆိုင်ရာ အချက်အလက်များကို ပွင့်လင်းမြင်သာစွာ မျှဝေနိုင်ခဲ့**

ပြီးခဲ့သောဆယ်စုနှစ်အတွင်း MLC သည် ရေအရင်းအမြစ် ပူးပေါင်းဆောင်ရွက်ရေးစင်တာကို တည်ထောင်ကာ အဖွဲ့ဝင်နိုင်ငံများအကြား ရေအရင်းအမြစ်ဆိုင်ရာ အချက်အလက်များကို ပွင့်လင်းမြင်သာစွာ မျှဝေနိုင်ခဲ့သည်။ အထူးသဖြင့် ရာသီဥတုဖောက်ပြန်မှုကြောင့် ဖြစ်ပေါ်လာသည့် ရေကြီးရေလျှံမှုနှင့် မိုးခေါင်ရေရှားမှု ဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်ရန် စောစီးစွာ သတိပေးစနစ်ကို ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ခြင်းမှာ မြန်မာနိုင်ငံကဲ့သို့ စိုက်ပျိုးရေးနိုင်ငံများအတွက် များစွာတန်ဖိုးရှိလှသည်။

မြန်မာနိုင်ငံသည် ဤပူးပေါင်းဆောင်ရွက်မှုအောက်တွင် မြစ်ချောင်းများထိန်းသိမ်းရေး၊ ရေထုညစ်ညမ်းမှုကာကွယ်ရေးနှင့် ဇီဝမျိုးစုံ၊ မျိုးကွဲများကာကွယ်စောင့်ရှောက်ရေး စီမံကိန်းများကို တက်ကြွစွာပါဝင်ဆောင်ရွက်လျက်ရှိသည်။ မဲခေါင်မြစ်ဝှမ်းတစ်လျှောက်ရှိ ငါးသယံဇာတများ ရေရှည်တည်တံ့စေရန်နှင့် မြစ်ကြောင်းတစ်လျှောက်နေထိုင်ကြသော ပြည်သူများ၏ သဘာဝပတ်ဝန်းကျင်လုံခြုံမှုရှိစေရန်အတွက် နည်းပညာဖလှယ်မှုများကိုလည်း ပြုလုပ်ခဲ့သည်။

ယင်းကဲ့သို့ ဆောင်ရွက်ခြင်းသည် ယနေ့မျိုးဆက်အတွက်သာမက နောင်လာနောက်သားများအတွက်ပါ မဲခေါင်မြစ်ကြီးကို အမွေပေးနိုင်ရန် ကြိုးပမ်းခြင်းဖြစ်သည်။ စိမ်းလန်းသော မဲခေါင်-လန်ချန်း ရည်ရွယ်ချက်ဖြင့် သဘာဝပတ်ဝန်းကျင်နှင့် ဖွံ့ဖြိုးတိုးတက်မှုကို ဟန်ချက်ညီအောင် ထိန်းညှိခြင်းသည် MLC ၏ အနှစ်သာရတစ်ခုပင်ဖြစ်သည်။

ဆယ်စုနှစ်တစ်ခု၏ အောင်မြင်မှုများကို ဂုဏ်ယူဝင့်ကြွားစွာ ကြည့်ရှုနေစဉ်မှာပင် ကျွန်ုပ်တို့သည် ရှေ့ဆက်ရမည့်ခရီးစဉ်တွင် ရှိနေသော အတားအဆီးများကို မျက်ကွယ်ပြု၍မရနိုင်ပါ။ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု (MLC) သည် ယခုအခါတွင် အရှိန်အဟုန်ပြင်းစွာ မောင်းနှင်နေသော ယန္တရားတစ်ခုဖြစ်သော်လည်း ပြောင်းလဲလာသော ကမ္ဘာ့ဘဏ္ဍာရေးအခြေအနေ၊ ပထဝီနိုင်ငံရေးတင်းမာမှုများနှင့် ရာသီဥတုဖောက်ပြန်မှုများက စိန်ခေါ်မှုအသစ်များကို ဖြစ်ပေါ်စေခဲ့သည်။

ပထမဦးစွာ စီးပွားရေးပြန်လည်ကုစားမှုသည် အဓိကစိန်ခေါ်မှုတစ်ခုဖြစ်သည်။ ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါအပြီးတွင် ဖြစ်ပေါ်လာသော ငွေကြေးဖောင်းပွမှုနှင့် ကုန်သွယ်ရေးလမ်းကြောင်းများ ပြတ်တောက်မှုသည် အဖွဲ့ဝင်နိုင်ငံများ၏ ဖွံ့ဖြိုးမှုနှုန်းကို အနည်းငယ်နှေးကွေးစေခဲ့သည်။ ဤအတားအဆီးကို ကျော်လွှားရန်အတွက် MLC အနေဖြင့် ယခင်ကထက် ပိုမိုခိုင်မာသော ဘဏ္ဍာရေး ပူးပေါင်းဆောင်ရွက်မှုနှင့် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး လုပ်ငန်းစဉ်များကို ဖော်ဆောင်ရမည်ဖြစ်သည်။

နောက်ဆုံးအနေဖြင့် လုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများဖြစ်သော နယ်စပ်ဖြတ်ကျော် ရာဇဝတ်မှုများ၊ ဆိုက်ဘာလိမ်လည်မှုများနှင့် မူးယစ်ဆေးဝါးကုန်သွယ်မှုများသည် ဒေသတွင်းတည်ငြိမ်ရေးကို ခြိမ်းခြောက်လျက်ရှိသည်။ ဤစိန်ခေါ်မှုများသည် နိုင်ငံတစ်ခုတည်း၏ အားထုတ်မှုဖြင့် မလုံလောက်ဘဲ MLC မိသားစုဝင်များအားလုံး၏ စုပေါင်းအင်အား၊ သတင်းအချက်အလက်မျှဝေမှုနှင့် ဥပဒေစိုးမိုးရေးဆိုင်ရာ တင်းကျပ်သော ပူးပေါင်းဆောင်ရွက်မှုများဖြင့်သာ အောင်မြင်စွာ တွန်းလှန်နိုင်မည်ဖြစ်သည်။

ရှေ့ဆက်ရမည့်ခရီးသည် ပိုမိုနက်ရှိုင်းသော ပူးပေါင်းဆောင်ရွက်မှုနှင့် ခိုင်မာသောယုံကြည်မှုတို့ကို တောင်းဆိုနေပေသည်။ စိန်ခေါ်မှုများကို အခွင့်အလမ်းအဖြစ် ပြောင်းလဲနိုင်ခြင်းသည်သာ MLC ၏ နောက်ထပ်ဆယ်စုနှစ်အတွက် အောင်မြင်သော သော့ချက်ဖြစ်ပေလိမ့်မည်။

**မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုကို မျက်ခြည်မပြတ်ဘဲ ဆောင်ရွက်**

မြန်မာနိုင်ငံအနေဖြင့်လည်း လက်ရှိရင်ဆိုင်နေရသော ပြည်တွင်းနိုင်ငံရေးအကျပ်အတည်းများနှင့် နှံနယ်သော အသွင်ကူးပြောင်းရေးကာလသည် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများအတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်စေခဲ့သည်မှာ အမှန်ပင်ဖြစ်သည်။ ထိုကဲ့သို့ ခက်ခဲသည့်အခြေအနေများကြားကပင် မြန်မာ့ခေါင်းဆောင်များသည် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုကို မျက်ခြည်မပြတ်ဘဲ ဆောင်ရွက်လျက်ရှိပေသည်။

မြန်မာနိုင်ငံ၏ ခေါင်းဆောင်ပိုင်းသည် MLC ကို နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မရှိမဖြစ်လိုအပ်သော မဟာဗျူဟာမြောက် မဏ္ဍိုင်တစ်ခုအဖြစ် ရှုမြင်ကြသည်။ ထို့ကြောင့် ပြည်တွင်းရေးအခက်အခဲများ ရှိနေလင့်ကစား ဒေသတွင်းတည်ငြိမ်ရေးနှင့် စီးပွားရေးပြန်လည်နိုးထစေရန်အတွက် MLC အစည်းအဝေးများ၊ ထိပ်သီးဆွေးနွေးပွဲများနှင့် စီမံကိန်းအကောင်အထည်ဖော်မှုများတွင် ရပ်တန့်သွားခြင်းမရှိဘဲ တက်ကြွစွာ ပါဝင်လျက်ရှိသည်။ ဤသည်မှာ နိုင်ငံရေးအခြေအနေ မည်သို့ပင်ရှိစေကာမူ အိမ်နီးချင်းနိုင်ငံများနှင့်လက်တွဲ၍ ဒေသတွင်းအကျိုးစီးပွားကို ရှေ့တန်းတင်လိုသည့် မြန်မာနိုင်ငံ၏ ခိုင်မာသည့် သံတမန်ရေးရာရပ်တည်ချက်ကို ပြသနေခြင်းပင် ဖြစ်ပေသည်။

ထို့အပြင် ဘေးကင်းလုံခြုံသော မဲခေါင်ဒေသဖြစ်ပေါ်လာစေရန်အတွက် နယ်စပ်ဖြတ်ကျော်ရာဇဝတ်မှုများ တိုက်ဖျက်ရေးနှင့် ဆိုက်ဘာလိမ်လည်မှု နှိမ်နင်းရေးတို့တွင် မြန်မာနိုင်ငံသည် တရုတ်နိုင်ငံအပါအဝင် အခြားအဖွဲ့ဝင်နိုင်ငံများနှင့် ပူးပေါင်းကာ အရှိန်အဟုန်မြှင့် လုပ်ဆောင်လျက်ရှိပါသည်။ ခေါင်းဆောင်များ၏ ဤကဲ့သို့ မျက်ခြည်မပြတ် အားစိုက်ဆောင်ရွက်မှုကြောင့်သာ MLC စီမံကိန်းများသည် မြန်မာ့မြေပေါ်တွင် ဆက်လက်အသက်ဝင်နေပြီး ပြည်သူများအတွက် လိုအပ်သော နည်းပညာ၊ အရင်းအနှီးနှင့် အလုပ်အကိုင် အခွင့်အလမ်းများကို ဆက်လက်ဖော်ဆောင်ပေးနိုင်ခြင်းဖြစ်သည်။

**ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေး**

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု၏ ဒုတိယဆယ်စုနှစ်သို့ ခြေလှမ်း လှမ်းရာတွင် လျစ်လျူရှု၍မရသောကဏ္ဍမှာ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေးဖြစ်သည်။ ကမ္ဘာ့စီးပွားရေးစနစ်သည် ရုပ်ပိုင်းဆိုင်ရာ ကုန်သွယ်မှုမှသည် အချက်အလက်နှင့် နည်းပညာအခြေပြု စီးပွားရေးစနစ်သို့ ကူးပြောင်းနေပြီဖြစ်သည်။ ထို့ကြောင့် MLC ၏ ရှေ့ဆက်မည့် မဟာဗျူဟာတွင် Digital Mekong ဖော်ဆောင်ရေးကို ထိပ်တန်းဦးစားပေးအဖြစ် ထည့်သွင်းရန်အကြံပြုလိုပါသည်။

မြန်မာနိုင်ငံအတွက်မူ ဒစ်ဂျစ်တယ်စီးပွားရေးသည် ပထဝီဝင်နှင့် အခြေခံအဆောက်အအုံဆိုင်ရာ အကန့်အသတ်များကို ကျော်လွှားနိုင်မည့် ဖြတ်လမ်းတစ်ခုဖြစ်သည်။ MLC အနေဖြင့် မြန်မာနိုင်ငံတွင် ကျယ်ပြန့်သော 5G ကွန်ရက်များ တည်ဆောက်ခြင်း၊ နည်းပညာမြင့် ဒေတာစင်တာများ ထူထောင်ခြင်းနှင့် အီလက်ထရောနစ် ငွေပေးချေမှုစနစ်များ အပြန်အလှန်ချိတ်ဆက်ခြင်းတို့ကို ပံ့ပိုးပေးသင့်သည်။ ဤသည်မှာ နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှုများကို ပိုမိုမြန်ဆန်စေရုံသာမက ဝေးလံခေါင်ဖျားဒေသရှိ လူငယ်များအတွက် ဆန်းသစ်တီထွင်မှုဆိုင်ရာ အခွင့်အလမ်းသစ်များကို ဖန်တီးပေးမည်ဖြစ်သည်။

ထို့ပြင် စမတ်စိုက်ပျိုးရေးနည်းပညာများကို MLC အထူးရန်ပုံငွေဖြင့် ပိုမိုတိုးချဲ့သင့်သည်။ အိုင်အိုတီ (IOT) နည်းပညာနှင့် ဒရုန်းများကို အသုံးပြု၍ စိုက်ပျိုးထုတ်လုပ်မှုမြှင့်တင်ခြင်း၊ ရာသီဥတုခန့်မှန်းချက်များကို အချိန်နှင့်တစ်ပြေးညီ ရယူခြင်းတို့သည် မြန်မာ့လယ်ယာကဏ္ဍကို ခေတ်မီစေမည်ဖြစ်သည်။ အနာဂတ် MLCသည် လမ်းတံတားများ တည်ဆောက်ရုံသာမက ဒစ်ဂျစ်တယ်ပိုးလမ်းမကိုပါ ခိုင်မာအောင် တည်ဆောက်ခြင်းဖြင့် ဒေသတွင်းနိုင်ငံများအကြား နည်းပညာကွာဟချက်ကို ပေါင်းကူးပေးရမည်ဖြစ်သည်။

နည်းပညာသည် စီးပွားရေးကိုမြှင့်တင်ပေးရုံသာမက အုပ်ချုပ်ရေးနှင့် လူမှုရေးကဏ္ဍများကိုပါ ပွင့်လင်းမြင်သာပြီး ထိရောက်စေမည်ဖြစ်ရာ ဒစ်ဂျစ်တယ်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံခြင်းသည် MLC ၏ အနာဂတ်အတွက် အမြတ်အစွန်းအရှိဆုံးသော ရင်းနှီးမြှုပ်နှံမှု ဖြစ်လာပေလိမ့်မည်။

ကျွန်ုပ်တို့သည် ဒုတိယဆယ်စုနှစ်ထဲသို့ ခြေစုံပစ်ဝင်လာသည်နှင့်အမျှ ဖွံ့ဖြိုးတိုးတက်မှုဟူသော စကားရပ်ကို အဓိပ္ပာယ်အသစ် ဖွင့်ဆိုရမည်ဖြစ်သည်။ ယခင်က စီးပွားရေးတိုးတက်မှုအတွက် သဘာဝအရင်းအမြစ်များကို အလွန်အကျွံအသုံးပြုခဲ့ကြသော်လည်း အနာဂတ် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုသည် စိမ်းလန်းသောဖွံ့ဖြိုးမှုကို မဏ္ဍိုင်ပြုရမည်ဖြစ်သည်။ ဤသည်မှာ သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေဘဲ စီးပွားရေးကို မြင့်မားစေမည့် ရေရှည်တည်တံ့သော လမ်းစဉ်ပင်ဖြစ်သည်။

ထို့အပြင် MLC အနေဖြင့် စိမ်းလန်းသော စက်မှုဇုန်များ တည်ထောင်ခြင်းကို အားပေးသင့်သည်။ မြန်မာနိုင်ငံသို့ လာရောက်ရင်းနှီးမြှုပ်နှံသည့် လုပ်ငန်းများသည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးစံနှုန်းများနှင့်အညီ လည်ပတ်နိုင်ရန် နည်းပညာနှင့် အရင်းအနှီးများ ကူညီပေးရမည်ဖြစ်သည်။ အထူးသဖြင့် မဲခေါင်မြစ်ဝှမ်းတစ်လျှောက်ရှိ ဂေဟစနစ်ကို အခြေခံသော ခရီးသွားလုပ်ငန်းများအား မြှင့်တင်ခြင်းဖြင့် ဒေသခံပြည်သူများ၏ ဝင်ငွေကို တိုးတက်စေကာ သဘာဝတောတောင်များကိုလည်း တစ်ပါတည်း စောင့်ရှောက်နိုင်မည်ဖြစ်သည်။

အနာဂတ်၏ MLC သည် အကျိုးအမြတ်တစ်ခုတည်းကိုသာကြည့်သော အဖွဲ့အစည်းမဟုတ်ဘဲ ကမ္ဘာမြေ၊ ပြည်သူနှင့် သာယာဝပြောမှုဟူသော အချက် (၃) ချက်ကို ဟန်ချက်ညီညီပေါင်းစပ်ပေးသည့် စံပြယန္တရားတစ်ခုဖြစ်လာရန် အကြံပြုလိုပါသည်။

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု MLC ၏ လွန်ခဲ့သော ဆယ်စုနှစ်တစ်ခုသည် ရောင်နီဝေဆာသော အစပျိုးခြင်းသာဖြစ်သည်။ ဤမြစ်မကြီး၏ ရေစီးသံသည် အဖွဲ့ဝင် ခြောက်နိုင်ငံလုံးအတွက် ဖွံ့ဖြိုးတိုးတက်မှု၊ ငြိမ်းချမ်းမှု၊ စည်းလုံးမှုတို့၏ တေးသံအဖြစ် ပဲ့တင်ထပ်ခဲ့လေပြီ။ မြန်မာနိုင်ငံအတွက်လည်း MLC သည် အိမ်နီးချင်းကောင်းပီသမှု၏ သက်သေဖြစ်သလို နိုင်ငံတော်၏ အနာဂတ်ကို ပုံဖော်ရာတွင် အားကိုးထိုက်သော မဟာဗျူဟာမြောက် လက်တွဲဖော်လည်းဖြစ်သည်။

ကျွန်ုပ်တို့ဖြတ်သန်းခဲ့သော ၁၀ နှစ်တာ ခရီးစဉ်သည် စိန်ခေါ်မှုများကို အခွင့်အလမ်းအဖြစ် ပြောင်းလဲနိုင်ခြင်းဟူသောသင်ခန်းစာကို ပေးခဲ့သည်။ စီးပွားရေး၊ လူမှုရေးနှင့် နည်းပညာကဏ္ဍများတွင် ရရှိခဲ့သောအောင်မြင်မှုများသည် နောက်ထပ် ဆယ်စုနှစ်များစွာအတွက် ခိုင်မာသောအုတ်မြစ်များပင်ဖြစ်သည်။ ရှေ့ဆက်မည့်ခရီးတွင်လည်း နိုင်ငံရေး၊ စီးပွားရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အတားအဆီးများ ရှိနေဦးမည်ဖြစ်သော်လည်း မြစ်ရေတစ်စင်းတည်းကို အတူသောက်ကြသူ မိသားစုစိတ်ဓာတ်ဖြင့် လက်ချင်းတွဲလိုက်လျှင် ကျွန်ုပ်တို့ မကျော်လွှားနိုင်သော အခက်အခဲဟူသည်မရှိနိုင်ပါ။

အနာဂတ်၏ မဲခေါင်-လန်ချန်းဒေသသည် ယခင်ကထက် ပိုမိုစိမ်းလန်းပြီး ပိုမိုခေတ်မီကာ ပိုမိုသာယာဝပြောသော ကံကြမ္မာတူ အသိုက်အဝန်းတစ်ခု ဖြစ်လာမည်မှာ မြေကြီးလက်ခတ်မလွဲပင်ဖြစ်သည်။ မြန်မာနိုင်ငံသည်လည်း ဤရွှေရောင်ခရီးစဉ်တွင် တက်ကြွသော အင်အားစုအဖြစ်၊ အားကိုးထိုက်သော အိမ်နီးချင်းအဖြစ် ဆက်လက်တည်ရှိနေမည်ဖြစ်ကာ မဲခေါင်မြစ်မကြီးနှင့်အတူ ထာဝရရှင်သန် ဖွံ့ဖြိုးတိုးတက်နေဦးမည်ဖြစ်ပါကြောင်း ဂုဏ်ယူစွာဖြင့် ရေးသားတင်ပြလိုက်ရပါသည်။ ။

❂ ကျောဖုံးမှ

အဆိုပါ ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများအား မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံခြင်းကို ယနေ့တွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ စစ်ရေးပြကွင်း၌ ကျင်းပပြုလုပ်ရာ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် အောင်ဌေး နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာသူများ၊ ၎င်းတို့၏ မိဘအုပ်ထိန်းသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းမှူးက တရားဥပဒေပုဒ်မများနှင့်ပတ်သက်၍ အသိပညာပေးစကားများ ရှင်းလင်းဆွေးနွေးပြောကြားသည်။

ထို့နောက်ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူ ပါရှိလာသည့် လက်နက်မျိုးစုံ ၇၈ လက်နှင့် လက်ပစ်ဗုံး/ ဗုံးသီး ၃၈ လုံး၊ စကားပြောစက် သုံးလုံး၊ ကျည်အိမ်မျိုးစုံ အခု၅၀၊ ကျည်မျိုးစုံ ၃၃၆၂ တောင့်၊ မိုင်းမျိုးစုံ ၁၄ လုံး၊ ကျည်ကာအင်္ကျီ တစ်ထည်၊ ကျည်ကာဦးအုပ်ငါးလုံးတို့ကို လွှဲပြောင်းအပ်နှံရာ တိုင်းမှူးက လက်ခံရယူသည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က မောင်းပြန်ရိုင်ဖယ် သေနတ်တစ်လက်အတွက် ဆုကြေးငွေကျပ်သိန်း ၅၀ နှုန်း၊ RPG တစ်လက်အတွက် ဆုကြေးငွေကျပ် ၇၅ သိန်းနှုန်း၊ လက်လုပ်သေနတ်တစ်လက်နှုန်းအတွက် ဆုကြေးငွေကျပ် ငါးသိန်းနှုန်း၊ လက်ပစ်ဗုံး/ဗုံးသီး တစ်လုံးစီအတွက် ဆုကြေးငွေကျပ် သုံးသိန်းနှုန်း၊ စကားပြောစက်တစ်လုံးအတွက် ဆုကြေးငွေကျပ် နှစ်သိန်းနှုန်း၊ ကျည်ကာအင်္ကျီတစ်ထည်လျှင် ဆုကြေးငွေကျပ် နှစ်သိန်းနှုန်း၊ ကျည်ကာဦးထုပ်တစ်လုံးလျှင် ဆုကြေးငွေကျပ်နှစ်သိန်းနှုန်းနှင့် အလင်းဝင်ရောက်လာသူများအား တစ်ဦးလျှင် ငွေကျပ် တစ်သိန်းနှုန်းဖြင့် စုစုပေါင်းငွေကျပ် သိန်း ၂၀၀၀ ခန့်နှင့် ထောက်ပံ့ပစ္စည်းများကို ပေးအပ်သည်။ ဆက်လက်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများအား ခံဝန်ကတိ လက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပေးခဲ့ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများမှ အပ်နှံထားသော လက်နက်ခဲယမ်းများအား ကြည့်ရှုစစ်ဆေးပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကာ စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ယနေ့တွင်ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လာကြသူများအားပြန်လည်လွှဲပြောင်းအပ်နှံခဲ့မှုအနေဖြင့် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်မှ အမျိုးသား ၃၉ ဦး၊ အမျိုးသမီး ငါးဦး၊ ချမ်းအေးသာစံမြို့နယ်မှ အမျိုးသား သုံးဦး၊ ချမ်းမြသာစည်မြို့နယ်မှ အမျိုးသား တစ်ဦး၊ ပြည်ကြီးတံခွန်မြို့နယ်မှ အမျိုးသား ခြောက်ဦး၊ အမရပူရမြို့နယ်မှ အမျိုးသား ရှစ်ဦး၊ အမျိုးသမီး နှစ်ဦး၊ ပုသိမ်ကြီးမြို့နယ်မှ အမျိုးသား သုံးဦး၊ အမျိုးသမီး တစ်ဦး၊ ကျောက်ဆည်မြို့နယ်မှ အမျိုးသားတစ်ဦး၊ စဉ့်ကိုင်မြို့နယ်မှ အမျိုးသား နှစ်ဦး၊ တံတားဦးမြို့နယ်မှ အမျိုးသား တစ်ဦး၊ ငါန်းဇွန်မြို့နယ်မှ အမျိုးသား တစ်ဦး၊ ပြင်ဦးလွင်မြို့နယ်မှ အမျိုးသားလေးဦး၊ မိတ္ထီလာမြို့နယ်မှ အမျိုးသား တစ်ဦး၊ အမျိုးသမီး တစ်ဦး၊ နွားထိုးကြီးမြို့နယ်မှ အမျိုးသား ကိုးဦး၊ ရမည်းသင်းမြို့နယ်မှ အမျိုးသား နှစ်ဦး၊ အမျိုးသမီး တစ်ဦး၊ မိုးကုတ်မြို့နယ်မှ အမျိုးသား လေးဦး၊ မတ္တရာမြို့နယ်မှ အမျိုးသား ၅၈ ဦး၊ အမျိုးသမီး နှစ်ဦး၊ စဉ့်ကူးမြို့နယ်မှ အမျိုးသား ၂၁၉ ဦး၊ အမျိုးသမီး ၃၁ ဦး၊ သပိတ်ကျင်းမြို့နယ်မှ အမျိုးသား ၆၇ ဦး၊ အမျိုးသမီး ခုနစ်ဦး၊ ကျောက်ပန်းတောင်းမြို့နယ်မှ အမျိုးသား သုံးဦး၊ မြင်းခြံမြို့နယ်မှ အမျိုးသား ရှစ်ဦး၊ အမျိုးသမီး နှစ်ဦး၊ ညောင်ဦးမြို့နယ်မှ အမျိုးသား ငါးဦး၊ အမျိုးသမီး တစ်ဦး၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်မှ အမျိုးသား နှစ်ဦး၊ ငဖဲမြို့နယ်မှ အမျိုးသား သုံးဦး၊ တောင်တွင်းကြီး မြို့နယ်မှ အမျိုးသား သုံးဦးဖြစ်၍ အမျိုးသား ၄၅၃ ဦးနှင့် အမျိုးသမီး ၅၃ ဦး စုစုပေါင်း ၅၀၆ ဦးဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည့် PDF အမည်ခံအဖွဲ့ဝင် အများစုသည် မိသားစုဝင် ဆွေမျိုးများအား ခြိမ်းခြောက် အကျပ်ကိုင်၍ အတင်းအဓမ္မ စုဆောင်းခံကြရသူများဖြစ်ပြီး အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် အထက်အောက် အဆင့်အတန်းခွဲခြား၍ အချင်းချင်း ဗိုလ်ကျနှိပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုကျူးလွန်ခြင်း၊ တပ်မတော်၏ တိုက်စစ်ကို ခုခံနိုင်မှုမရှိတော့ဘဲ စိတ်ဓာတ်ကျဆင်းလာခြင်းတို့ အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာ နေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ပြန်လည်အကျိုးပြု လိုခြင်းတို့ကြောင့်




မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများအား ဆုကြေးငွေ ပေးအပ်စဉ်။

လက်နက်ကိုင် လမ်းစဉ်အား စွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျ ပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများ အနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ် အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည် ဖြစ်ကြောင်း သိရှိရသည်။

ဥပဒေဘောင် အတွင်း ဝင်ရောက်လာကြသူများ၏ရင်တွင်းစကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်-



၁။ အကြမ်းဖက်အဖွဲ့အစည်းထဲကို ဘယ်လိုဖြစ်ပြီး ဝင်ဖြစ်သွားတာလဲဆိုရင်တော့ ကျွန်တော် နေပြည်တော်မှာ အလုပ်လုပ်နေရင်း ကနေပြီးတော့မှ သူငယ်ချင်းက ဖုန်းဆက်ပြီး လှမ်းခေါ်တာပေါ့နော်။ လာခဲ့၊ ဒီမှာ လစာတွေကောင်းတယ်၊ အစစအရာရာ အားလုံးအဆင်ပြေအောင် လုပ်ပေးမယ်။ ဘာမှ လိုလေသေးမရှိစေရဘူးဆိုပြီး သူခေါ်ရာကနေမှ အကြမ်းဖက် အဖွဲ့အစည်းထဲ ရောက်သွားတာ ဖြစ်ပါတယ်။ အဲဒီကနေပြီးတော့မှ ကျွန်တော် သင်တန်း သုံးလတက်ခဲ့ရပါတယ်။ သင်တန်း သုံးလ တက်တဲ့အချိန် အတွင်းမှာဆိုရင်လည်း ဆေးဝါးတွေဆိုရင်လည်း လုံလောက်မှု မပေးဘူးပေါ့နော်။ စားတဲ့ ထမင်းတွေထဲမှာဆိုရင် သူတို့က ခဲယမ်းတွေ၊ ဓာတ်ဆီတွေ အဲဒီလိုမျိုး ထည့်ကျွေးတယ်။ အဲဒီလိုမျိုး ထည့်ကျွေးတဲ့ အခါကျတော့ သင်တန်းက ပင်ပန်းတဲ့အချိန်နဲ့ စားတဲ့အခါမှာ အဆင်မပြေတဲ့အခါကျတော့ တချို့တွေဆိုရင်ဖျားကြတယ်။ ဝမ်းပျက်ဝမ်းလျှောတွေ ဖြစ်ကြတယ်။ ဒီလိုအခါမျိုးကျလို့ရှိရင် သူတို့က ဆေးခန်းသွားပြရင် နင်တို့က အစားအသောက်မှ မဆင်ခြင်တာ၊ ဒီလိုမျိုးတွေ ဖြစ်မှာပေါ့ဆိုပြီး ပစ်ထားတယ်။ မကုပေးဘူး။

တချို့တွေ ကျတော့လည်း ဒဏ်တွေမခံနိုင်လို့ ပြေးကြတယ်။ ပြေးတဲ့သူတွေ ဆိုရင်လည်း လမ်းမှာတင် ပစ်သတ်တယ်။ တချို့တွေဆို ပြန်ဖမ်းလာမိတဲ့ လူတွေဆိုရင်လည်း သူတို့တွေက လူတွေချုပ်ပြီးတော့မှ ရိုက်ကြတယ်။ တချို့ဆို တင်ပါးတွေ သွေးတွေထွက်တယ်။ ပါးတွေဆိုလည်း ပါးစပ်ထဲကနေ သွေးတွေထွက်တဲ့အထိ အဲဒီလိုမျိုးရိုက်တယ်။ ကျွန်တော်တို့ သင်တန်းက နေဆင်းပြီးတော့ ပြည်သူ့ဆက်ဆံရေးဌာနမှာ တာဝန်ထမ်းဆောင်ရတယ်။ ပြည်သူ့ဆက်ဆံရေးဌာနမှာဆိုရင် ကျွန်တော်တို့ လမ်းတွေမှာ ဂိတ်တွေစောင့်ခဲ့ရတယ်ပေါ့။ ဂိတ်တွေ စောင့်တဲ့အချိန်မှာဆိုရင် ဖမ်းဆီးရေးတွေ လိုက်ရတယ်။ ဖမ်းဆီးရေးတွေလိုက်တဲ့အခါမှာ ဆေးမှုတွေလိုက်ဖမ်းတယ်။ ဆေးမှုတွေ လိုက်ဖမ်းတဲ့ အချိန်မှာဆိုလည်း ဆေးတွေရလာတယ်။ ဆေးတွေရလာတယ်ဆိုရင် သူတို့ဘာသာ သူတို့ ပြန်သုံးတယ်။ ပြီးရင် အပြစ်မရှိတဲ့ ပြည်သူတွေကို ဖမ်းလာတယ်၊ ရိုက်တယ်၊ နှက်တယ်၊ အချုပ်ချထားတယ်၊ ပြီးရင် ပိုက်ဆံတွေ တောင်းတယ်။

ရွှေလုပ်ကွက်တွေ ပေါ့နော်။ ရွှေလုပ်ကွက်ဆိုရင်လည်း စဉ့်ကူးနယ်မြေထဲမှာ ရွှေလုပ်ကွက် ၁၄ ကွက်ရှိတယ်။ ၁၄ ကွက်လုံးကို အကြမ်းဖက်အဖွဲ့အစည်းကနေပြီးတော့မှ လက်ဝါးကြီးအုပ်ထားတယ်။ ၁၄ ကွက်ထဲကို ဘယ်ပြည်သူ့ကိုမှ၊ ဘယ်သူ တစ်ဦးတစ်ယောက်ကိုမှ သူတို့က အဝင်မခံဘူး။ ဝင်တဲ့သူတွေဆိုရင်လည်း ရိုက်တယ်၊ နှက်တယ်၊ ပြီးလို့ရှိရင် ဖမ်းတယ်၊ အချုပ်ချထားတယ်။ တချို့တွေဆိုရင် ခေါင်းတွေ ရေနွေးပူနဲ့ လောင်းခံရတယ်။ အဲဒီလိုမျိုးတွေတောင် ရှိခဲ့တယ်။ တပ်မတော်က စဉ့်ကူးနယ်ဘက်ကို ပြန်ပြီးတော့ ထိန်းချုပ်တဲ့အခါမှာ ပြည်သူတွေ လုပ်ကိုင်စားသောက်ဖို့အတွက်ဆိုပြီး ရွှေလုပ်ကွက်ကို ဘယ်နှကွက်၊ ဘယ်နှကွက်ဆိုပြီး ပြန်ချပေးတာမျိုးရှိတယ်။ အကြမ်းဖက်အဖွဲ့အစည်းကျတော့ အဲဒီလိုမျိုးမဟုတ်ဘူးဗျ။ သူတို့က ဒီဟာကို ငါတို့ပဲ အပိုင်သိမ်းမယ်၊ ဘယ်သူမှ လာဝေယူလို့မရဘူး အဲဒီလိုမျိုးတွေပေါ့။

အင်းလုပ်တယ်ပေါ့။ အင်းလုပ်တယ်ဆိုရင်လည်း သူတို့က တစ်လကို ၁၀ သိန်း တောင်းတယ်။ မပေးနိုင်တဲ့သူဆိုရင် ရိုက်တယ်၊ အဲဒီလိုမျိုးတွေ လုပ်တာပေါ့နော်။ ပြီးလို့ရှိရင် ကျွန်တော် အဲဒီမှာမှ အခက်အခဲတွေ အများကြီးကြုံခဲ့ရတယ်။ ဒီရဲဘော်လုပ်တဲ့ကာလအတွင်းမှာဆိုရင်လည်း ရဲဘော်အချင်းချင်းဆိုရင်လည်းဗျာ သူတို့တွေက မထီမဲ့မြင်နဲ့ ပြောတယ်။ ပြီးလို့ရှိရင် ကျွန်တော်တို့ အထက်က တာဝန်ခံတွေဆိုရင်လည်း ရဲဘော် မိန်းကလေးတွေဆိုရင် ချောချောလေးတွေဆို သူတို့နားကို ခေါ်ထားတယ်။ ပြီးရင် ရိသဲ့သဲ့ စကားတွေပြောတယ်။ ခြေတော်တွေ တင်တယ်။ အဲဒီလိုမျိုးတွေ ကျွန်တော်တို့ ကြုံတွေ့ခဲ့ရတယ်။ အဲဒီလိုမျိုးတွေ ရှိတဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့လည်း ကိုယ့်ကိုယ်ကိုယ် မလုံခြုံဘူးထင်လို့ အဲဒီကနေမှ ထွက်ပြေးခဲ့တယ်။ ထွက်ပြေးခဲ့ပြီးတော့ ကျွန်တော်တို့ တပ်မတော်ဘက်ကို အလင်းဝင်တယ်။ တပ်မတော်ဘက်ကို အလင်းဝင်တဲ့အခါမှာ ဆိုလည်း သူတို့ကပြောတယ်။ နင်တို့မိန်းကလေးတွေ တပ်မတော်ဘက် အလင်းဝင်လို့ရှိရင် နင်တို့ကို အဓမ္မပြုကျင့်လိမ့်မယ်။ ပြီးလို့ရှိရင် ယောကျ်ားလေးတွေဆိုရင်လည်း စစ်မှုထမ်းထဲကို ဆွဲထည့်မှာ အဲဒီလိုမျိုးတွေ ပြောတယ်။ ဒါပေမဲ့ တကယ့်တကယ် ကျွန်တော်တို့ ဝင်ခဲ့တဲ့အချိန်မှာ အဲဒီလိုမျိုးလုံးဝမဟုတ်ပါဘူး။ သူတို့စားသလိုမျိုးလည်း စားရတယ်။ သူတို့နေသလိုမျိုးလည်း နေရတယ်။ အစစအရာရာ အားလုံးအဆင်ပြေအောင် အကုန်လုပ်ပေးပါတယ်။ ဘာမှ လိုလေသေးမရှိပါဘူး။ သူတို့ပြောခဲ့၊ သူတို့ ကျွန်တော်တို့ကို စကားတွေနဲ့ သွေးထိုးခဲ့တဲ့ စကားတွေက ကျွန်တော်တို့ အခုလက်တွေ့မှာတော့ လုံးဝတခြားစီပါပဲ။ ကျွန်တော် ပြောချင်တာက တောထဲမှာပေါ့နော်၊ ကိုယ့်ဘဝကို အနစ်မွန်းမခံပါနဲ့။ တပ်မတော်ဘက်ကို လာပြီးတော့မှ အလင်းဝင်ပါ။ တပ်မတော်ဘက်ကို အလင်းဝင်တဲ့ အတွက်ကြောင့်မို့လို့လည်း အခုဆိုရင် ကျွန်တော်ဆိုလည်း ကိုယ့်အိမ်ကိုယ် ပြန်ရတော့မယ်။ ပြီးလို့ရှိရင်လည်း ကိုယ့်မိဘတွေနဲ့ကိုယ် ပြန်ဆုံတွေ့ရတော့မယ်။ တပ်မတော်ဘက်ကို လာပြီးတော့မှ အလင်းဝင်ပါ။ တပ်မတော်ကလည်း ကြိုဆိုနေပါတယ်။ ကျွန်တော်ကလည်း နောက်နောင် ဒီလိုအဖွဲ့အစည်းမျိုးကို ဘယ်တော့မှ မပတ်သက်တော့ပါဘူးလို့လည်း ကတိပြုပါတယ်။

၂။ ကျွန်မ အကြမ်းဖက်အဖွဲ့အစည်းထဲကို စဝင်ခါစက ကျွန်မအသက်မှာ ၁၅ နှစ်ပဲ ရှိပါသေးတယ်။ အကြမ်းဖက်အဖွဲ့အစည်းထဲကို ဝင်သွားတဲ့အကြောင်းရင်းကတော့ အကြမ်းဖက်အဖွဲ့အစည်းက ကျွန်မတို့ရွာကို လာပြီးတော့ စည်းရုံးရေးဆင်းတယ်၊ ဟောပြောပွဲတွေလုပ်တယ်၊ တစ်အိမ်တစ်ယောက် မလိုက်မနေရပုံစံမျိုးတွေနဲ့ ကောက်ခံတယ်။ သူတို့က တစ်အိမ်တစ်ယောက်မှ မလိုက်လို့ရှိရင် မိသားစုတွေ ဒုက္ခပေးမယ်၊ အဖေအမေတွေကို သတ်ပစ်မယ်ဘာညာနဲ့ ပြောတော့ ကျွန်မတို့လည်း ကြောက်ပြီးတော့ အဲဒီထဲဝင်သွားခြင်းဖြစ်ပါတယ်။ အကြမ်းဖက်အဖွဲ့အစည်းထဲကို ရောက်တော့ ကျွန်မတို့ စစ်သင်တန်း သုံးလတက်ရတယ်။ စစ်သင်တန်း သုံးလမှာဆိုရင်လည်း ဆေးဝါးလုံလောက်မှု မရှိဘူး။ အဲဒါကြောင့်မို့လို့ တချို့သူတွေက အဲဒီဒဏ်တွေ မခံနိုင်လို့ ထွက်ပြေးတဲ့သူတွေ ရှိတယ်။ ထွက်ပြေးလို့မိလို့ရှိရင်လည်း

စာမျက်နှာ ၉ သို့ ❂

❂ စာမျက်နှာ ၈ မှ

သူတို့က သတ်ပစ်တယ်၊ ရိုက်နှက်တယ်၊ နှိပ်စက်တယ်။ အဲဒါကြောင့်မို့လို့ ကျွန်မတို့လည်း ကြောက်ပြီးတော့ စစ်သင်တန်းကို ပြီးဆုံးအောင် တက်ခဲ့တယ်။ စစ်သင်တန်းပြီးတော့ ကျွန်မတို့တွေ ပြည်သူ့ဆက်ဆံရေးမှာ တာဝန်ကျတယ်။ ပြည်သူ့ဆက်ဆံရေး ကားလမ်းမကြီးမှာ ဂိတ်စောင့်ရတယ်။ အခွန်ကောက်ခံတဲ့ပုံစံမျိုးနဲ့ သူတို့က ဆက်ကြေးတွေ ကောက်ခံတယ်။ ဆီပီပါတွေဆိုရင်လည်း ထက်ဝက်ဈေးတွေနဲ့ ကောက်ခံတယ်။



ဆီပီပါတွေကို ထက်ဝက်ဈေးနဲ့ ကောက်ခံလို့တချို့ပြည်သူမပေးနိုင်ဘူး။ မပေးနိုင်တဲ့ ပြည်သူတွေဆိုရင်လည်း ဆီပီပါတွေဆွဲချတာတွေရှိတယ်။ ပစ္စည်းတွေ ဆွဲယူတာတွေရှိတယ်၊ အဲဒါကြောင့် တချို့ပြည်သူတွေ ဆိုရင်လည်း သံသယအနေနဲ့ ခေါ်တယ်၊ ခေါ်ပြီးတော့ သူတို့တွေက နှိပ်စက်တယ်၊ ရိုက်နှက်တယ်၊ လက်သည်းခြေသည်းခွံတွေ ခွာတယ်၊ ခေါင်းတွေကို ရေနွေးပူတွေလောင်းတယ်၊ သူတို့ပြောတာ ပြည်သူသာအမိ ပြည်သူသာအဖ၊ သူတို့လုပ်နေတာနဲ့ သူတို့ပြောတာနဲ့ လက်တွေ့မှာ တခြားစီပဲ။ ကျွန်မတို့ ရဲဘော်တွေဆိုရင်လည်း တန်းတူတန်းတူဆိုပြီး သူတို့အရာရှိတွေကျတော့ KTV သွားတယ်၊ မကောင်းတဲ့ မိန်းမတွေနဲ့ ပျော်ပါးတယ်၊ သောက်စားတယ်၊ K ရှူတယ်၊ ရာမတွေ သုံးတယ်။ သူတို့ဆို တစ်ညတစ်ညသွားပြီဆို ရာချီထောင်ချီကုန်တယ်။ ရဲဘော်တွေဆိုရင်လည်း မိန်းကလေးတွေကို အဓမ္မပြုကျင့်တယ်။ သင်တန်းသူ ကောင်မလေးကို ညကြီးအချိန်မတော် စကားပြောချင်လို့ဆိုပြီး ခေါ်ပြီးတော့ အဓမ္မပြုကျင့်တယ်၊ ကောင်မလေး ကိုကျတော့လည်း ဘာတာဝန်မှ မယူဘဲနဲ့ နယ်ကို ပြန်ပို့တယ်၊ ကောင်လေးကို ကျတော့လည်း ဘာပြစ်မှုပြစ်ဒဏ်မှ မပေးဘဲနဲ့ ဒီအတိုင်းထားတယ်။ အဲဒါကြောင့် ကျွန်မတို့လည်း အဲဒီထဲမှာ နေရတာ ကျွန်မတို့ကိုယ် ကျွန်မတို့ မလုံခြုံဘူးလို့ထင်တယ်။ ကျွန်မတို့လည်း ကျွန်မတို့ဘဝကို ဒီထဲမှာတင် အဆုံးရှုံးမခံနိုင်ဘူး။ အဲဒါကြောင့် ကျွန်မတို့ ထွက်ပြေးခဲ့တယ်။ ထွက်ပြေးပြီးတော့ ကျွန်မတို့ အလင်းဝင်ဖို့ ကြိုးစားတယ်။ သူတို့က ကျွန်မတို့ကို နားရိုက်သွင်းခဲ့တယ်။ နင်တို့ တပ်မတော်ဘက်ကို အလင်းဝင်လို့ရှိရင် နင်တို့တွေ မိန်းကလေးဆိုရင် အဓမ္မပြုကျင့်မှာ၊ ယောကျ်ားလေးဆိုရင်လည်း အသက် ၁၈ နှစ်ပြည့်ရင် စစ်မှုထမ်းတွေခေါ်မှာ။ အဲဒါနဲ့ ကျွန်မတို့လည်း ကြောက်တော့ ရှေ့မှာ အလင်းဝင်တဲ့ သူငယ်ချင်းကို မေးတယ်။ သူငယ်ချင်း အားလုံး အဆင်ပြေလား။ သူငယ်ချင်း အဆင်ပြေတယ်၊ ဘာမှ စိတ်မပူနဲ့၊ တပ်မတော်ဘက်ကလည်း နင်တို့ကို နွေးနွေးထွေးထွေး ကြိုဆိုနေတယ်။ ကျွန်မတို့လည်း ဒီက တာဝန်ရှိတဲ့ ဗိုလ်ကြီးတွေနဲ့ ဆက်သွယ်ပြီး ကျွန်မတို့ ဒီမှာ အလင်းဝင်ခဲ့တယ်။ ကျွန်မတို့ ဒီမှာ ရောက်တော့လည်း အားလုံးက နွေးနွေးထွေးထွေး ကြိုဆိုတယ်။ ကျွန်မတို့ဆိုရင်လည်း အစစအရာရာ လုပ်ပေးတယ်။ သူတို့နေသလို နေရတယ်။ သူတို့စားသလို စားရတယ်။ ကျွန်မတို့ အမှောင်ထဲကနေ အလင်းကို ပြန်ဝင်လာတာ ကျွန်မတို့ အလွန်ကို မှန်တယ်ပေါ့။ အဲဒါကြောင့်မို့ ဟိုမှာရှိနေခဲ့တဲ့ သူငယ်ချင်း ညီအစ်ကို မောင်နှမတွေကိုလည်း အဲဒီထဲမှာနေပြီး ကိုယ့်ကိုယ်ကိုယ် အနစ်မွန်းမခံပါနဲ့၊ တပ်မတော်ဘက်ကိုလာပြီး အလင်းဝင်ပါ။ ကိုယ့်ကိုယ်ကိုယ် အဲဒီဘဝထဲမှာ အနစ်မွန်းမခံပါနဲ့၊ ကျွန်မတို့လည်း ဒီကနေ အလင်းဝင်ပြီး ပြန်လို့ရှိရင်လည်း ကိုယ့်မိဘ၊ ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုးအတွက် ကောင်းကောင်းမွန်မွန် နေထိုင်ပြီးတော့ ကောင်းကောင်းမွန်မွန် လုပ်စားပြီးတော့ ကျွန်မတို့လည်း နောက်နောင် ဒီလိုအမှားမျိုးကို မကျူးလွန်တော့ပါဘူးလို့ ကတိသစ္စာပြုပါတယ်။

၃။ ကျွန်တော် အကြမ်းဖက်အဖွဲ့အစည်းထဲ ရောက်သွားရတဲ့ အကြောင်းရင်းက ကျွန်တော် ရမည်းသင်းမှာ လုပ်ငန်းလုပ်နေတဲ့ အချိန် သူငယ်ချင်းက ဖုန်းဆက်ခေါ်ပါတယ်။ ယောက်ဖ လာခဲ့၊ ဒီဘက်မှာ အလုပ်လုပ်လို့ အလွန်ကောင်းတယ်၊ ပိုက်ဆံလည်း အတော်ရတယ်ဆိုပြီး သူခေါ်လို့ ကျွန်တော် ရောက်လာပါတယ်။ ရောက်လာတဲ့အချိန်မှာ သူက ကျွန်တော့်ကို လူစုဆောင်းရေး ပို့လိုက်တယ်။ လူစုဆောင်းရေးမှာ



လူတွေအများကြီးမို့လို့ ဦးလေးတို့၊ ဒေါ်လေးတို့တွေ့တော့ မေးကြည့်တယ်။ ဦးလေးတို့၊ ဒေါ်လေးတို့ ဘယ်သွားပြီး အလုပ်လုပ်ကြမှာတုံးလို့ မေးတော့ အဲဒီ ဦးလေး၊ ဒေါ်လေးတွေ ပြောတယ်၊ ဘယ်လုပ်ငန်းသွားလုပ်ရမှာတုံး၊ ငါတို့ကို လက်နက်ကိုင်ပြီး တိုက်ခိုင်းဖို့လို့ပြောတယ်။ အဲဒါကျမှ ကျွန်တော်က ကျွန်တော့်ကို သူကလိမ်ခေါ်မှန်း သိတယ်။ သိတော့ ကျွန်တော်တစ်ခါတည်း ထွက်ပြေးဖို့ လုပ်တယ်။ လုပ်တော့ ကျတော့ သူတို့က ပြောတယ်၊ မင်းတို့ထွက်ပြေးရင် မင်းတို့တင် မကဘူး၊ မင်းတို့ မိသားစုပါ သတ်ပစ်မှာလို့ ခြိမ်းခြောက်ထားလို့ ကျွန်တော်က အဲဒါနဲ့ သူတို့ ပြောတဲ့အတိုင်းပဲ နေလိုက်တယ်။ နေပြီးတော့ သူတို့ပေးတဲ့သင်တန်းကိုလည်း ကျွန်တော် တက်လိုက်တယ်။ သင်တန်းတက်တဲ့အခါမှာလည်း ခက်ခက်ခဲခဲ ထမင်းဆိုလည်း နပ်မမှန်ဘူး၊ ရောဂါဖြစ်ရင် ကြိုပြော မင်းတို့ရောဂါရှိတဲ့လူ ရှေ့တန်းမပို့ဘူး၊ အသက်မပြည့်တဲ့ ကလေးတွေလည်း ရှေ့တန်းမပို့ဘူးလို့ သူတို့ကပြောတယ်။ ဒါပေမဲ့ သူတို့က သင်တန်းလည်းဆင်းပြီးရော ကျွန်တော်တို့ကို ပြောတယ်။ ရှေ့တန်း တန်းပို့တယ်။ အသက်မပြည့်တဲ့ ကလေးတွေ ၁၅၊ ၁၆၊ ၁၇ တွေအစ ပါပါတယ်။ ရှေ့တန်းမှာလည်း လက်နက်ခဲယမ်းဆို ပြည့်ပြည့်ဝဝ ပေးမထားပါဘူး။ လူဆိုလည်း နည်းနည်းလေးပဲ ပေးထားပါတယ်။ ကျွန်တော်လည်း မိဘကို ချစ်တဲ့သူမို့ ကိုယ့်မိဘနဲ့ကိုယ် ပြန်တွေ့ချင်လို့ ရှေ့တန်းကနေ ထွက်ပြေးတယ်။ အိမ်ရောက်တော့ကျ ပြည်သူတွေက၊ မိဘပြည်သူတွေက ကျွန်တော်တို့ကို အနေမခံချင်ဘူး ရွာထဲကို၊ မိဘကိုယ်တိုင်ကိုက အနေမခံဘူး။ ပြန်အနေမခံတော့ သူတို့ အကြမ်းဖက်အဖွဲ့က ကျွန်တော်တို့ကို ပြန်လာဖမ်းတယ်။ လက်ပံလှမှာ ကျွန်တော်တို့ကို အချုပ်ချထားတယ်။ အချုပ်ချထားပြီးတော့ လက်ပံလှ အချုပ်ထဲကနေ ကျွန်တော်အပါအဝင် နှစ်ယောက် ထပ်ထွက်ပြေးတယ်။ ပြေးပြီးတော့ ကျွန်တော်တို့ ပထမတစ်သုတ်မှာ အလင်းဝင်သွားတဲ့ သူငယ်ချင်းကို ဆက်သွယ်တယ်။ ကျွန်တော်ကိုယ်တိုင် မဝင်ရဲဘူး။ ဒါပေမဲ့ သူငယ်ချင်းက ပြောတယ်။ ကောင်းကောင်းမွန်မွန် ဖျောင်းဖျပြောတော့ သူပြောတဲ့စကားကို ယုံလို့ဆိုပြီးတော့ ကျွန်တော်ကိုယ်တိုင် အလင်းလာဝင်တယ်။ တပ်မတော်ကြီးက ကျွန်တော်တို့ကို နွေးနွေးထွေးထွေး ကြိုဆိုတယ်။ စားနပ်ရိက္ခာဆိုလည်း ပြည့်ပြည့်ဝဝ ပေးတယ်။ ဆေးခန်းတွေ ဘာတွေလည်း အကုန်လိုက်ပို့တယ်။ လိုလေသေးမရှိအောင်လို့ ကျွန်တော်တို့ကို လိုက်ပို့ပေးပါတယ်။ အဲဒါကြောင့်မို့လို့ ကျွန်တော်လည်း အခုဆိုရင် ကျွန်တော်တို့ အခမ်းအနားပွဲပြီးရင် ကျွန်တော် အဖေအမေ အပါအဝင် ကျွန်တော်တို့ရွာကိုပဲ လွတ်လွတ်လပ်လပ် နေရတော့မယ်။ အဲဒါကြောင့်မို့လို့ ကျွန်တော်လည်း တောထဲမှာရှိနေတဲ့ ညီအစ်ကိုမောင်နှမ သူငယ်ချင်း မိတ်ဆွေတွေကို ဒီနေရာကနေ သူတို့ကို အလင်းဝင်ဖို့ ဖိတ်ခေါ်ချင်ပါတယ်။ နောက်နောင် အကြမ်းဖက်အဖွဲ့နဲ့ ကျွန်တော် မပတ်သက်တော့ပါဘူးလို့ မိဘပြည်သူထံမှာ ကတိသစ္စာပြုပါတယ်ခင်ဗျာ။

**သတင်းစဉ်**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဌာနချုပ်ရုံး(နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၁၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ ဓာတုနည်းစဉ်ဖြင့် ဆီကြိမ်းထုတ်လုပ်ခြင်းနှင့် ဆီသန့်စင်ခြင်းစက်ရုံ ဖွင့်ပွဲကျင်းပ

ရန်ကုန် မတ် ၁၉

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် Mandalay Global Network Distribution Co., Ltd. (MGND)ကုမ္ပဏီက အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ဖွဲနုဆီထုတ်လုပ်သည့် စက်ရုံတွင် ဓာတုနည်းစဉ်ဖြင့် ဆီကြိမ်းထုတ်လုပ်ခြင်းနှင့် ဆီသန့်စင်ခြင်းစက်ရုံ (MGND Solvent Extraction & Refinery Plant) ဖွင့်ပွဲကို ယမန်နေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်ခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်ရှိ အဆိုပါစက်ရုံတွင် ကျင်းပသည်။



အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် တင်မင်းလတ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ Mandalay Global Network Distribution Co., Ltd. (MGND)မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ဓာတုနည်းစဉ်ဖြင့် ဆီကြိမ်းထုတ်လုပ်ခြင်းနှင့် ဆီသန့်စင်ခြင်းစက်ရုံကို တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး၊ စီးပွားရေးရာဝန်ကြီး၊ သယံဇာတရေးရာဝန်ကြီးနှင့် Mandalay Global Network Distribution Co, Ltd. (MGND)မှ တာဝန်ရှိသူတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် Mandalay Global Network Distribution Co., Ltd. (MGND)မှ တာဝန်ရှိသူတို့က စက်ရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး တာဝန်ရှိသူများက အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဖျော်ဖြေရေးအဖွဲ့အား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့က ဆီကြိမ်းထုတ်လုပ်ခြင်းနှင့် ဆီသန့်စင်ခြင်းစက်ရုံအတွင်း ထုတ်လုပ်ပုံအဆင့်ဆင့် လုပ်ငန်းဆောင်ရွက်နေသည့် အခြေအနေကို လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ၏ စားသုံးဆီဖူလုံရေးသည် စိုက်ပျိုးရေးနှင့် စက်မှုလုပ်ငန်းများ ပေါင်းစည်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့် အခြေခံစက်မှုလုပ်ငန်းတစ်ရပ်ဖြစ်ပါကြောင်း၊ ဖွဲနုအပါအဝင် ဆီထွက်သီးနှံများမှ အရည်အသွေးမြင့် စားသုံးဆီများ ထုတ်လုပ်ခြင်းနှင့် တန်ဖိုးမြင့် ဘေးထွက်ပစ္စည်းများ ဖန်တီးနိုင်ခြင်းကြောင့် ပြည်တွင်းထုတ်လုပ်မှု တိုးတက်စေရန်နှင့် ဒေသတွင်းစီးပွားရေး၊ အလုပ်အကိုင်ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အထောက်အကူ ပြုနိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် Mandalay Global Network Distribution Co., Ltd. (MGND)မှ တာဝန်ရှိသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

ဖွဲ့ထက်ကို(ပြန်/ဆက်)



## မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး တစ်အိမ်တက်ဆင်း အသိပညာပေးခြင်းဆောင်ရွက်

ဝါးခယ်မ မတ် ၁၉

ပြည်သူများ မီးဘေးအန္တရာယ် ကင်းဝေးစေရန် ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် ကျောင်းစုကျေးရွာ၌ ယနေ့နံနက်ပိုင်းက နေအိမ်များသို့ လိုက်လံကာ မီးသုံးစွဲမှုများ စစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် မီးသတ်ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးချစ်ထွေးအောင်၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးလွင်မိုးနှင့် တာဝန်ရှိသူများ၊ မီးသတ်တပ်ဖွဲ့ဝင်များက နေအိမ်များအား တစ်အိမ်တက်ဆင်း လိုက်လံကာ ထင်းမီး/ လျှပ်စစ်မီး သုံးစွဲမှုများ၊ မီးချိတ်၊ မီးကပ်ထားရှိမှုများ၊ ရေပုံး၊ သဲပုံး ထားရှိဆောင်ရွက်မှုများကိုစစ်ဆေးခဲ့ပြီး မီးသုံးစွဲမှုနှင့် ပတ်သက်၍ အသိပညာပေးခြင်းတို့ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

လွှမ်းသီဟ(ပြန်/ဆက်)

## ဇမ္ဗူသီရိမြို့နယ်၌ ဗုဒ္ဓဘာသာအခြေခံ ယဉ်ကျေးလိမ္မာသင်တန်းဆင်းပွဲ ကျင်းပ

နေပြည်တော် မတ် ၁၉

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် သပြေကုန်းရပ်ကွက် သာသနမဋ္ဌုဆွမ်းလောင်းဓမ္မာရုံ၌ ဗုဒ္ဓဘာသာအခြေခံ ယဉ်ကျေးလိမ္မာသင်တန်းဆင်းပွဲ အခမ်းအနားကို မတ် ၁၈ ရက်က ကျင်းပသည်။

ဦးစွာ ဇမ္ဗူသီရိမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇေနော်ဝင်းက သင်တန်းဆင်းအမှာစကား ပြောကြားပြီး သာသနမဋ္ဌုဆွမ်းလောင်းအသင်းဥက္ကဋ္ဌ ဦးတင်စိန်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဇမ္ဗူသီရိမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဇမ္ဗူသီရိမြို့နယ် သာသနာရေးဦးစီးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သင်တန်းနည်းပြများနှင့် ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)





## ကျောက်တန်းမြို့နယ်၌ ဗဟိုမိုဘိုင်းစက်ပစ္စည်း သက်သေခံမှတ်ပုံတင်စနစ်ဆိုင်ရာ အသိပညာပေး

ကျောက်တန်း မတ် ၁၉

ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် ဗဟိုမိုဘိုင်းစက်ပစ္စည်း သက်သေခံမှတ်ပုံတင်စနစ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက ကျောက်တန်းမြို့နယ် အခွန်ဦးစီးဌာနမှူးရုံး၌ ပြုလုပ်သည်။

ဦးစွာ ကျောက်တန်းမြို့နယ် အခွန်ဦးစီးဌာနမှူး ဦးစောရွှေကျော်က ဗဟိုမိုဘိုင်းစက်ပစ္စည်း သက်သေခံမှတ်ပုံတင်စနစ် (CEIR) ဆိုင်ရာနှင့် ပတ်သက်ပြီး ပြည်သူများ ပိုမိုသိရှိနိုင်ရေး အသိပညာပေး ဟောပြောသည်။

ထို့နောက် တက်ရောက်လာကြသည့်လုပ်ငန်းရှင်များက သိလိုသည်များကိုမေးမြန်းခဲ့ရာ ပြန်လည်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

သန့်ဇင်ထွန်း(ကျောက်တန်း)

## အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် မတ် ၁၉

ယနေ့ ညနေ ၅ နာရီ ၅၂ မိနစ် ၀၄ စက္ကန့်တွင် ညောင်ဦး မြေငလျင်စခန်းမှ အနောက်မြောက်ဘက် ၃၄ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (မြိုင်မြို့၏ အနောက်ဘက် ၁၆ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၁ ဒသမ ၅၉ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒသမ ၆၀ ဒီဂရီ၊ အနက် ၁၂ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်(ခ်)တာစကေး ၃ ဒသမ ၂ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

မိုး/ဇလ

## မှော်ဘီမြို့နယ်၌ ဆံပင်နှင့် မျက်နှာ ပြုပြင်ထိန်းသိမ်းခြင်းပညာရပ် သင်တန်းဖွင့်

မှော်ဘီ မတ် ၁၉

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်၌ အသက်မွေးဝမ်းကျောင်းဆိုင်ရာ ဆံပင်နှင့်မျက်နှာ ပြုပြင်ထိန်းသိမ်းခြင်းပညာရပ် သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက သန္ဓေပင်အခြေခံပညာအထက်တန်းကျောင်း(ပညာသန္ဓေ)ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သန္ဓေပင်ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးအောင်မြတ်မိုး၊ ဒုတိယမြို့နယ်ပညာရေးမှူး ဦးမျိုးသက်အောင်၊ Sheworks Vocatining Programme Founder ဆရာမဒေါ်ရွှေယမင်းဦး၊ Managing Director Of Action for Green Earth Company ဆရာဦးချစ်မြတို့က အမှာစကားပြောကြားပြီး Merry Beauty Salon သင်တန်းတာဝန်ခံ



ဆရာမဒေါ်မေရီက သင်တန်းပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များနှင့် သင်တန်း၏အကျိုးသက်ရောက်မှုများကို ရှင်းလင်းပြောကြားသည်။ အဆိုပါသင်တန်းအား စာတွေ့၊ လက်တွေ့ ၁၄ ရက်ကြာ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

ဝင်းဇော်

## တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း တိုင်းရင်းသားရေးရာကိစ္စရပ်များ တွေ့ဆုံဆွေးနွေးပွဲတက်ရောက်



ပုသိမ် မတ် ၁၉

တိုင်းရင်းသားရေးရာ ကိစ္စရပ်များနှင့်စပ်လျဉ်းသည့် တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ပုသိမ်မြို့ရှိ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန ဧရာဝတီတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းရင်းသားများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးအတွင်း ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းစသည့် တိုင်းရင်းသားလူမျိုးပေါင်းစုံ စည်းစည်းလုံးလုံးညီညီညွတ်ညွတ်ဖြင့် စုပေါင်းနေထိုင်လျက်ရှိပါကြောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် တိုင်းရင်းသားများ၏ ရိုးရာဓလေ့ပွဲတော်များ၊ နေ့ထူးနေ့မြတ်အခမ်းအနားများ အစဉ်အလာမပျက် ကျင်းပနိုင်စေရန် နှစ်စဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ပညာရေးဝန်ကြီးဌာနက အခြေခံပညာဦးစီးဌာနတွင် စကောကရင်၊ ပိုးကရင်၊ ရခိုင်၊ ချင်း TA/LT ဆရာ ဆရာမများကို ခန့်ထားပေးခဲ့ရာ ကျောင်းနေအရွယ်ကလေးအားလုံး ရာနှုန်းပြည့် ကျောင်းတက်ရောက်စေရေးနှင့် အတန်းစဉ်ကူးပြောင်းမှုမြင့်မားစေရေးအတွက် အထောက်အကူပြုပါကြောင်း၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းများအနေဖြင့် တိုင်းရင်းသားရေးရာကိစ္စရပ်များ ဆောင်ရွက်ရာတွင် စကား၊ စာပေ၊ ယဉ်ကျေးမှု၊ ရိုးရာဓလေ့ထုံးတမ်းများကို ရေရှည်တည်တံ့အောင် ဆက်လက်ထိန်းသိမ်းကြရန်နှင့် တိုင်းရင်းသားလူမျိုးများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နိုင်မည့် နည်းလမ်းများကိုလည်း ဝိုင်းဝန်းအကြံပြု ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားကြရန် လိုပါကြောင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ရှိသူများထံ မြန်မာ-အင်္ဂလိပ်-စကောကရင်-အနောက်ပိုးကရင် (၄)ဘာသာ ဝေါဟာရစာအုပ် ပေးအပ်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့် မော်လမြိုင်တက္ကသိုလ် ကြည့်ရှုစစ်ဆေး



နေပြည်တော် မတ် ၁၉

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်သည် ယမန်နေ့မွန်းလွဲပိုင်းက မော်လမြိုင်တက္ကသိုလ် သုတေသနစင်တာသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီးက တာဝန်ရှိသူများအား သုတေသနခတ်ခွဲခန်းသုံး ပစ္စည်းများ အမြန်တပ်ဆင်အသုံးပြုရန် မှာကြားသည်။

ထို့နောက် အပန်းဖြေရိပ်သာ တည်ဆောက်ရေး လုပ်ငန်းခွင်သို့ ရောက်ရှိပြီး အရည်အသွေးပြည့်မီရေးနှင့် သတ်မှတ်ရက်အတွင်း အချိန်မီပြီးစီးရေးအတွက် ကြီးကြပ်ပေးရန် တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် စာကြည့်တိုက်သို့ ရောက်ရှိရာ ဒုတိယဝန်ကြီးက Journal of the Burma Research Society (JBRS) ကို ၁၉၁၁ ခုနှစ်မှ ၁၉၇၈ ခုနှစ်အထိ ထုတ်ဝေခဲ့သည့် သမိုင်းကို ထောက်ရှုလျက် မြန်မာနိုင်ငံတွင် အရည်အသွေးရှိသော သုတေသနဂျာနယ်များ ထုတ်ဝေဖြန့်ချိရန်လိုအပ်ကြောင်း၊ စာအုပ်ကောင်းများ မပျောက်ပျက်အောင် ထိန်းသိမ်းရန်နှင့် လွယ်လင့်တကူ ငှားရမ်းဖတ်ရှုနိုင်ရေး အားပေးရန် လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တက္ကသိုလ်ပင်မဆောင်၌ ဘာသာရပ်ဌာနဆရာ ဆရာမများအား တွေ့ဆုံ၍ နှုတ်ဆက်အားပေးပြီး လက်တွေ့ခန်းများကို စစ်ဆေးကာ ဒုတိယဝန်ကြီးက ကျောင်းသားကျောင်းသူများ အသုံးပြုသော လက်တွေ့ခန်းသုံးပစ္စည်းများ ခေတ်နှင့်လျော်ညီစေရေးနှင့် ကျောင်းသားတိုင်း ကိုင်တွယ်အသုံးပြုတတ်အောင် လေ့ကျင့်ပေးနိုင်ရန်အတွက် ဖြည့်တင်းပေးရေးတို့နှင့် စပ်လျဉ်း၍ မှာကြားသည်။

ထို့နောက် တက္ကသိုလ်ဝင်းအတွင်း လှည့်လည်ကာ ဥပဓိရုပ်ကောင်းမွန်ရေး၊ သန့်ရှင်းသာယာရေးတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ၂၀၂၆ ခုနှစ် မတ်လ ၁၈ ရက်နေ့တွင် ရန်ကုန်မြို့၏ ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

ရန်ကုန်တိုင်းဒေသကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ရန်ကုန်မြို့အတွင်း အောက်ဖော်ပြပါ တိုင်းတာမှတ် (၃) နေရာတွင် Ambient Air Quality Monitoring Station with Mobile Car- (AQMS Mobile Car)၊ Compact Air Quality Monitoring Station- (AQM 65) စက်များကို အသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$)၊ Sulphur Dioxide ($SO_2$)၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter (၆) မျိုးကို (၂၄) နာရီ ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

| စဉ် | ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝန်းကျင်လေထု အရည်အသွေး တိုင်းတာသည့်နေရာ | တိုင်းတာသည့် Parameter များ | | | | | |
|---|---|---|---|---|---|---|---|
| | | ၂.၅ မိုက်ခရွန်အရွယ်ရှိသော အမှုန်အမွှားများ | ၁၀ မိုက်ခရွန်အရွယ်ရှိသော အမှုန်အမွှားများ | ဆာလဖာဒိုင်အောက်ဆိုဒ် | နိုက်ထရိုဂျင်ဒိုင်အောက်ဆိုဒ် | အိုဇုန်း | ကာဗွန်မိုနောက်ဆိုဒ် |
| ၁ | ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၂ | အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်းဗဟိုဌာန၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၃ | ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |

လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)

| | |
|---|---|
| 0–50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51–100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101–150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151–200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201–300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301–500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှု အခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေးတိုင်းတာသည့်နေရာအနီးဝန်းကျင်အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**



## မိတ္ထီလာမြို့၌ မီးဘေးကာကွယ်ရေးဆောင်ရွက်

မိတ္ထီလာ မတ် ၁၉

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့၌ နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မိတ္ထီလာခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးနှင့် ခရိုင် မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ ယနေ့နံနက်ပိုင်းက မီးဘေးကာကွယ်ရေး လုပ်ငန်းကို အဆိုပါရုံးတွင် ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် အဆိုပါရုံးရှိ ဝန်ထမ်းများအား မီးဘေးကာကွယ်ရေး အသိပညာပေး ဟောပြောခြင်း၊ မီးသတ်ဆေးဘူးများဖြင့် လက်တွေ့မီးငြိမ်းသတ်မှုလေ့ကျင့်ပေးခြင်း၊ မီးငြိမ်းသတ်ယာဉ်ဖြင့် မီးငြိမ်းသတ်မှုဇာတ်တိုက် လေ့ကျင့်ခြင်းများကို ခရိုင်မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ချမ်းသာ(မိတ္ထီလာ)

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်း ဆီများ စားသုံးခြင်းကို လုံးဝ ရှောင်ကြဉ်ကြပါစို့**

# ကယားပြည်နယ်အတွင်းရှိ ထိခိုက်လွယ်အုပ်စုဝင်များသို့ ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနား ကျင်းပ

**လွိုင်ကော် မတ် ၁၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန အစီအစဉ်ဖြင့် ကယားပြည်နယ်အတွင်းရှိ ထိခိုက်လွယ်အုပ်စုဝင်များဖြစ်သည့် အသက် ၇၀ နှစ်နှင့်အထက် သက်ကြီးပုဂ္ဂိုလ်များ၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားသည့် အသက်ငါးနှစ်အောက်ကလေးသူငယ်များ၊ မသန်စွမ်းသူများအား ထောက်ပံ့ငွေပေးအပ်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် လွိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပရာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးစိန်ဦး၊ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ သက်ကြီးဘိုးဘွားများ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ ကလေးသူငယ်များ၊ မိဘများနှင့် မသန်စွမ်းသူများ တက်ရောက်ကြသည်။



အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က ထိခိုက်လွယ်အုပ်စုဝင်များ၏ လိုအပ်ချက်များကို တတ်နိုင်သမျှ ဖြည့်ဆည်းပေးခြင်း၊ ဘဝလုံခြုံရေးနှင့် ဂုဏ်သိက္ခာရှိစေရေး၊ ကျန်းမာရေးဘဝရပ်တည်ရှင်သန်နိုင်ရေးစသည်တို့ကို အလေးထားဖြည့်ဆည်းပေးခြင်းသည် မိသားစုအသိုက်အဝန်းနှင့် လူမှုအသိုက်အဝန်း ပျော်ရွှင်သာယာရေးအတွက် ကောင်းကျိုးရလဒ်များ ရရှိနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်က လူမှုကာကွယ်ရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသကဲ့သို့ စေတနာ့ဝန်ထမ်းများ၊ အဖွဲ့အစည်းများနှင့် ဌာနဆိုင်ရာများအနေဖြင့်လည်း ထိခိုက်လွယ်အုပ်စုဝင်များ၏ အခွင့်အရေးများနှင့် အနာဂတ်ဘဝသာယာလှပရေးအတွက် တတ်နိုင်သည့်ဘက်မှ ဝိုင်းဝန်းဖေးမကူညီသွားရန် တိုက်တွန်းပြောကြားသည်။

**လက်ခံရယူ**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက လွိုင်ကော်မြို့နယ်ရှိ ထိခိုက်လွယ်အုပ်စုဝင်များအတွက် ချီးမြှင့်ငွေများ၊ အသက်ငါးနှစ်အောက်ကလေးငယ် ၄၁၄ ဦးနှင့် မသန်စွမ်းသူ ၁၉၁ ဦးတို့အတွက် ထောက်ပံ့ငွေများနှင့် လွိုင်ကော်မြို့နယ်ရှိ ရပ်ကွက်၊ ကျေးရွာများမှ ထိခိုက်လွယ်အုပ်စုဝင်များအတွက် ထောက်ပံ့ငွေများပေးအပ်ကြရာ သက်ဆိုင်ရာကိုယ်စားလှယ်များက လက်ခံရယူကြသည်။

ယနေ့အခမ်းအနားတွင် လွိုင်ကော်မြို့နယ်အတွင်းရှိ ထိခိုက်လွယ်အုပ်စုဝင်များဖြစ်သည့် သက်ကြီးဘိုးဘွား ၁၂၈၀၊ ကလေးသူငယ် ၁၆၉၄ ဦး၊ ကိုယ်ဝန်ဆောင်မိခင် ၂၂၆ ဦးနှင့် မသန်စွမ်းသူ ၁၉၁ ဦး စုစုပေါင်း ၃၃၉၁ ဦးအတွက် ထောက်ပံ့ငွေကျပ် ၁၀၁၇၃၀၀၀၀ ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# သရက်မြို့၌ ငလျင်ဘေးအန္တရာယ် အသိပညာပေးနှိုးဆော်ခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေ

**သရက် မတ် ၁၉**

မကွေးတိုင်းဒေသကြီး သရက်မြို့၌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန သရက်ခရိုင်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက မန္တလေးငလျင်ကြီး လှုပ်ခတ်မှုတစ်နှစ်ပြည့် အသိပညာပေးလှုပ်ရှားမှု အနေဖြင့် ငလျင်ဘေးအန္တရာယ် အသိပညာပေးနှိုးဆော်ခြင်းနှင့် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ယနေ့နံနက် ၉ နာရီက စတင်၍ သရက်မြို့ အတွင်းရှိ ဇော်ဂျီရပ်ကွက်၊ ပြည်တော်အေးရပ်ကွက်၊ ရုံးရပ်ကွက်၊ အနောက်ရပ်တောင်ပိုင်းရပ်ကွက်၊ အနောက်ရပ်မြောက်ပိုင်းရပ်ကွက်၊ တောင်မင်းတည်းရပ်ကွက်၊ မြောက်မင်းတည်းရပ်ကွက်၊ ဈေးရပ်ကွက်တို့တွင် ဆောင်ရွက်ခဲ့သည်။



ထိုသို့အသိပညာပေးနှိုးဆော်ရာတွင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြထွေးနှင့် ဝန်ထမ်းများက လမ်းသွားလမ်းလာ ပြည်သူများနှင့် ဈေးရောင်းဈေးဝယ် ပြည်သူများအား အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးကာ ငလျင်ဘေးအန္တရာယ်နှင့် ပတ်သက်ပြီး ဆောင်ရန်၊ ရှောင်ရန် အချက်များကို အသိပညာပေးနှိုးဆော်ခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# မြောက်ဥက္ကလာမြို့နယ်ရှိ ဆေးတက္ကသိုလ်(၂)နှင့် သီရိရတနာဈေး၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေး

**ရန်ကုန် မတ် ၁၉**

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် မြို့နယ်မီးသတ်ဦးစီးဌာနနှင့် ဆေးတက္ကသိုလ်(၂)တို့ပူးပေါင်း၍ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်းနှင့် မီးငြိမ်းသတ်ရေးလေ့ကျင့်ခြင်းကို ဆေးတက္ကသိုလ်(၂)ခြံဝင်းအတွင်း၌ ကွင်းဆင်းဆောင်ရွက်ရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမိုးသူ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအတွင်းရေးမှူး ယာယီရဲမှူးမျိုးအောင်၊ ဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ထို့သို့ဆောင်ရွက်ရာတွင် မြောက်ဥက္ကလာပမြို့နယ်မီးသတ်ဦးစီးမှူး ဦးစည်သူမျိုးနှင့် တပ်ဖွဲ့ဝင်များက မီးဘေးကြိုတင်ကာကွယ်ရေးနည်းလမ်းများ၊ မီးလောင်မှုဖြစ်ပွားပါက လုပ်ဆောင်ရမည့်နည်းလမ်းများ၊ မီးသတ်ဆေးဘူးအကြောင်းနှင့် အသုံးပြုနည်းများကို ရှင်းလင်းပြသဆောင်ရွက်ခဲ့သည်။ ထို့နောက် မြောက်ဥက္ကလာပမြို့နယ် (၄)ရပ်ကွက် သီရိရတနာလက်လီလက်ကားဈေးတွင် ဈေးများမီးဘေးကြိုတင်ကာကွယ်ရေး စစ်ဆေးရာတွင် ဈေးတာဝန်ခံများနှင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးစည်သူမျိုး ဦးဆောင်၍ တပ်ဖွဲ့ဝင်များက ဈေးအတွင်းရှိ Hydrant ငုတ်များရေထွက်စမ်းခြင်း၊ ဈေးအတွင်းရှိ ဆိုင်ခန်းများ စစ်ဆေးခြင်းများကိုလည်း ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သက်လွင်စိုး(ပြန်/ဆက်)**

# ကျိုက်ထိုမြို့နယ်၌ အခြေခံအင်္ဂလိပ်စာသင်တန်း ဖွင့်လှစ်

**ကျိုက်ထို မတ် ၁၉**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရှိ လူထုအခြေပြုဗဟိုဌာနခန်းမတွင် ယနေ့နံနက်ပိုင်းက ကျောင်းသား ကျောင်းသူများအတွက် အခြေခံအင်္ဂလိပ်စာသင်တန်းဖွင့်ပွဲ ကျင်းပသည်။

ဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်သန်းသန်းမော်က အမှာစကား ပြောကြားသည်။ ထို့နောက် သင်တန်းပို့ချမည့် အထက်တန်းပြဆရာမ ဒေါ်ရွှေဇင်ခက်က ကျောင်းသား ကျောင်းသူများ ကျောင်းပိတ်ရက်ကာလတွင် ပညာရေးအထောက်အကူဖြစ်ပြီး ဉာဏ်ရည်ဖွံ့ဖြိုးတိုးတက်ရန်နှင့် အင်္ဂလိပ်စာသင်ကြားတတ်မြောက်ထားခြင်း၏ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားကာ သင်တန်းဆက်လက်ပို့ချရာ ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာသင်ယူကြသည်။



အဆိုပါသင်တန်းသို့ ကျောင်းသား ကျောင်းသူ ၄၂ ဦး တက်ရောက်ကြပြီး အင်္ဂလိပ်စာအခြေခံအသုံးအနှုန်းများ၊ အဓိပ္ပာယ်များ၊ အခြေခံအင်္ဂလိပ်စကားပြောခြင်းနှင့် ကလေးကဗျာများကို အခမဲ့သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ပြည့်ဖြိုး(ပြန်/ဆက်)**

# ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် မတ် ၁၉**

၂၁ - ၃ - ၂၀၂၆ ရက်(စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ(၅၈)၊ အမှတ်(၁၂)တွင် မိမိကိုယ်မိမိ ဉာဏ်ကောင်းသည်ဟု ဘဝမြင့်ကာ ပုံမှန်စာမကျက်ဘဲနေခဲ့ရာမှ လပတ်စာမေးပွဲတွင် သုံးဘာသာကျရှုံးခဲ့၍ နောင်တရခဲ့သော ချက်စူအကြောင်းကို သရုပ်ဖော်ထားသည့် **“ချက်စူပါဝင်သော စာမှန်မှန်ကျက် စာမခက်”** မျက်နှာဖုံးကာတွန်း၊ ခြင်ပိုကိုက်ခံရနိုင်သော အကြောင်းအရာများကို သိရှိရှောင်ရှားနိုင်စေရန် ရေးသားထားသည့် **“ဘာကြောင့်ခြင်တွေပိုကိုက်တာလဲ”** သုတဆောင်းပါးကဏ္ဍ၊ သူတစ်ပါးအပေါ် မေတ္တာစေတနာထားပါက မိမိတွင်လည်း ကောင်းကျိုးများ ပြန်လည်ခံစားရနိုင်ပုံကို သရုပ်ဖော်ထားသည့် **“မေတ္တာမုန့်ပေါင်း”** နှစ်မျက်နှာကာတွန်း၊ မိမိထက် အသက်အရွယ်ကြီးသူကို ကိုယ်ချင်းစာတရားထားရှိကာ လေးလေးစားစား ဆက်ဆံခဲ့မှုနှင့် သတိဝီရိယရှိမှုတို့ကြောင့် ဆင်းရဲသားဘဝမှ သူဌေးတစ်ဦးဖြစ်သွားသော လုလင်ပျိုလေးအကြောင်းကို ရေးသားထားသည့် **“လုလင်နဲ့ ရိုးသားကြိုးစားမှုဆုလာဘ်”** ပုံပြင်ကဏ္ဍ၊ လမ်းသွားလမ်းလာလူအများ အရိပ်ခိုနားနိုင်စေရန် ဗာဒံပင်ရိပ်၌ ခုံတန်းလေးများ လုပ်ပေးခဲ့သော အောင်ကိုတို့ သူငယ်ချင်း သုံးယောက်အကြောင်းကို ရေးသားထားသည့် **“သစ်တစ်ပင်၏ တန်ဖိုး”** ဝတ္ထုကဏ္ဍ၊ လူကြီးများ ပြောဆိုသည့်စကားကို သေသေချာချာ ဂရုစိုက်နားမထောင်ဘဲ ပေါ့ပေါ့ဆဆ နေခဲ့မိသောကြောင့် စာအုပ်များ မီးလောင်ခံခဲ့ရသော မြဂျိုးအကြောင်းကို သရုပ်ဖော်ထားသည့် **“မြဂျိုးပါဝင်သော သုံးတတ်လျှင် မိတ်ဆွေ မသုံးတတ်က ရန်သူ”** နှစ်မျက်နှာကာတွန်း၊ မိမိ၏ဇာတိဖြစ်သော ချောင်းလေးမှ မြစ်ကြီးဆီသို့ ပြောင်းရွှေ့ခဲ့ရာမှ ဒုက္ခရောက်ခဲ့ရသော ဖျိုင်း အကြောင်းကို သရုပ်ဖော်ထားသည့် **“ဇာတိမြေ”** နှစ်မျက်နှာကာတွန်း၊ ညစာအတွက် ဘယ်သူချက်ရမည်ဆိုသည်ကို အပြန်အလှန် ပြောဆိုပုံအမျိုးမျိုးနှင့် ရေးဖွဲ့ထားသည်ကို လေ့လာနိုင်မည့် **“ရွှေသွေး စကားဝိုင်း”** အင်္ဂလိပ်စာသင်ခန်းစာကဏ္ဍ၊ ဉာဏ်စမ်းကဏ္ဍနှင့် ကဗျာကဏ္ဍတို့အပါအဝင် ကဏ္ဍစုံစုံလင်လင်ဖြင့် ထွက်ရှိပြီဖြစ်ပါသည်။ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူရရှိနိုင်သည်။

**သတင်းစဉ်**



# ဖေဖော်ဝါရီလအတွင်း ဂျပန်နိုင်ငံသို့ လာရောက်လည်ပတ်သည့် နိုင်ငံခြားသားခရီးသွားအရေအတွက် မြင့်တက်



တိုကျို မတ် ၁၉

ဖေဖော်ဝါရီလအတွင်း ဂျပန်နိုင်ငံသို့ လာရောက်လည်ပတ်သည့် နိုင်ငံခြားသားခရီးသွားအရေအတွက်သည် ယမန်နှစ် အလားတူကာလထက် ၆ ဒသမ ၄ ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့်လတွင် နိုင်ငံရပ်ခြားမှ လာရောက်လည်ပတ်သူ ၃ ဒသမ ၄၆ သန်းကျော်ရှိပြီး ဖေဖော်ဝါရီလအတွက် စံချိန်တင်အမြင့်ဆုံးဖြစ်ကြောင်း ဂျပန်အမျိုးသားခရီးသွားလုပ်ငန်းအဖွဲ့က ပြောကြားခဲ့သည်။

တရုတ်နှစ်သစ်ကူးကာလ ဖြစ်သည့်အတွက် ဖေဖော်ဝါရီလတွင် ဂျပန်နိုင်ငံသို့ လာရောက်လည်ပတ်သည့် တရုတ်ခရီးသွားအရေအတွက် မြင့်တက်လာခဲ့သည်။

အလားတူ တောင်ကိုရီးယားနိုင်ငံမှ လာရောက်လည်ပတ်သူပေါင်း ၂၈ ဒသမ ၂ ရာခိုင်နှုန်းတိုးလာပြီး တရုတ်(တိုင်ပေ)မှ လာရောက်လည်ပတ်သူပေါင်း ၃၆ ဒသမ ၇ ရာခိုင်နှုန်း အသီးသီး မြင့်တက်လာခဲ့သည်။

ထို့ပြင် ခရီးသွားဝင်ရောက်မှုသည် ဟောင်ကောင်မှ ၁၉ ဒသမ ၆ ရာခိုင်နှုန်း၊ မက္ကဆီကိုမှ ၄၂ ဒသမ ၈ ရာခိုင်နှုန်း တိုးလာပြီး အိန္ဒိယနိုင်ငံမှ ၂၂ ဒသမ ၇ ရာခိုင်နှုန်း တိုးလာကြောင်း သိရသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# ယမန်နှစ်အတွင်း ကမ္ဘောဒီးယားနိုင်ငံ၏ ခရီးသွားလုပ်ငန်းဝင်ငွေ ကန်ဒေါ်လာ ၃ ဒသမ ၈၇ ဘီလီယံရရှိခဲ့



ဖနောင်ပင် မတ် ၁၉

ကမ္ဘောဒီးယားနိုင်ငံ၏ ခရီးသွားလုပ်ငန်းဝင်ငွေသည် ယမန်နှစ်အတွင်း ကန်ဒေါ်လာ ၃ ဒသမ ၈၇ ဘီလီယံရရှိခဲ့ပြီး ၂၀၂၄ ခုနှစ်ကထက် ၆ ဒသမ ၆ ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း ခရီးသွားလုပ်ငန်းဝန်ကြီးဌာန၏ မတ် ၁၈ ရက် မှတ်တမ်းအရ သိရသည်။

နိုင်ငံအတွင်းသို့ယမန်နှစ်အတွင်းက ခရီးသွားဝင်ရောက်မှု အနည်းငယ် လျော့နည်းခဲ့သော်လည်း ဝင်ငွေရရှိမှုပမာဏများခဲ့ကြောင်း ၎င်းမှတ်တမ်းအရ သိရသည်။

ခရီးသွားလုပ်ငန်း ကဏ္ဍမှ အလုပ်အကိုင် ၄၂၀၀၀၀ ကို ဖန်တီးပေးခဲ့ကြောင်း သိရသည်။ ခရီးသွားလုပ်ငန်းသည် စိုက်ပျိုးရေး၊ ဆောက်လုပ်ရေး၊ အိမ်ရာရောင်းချရေး၊ အထည်ချုပ်၊ ခရီးသွားထုတ်ကုန်၊ ဖိနပ်လုပ်ငန်းများနှင့်အတူ နိုင်ငံ၏စီးပွားရေးကို မြှင့်တင်ပေးသည့် လုပ်ငန်းဖြစ်သည်။ ကမ္ဘောဒီးယားနိုင်ငံသည် ကမ္ဘာလှည့်ခရီးသွားများအတွက် နွေးထွေးသည့် နေရာတစ်ခုဖြစ်ကြောင်း ခရီးသွားလုပ်ငန်းဝန်ကြီး ဟွပ်ဟက်က ပြောကြားသည်။ ကမ္ဘာလှည့် ခရီးသွားများအား ကာကွယ် စောင့်ရှောက်ရေးအတွက် အွန်လိုင်းလိမ်လည်မှုများကို အရေးယူဆောင်ရွက်နေပြီး မူခင်းကြိုတင်ကာကွယ်ရေးကို ဆောင်ရွက်နေကြောင်း ၎င်းက ပြောကြားသည်။ ကမ္ဘောဒီးယားနိုင်ငံတွင် အန်ကော ရှေးဟောင်းယဉ်ကျေးမှုနယ်မြေ အပါအဝင် ယူနက်စကိုအမွေအနှစ်စာရင်းဝင် နေရာငါးခုရှိပြီး နိုင်ငံအနောက်တောင်ပိုင်းတွင် အရှည် ကီလိုမီတာ ၄၅၀ ရှိသည့် ကမ်းရိုးတန်း ရှိသည်။

**ကိုးကား– ဆင်ဟွာ**
**ဘာသာပြန်– စိုးသူရ**

# ဘရာဇီးနိုင်ငံရှိ ပီဇာမုန့်ဆိုင်တစ်ခု၌ အစာအဆိပ်သင့်မှုဖြစ်ပွားခဲ့ရာ တစ်ဦးသေဆုံးပြီး ၁၀၀ ကျော် ဆေးရုံတင်ထားရ

ရီယိုဒီဂျနေးရိုး မတ် ၁၉

ဘရာဇီးနိုင်ငံ အရှေ့မြောက်ပိုင်း ပါရာဘာပြည်နယ် ပိုမ်ဘယ်မြို့ရှိ ပီဇာမုန့်ဆိုင်၌ ပီဇာစားပြီးနောက် အစာအဆိပ်သင့်မှုဖြစ်ပွားခဲ့ရာ တစ်ဦးသေဆုံးပြီး ၁၀၀ ကျော် ဆေးရုံတင်ထားရကြောင်း ဒေသဆိုင်ရာကျန်းမာရေးအာဏာပိုင်များက ယမန်နေ့တွင် ပြောကြားသည်။

အစာအဆိပ်သင့်သူအားလုံးကို မတ် ၁၆ ရက်တွင် ပိုမ်ဘယ်မြို့ဆေးရုံသို့ ပို့ဆောင်ခဲ့သော်လည်း အသက် ၄၄ နှစ်အရွယ် အမျိုးသမီးတစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ပျို့ခြင်း၊ အော့အန်ခြင်း၊ ဝမ်းဗိုက်နာခြင်းနှင့် အထွေထွေ နာမကျန်းခြင်း အပါအဝင် အလားတူ လက္ခဏာများ ခံစားရပြီးနောက် လူ ၁၀၀ ကျော်သည် ဆေးကုသမှုခံယူခဲ့ကြသည်။ မတ် ၁၅ ရက်ညပိုင်းတွင် အဆိုပါပီဇာ စားသောက်ဆိုင်တွင် ပီဇာများ မှာယူစားသောက်ခဲ့ကြောင်း လူနာများက ပြောကြားသည်။ ကျန်းမာရေးအာဏာပိုင်များ၏ အဆိုအရ ယနေ့အထိ ရှစ်နှစ်အရွယ် ကလေးတစ်ဦးသာ ဆေးရုံတက်နေရဆဲဖြစ်ပြီး ကျန်လူနာအားလုံး ပြန်လည်ကောင်းမွန်ခဲ့ကြောင်း သိရသည်။

ကျန်းမာရေးအာဏာပိုင်များက အစားအသောက်နမူနာများကို ခွဲခြမ်းစိတ်ဖြာရန်အတွက် နမူနာရယူထားပြီး ပီဇာဆိုင်ကို ယာယီပိတ်ထားကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – အောင်ကျော်ကျော်**

# ဩစတြေးလျနိုင်ငံ၌ လောင်စာဆီထောက်ပံ့ရေးလုပ်ငန်းအဖွဲ့ ဖွဲ့စည်း

ဆစ်ဒနီ မတ် ၁၉

ဩစတြေးလျနိုင်ငံ၌ လောင်စာဆီထောက်ပံ့ရေးလုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းလိုက်ကြောင်း ဝန်ကြီးချုပ် အန်ထော်နီ အယ်ဗားနိစ်က မတ် ၁၉ ရက်တွင် ကြေညာခဲ့သည်။

နိုင်ငံ၏ လောင်စာဆီထောက်ပံ့ရေး ကွင်းဆက်တည်ငြိမ်ရေးအတွက် အစိုးရအနေဖြင့် ကြိုးပမ်းဆောင်ရွက်နေကြောင်း ၎င်းက နိုင်ငံအတွင်းရှိ ဒေသဆိုင်ရာတာဝန်ရှိသူများနှင့်တွေ့ဆုံချိန်တွင် ပြောကြားခဲ့သည်။ နိုင်ငံအတွင်း လောင်စာဆီလုံလောက်ရေးအတွက် ပြင်ဆင်သင့်သည်များကို ပြင်ဆင်ထားကြောင်း ၎င်းကပြောကြားသည်။

နိုင်ငံသားများအနေဖြင့် လောင်စာဆီကို လိုအပ်သည်ထက် ပိုမိုသုံးစွဲခြင်းမပြုခြင်းဖြင့် ကူညီကြရန် ၎င်းက ပန်ကြားခဲ့သည်။ ဩစတြေးလျနိုင်ငံ စွမ်းအင်လုပ်ငန်းအဖွဲ့နှင့် စွမ်းအင်ဖူလုံရေးဘုတ်အဖွဲ့၏ အမှုဆောင်ချုပ်ဟောင်း အမ်တီအေ ဟဲရစ်အား အမျိုးသားလောင်စာဆီထောက်ပံ့ရေးလုပ်ငန်းအဖွဲ့၏ ညှိနှိုင်းရေးမှူးအဖြစ်ခန့်အပ်ခဲ့ပြီး နိုင်ငံအတွင်းရှိ ဒေသအသီးသီးတွင်လည်း လောင်စာဆီထောက်ပံ့ရေးအဖွဲ့လုပ်ငန်းအဖွဲ့ဆိုင်ရာ ညှိနှိုင်းရေးမှူးများကို ခန့်အပ်မည်ဟု သိရသည်။ ယင်းလုပ်ငန်းအဖွဲ့သည် နိုင်ငံအတွင်းရှိ ဒေသများတွင် လောင်စာဆီဖူလုံရေးနှင့် ထောက်ပံ့ရေးကွင်းဆက်များခိုင်မာရေးအတွက် ဆောင်ရွက်မည်ဖြစ်သည်။ နိုင်ငံအတွင်းရှိဒေသများတွင် လောင်စာဆီဖြန့်ဖြူးရာတွင် မလျော်ညီသည့် ဆောင်ရွက်ချက်များရှိကြောင်း ယှဉ်ပြိုင်မှုနှင့် စားသုံးသူရေးရာကော်မရှင်က စစ်ဆေးတွေ့ရှိခဲ့ပြီးနောက် ယခုကဲ့သို့ လောင်စာဆီထောက်ပံ့ရေးလုပ်ငန်းအဖွဲ့များ ဖွဲ့စည်းခြင်းဖြစ်သည်။

**ကိုးကား– ဆင်ဟွာ၊ ဘာသာပြန်– စိုးသူရ**

# သီရိလင်္ကာနိုင်ငံ၌ မော်တော်ယာဉ်များအား စုံ၊ မရက်ခွဲခြား၍ လောင်စာဆီဖြန့်ဖြူးသည့်စနစ် စတင်ဆောင်ရွက်



ကိုလံဘို မတ် ၁၉

သီရိလင်္ကာနိုင်ငံ၌ မော်တော်ယာဉ်များအား စုံ၊ မရက်ခွဲခြား၍ လောင်စာဆီဖြန့်ဖြူးသည့် စနစ်ကို မတ် ၁၈ ရက်တွင် စတင်ဆောင်ရွက်ခဲ့ကြောင်း ဆီလုံပက်ထရိုလီယမ် ကော်ပိုရေးရှင်း ဦးဆောင်ညွှန်ကြားရေးမှူး မယူရာနက်သိကုမာရာဂျိက ပြောကြားသည်။

၎င်းစနစ်အရ မော်တော်ယာဉ်နောက်ဆုံးနံပါတ် စုံနှင့်သုညဖြစ်သည့် ယာဉ်များအား စုံဂဏန်းကျသည့် ရက်များတွင် လောင်စာဆီရောင်းချပေးမည်ဖြစ်ပြီး နောက်ဆုံးနံပါတ် မ ဖြစ်သည့် ယာဉ်များအား မဂဏန်းကျသည့် ရက်များတွင် ရောင်းချပေးမည် ဖြစ်သည်။

ယခုကဲ့သို့ ဆောင်ရွက်ပေးခြင်းဖြင့် လောင်စာဆီဖြန့်ဖြူးရေးလုပ်ငန်းများ ထိရောက်အောင်မြင်မည်ဖြစ်ပြီး လောင်စာဆီရောင်းချသည့်ဆိုင်များအတွက် လုပ်ငန်းများဆောင်ရွက်ရာတွင် အဆင်ပြေမှုရှိမည်ဖြစ်သည်ဟု ၎င်းကပြောကြားသည်။ ကျူအာရ်ကုဒ် ဒေါင်းလုပ်ဆွဲရာတွင် အဆင်ပြေမှုမရှိသည့် မော်တော်ယာဉ်များကိုလည်း ကြာသပတေးနေ့တိုင်းတွင် ကျူအာရ်ကုဒ်ဖြင့် စစ်ဆေးခံရန်မလိုဘဲ လောင်စာဆီရောင်းချမည် ဖြစ်သည်။

ယခုကဲ့သို့ ဆောင်ရွက်ခြင်းသည် ကျူအာရ်ကုဒ်စနစ်နှင့် ပတ်သက်သည့် ပြဿနာကို ဖြေရှင်းဆောင်ရွက်ခြင်းဖြစ်ပြီး လောင်စာဆီဖြန့်ဖြူးရေးလုပ်ငန်းတွင်ကျယ်စေရေး အတွက် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**ကိုးကား –ဆင်ဟွာ**
**ဘာသာပြန်–စိုးသူရ**

# မေ့မထားသင့်သော အိန္ဒိယခရီးသွားဈေးကွက်

မြင့်ထွေး (ဟိုတယ် / ခရီး)

### အနောက်သို့ ခရီးသွားခြင်း

ခရီးသွားဌာနဖြစ်သည့်အပြင် ခြေထောက်မှာ ဗွေပါ၍လည်း ယခင်က မကြာခဏခရီးသွားဖြစ်ခဲ့သည်။ ယခုတစ်လော ပြည်တွင်းခရီး၊ ပြည်ပခရီးများ မသွားဖြစ်သည်မှာကြာပြီမို့ တော်တော်လေးကို ခရီးသွားချင်နေမိသည်။ ရေငတ်တုန်း ရေတွင်းထဲကျ ဆိုသလို တစ်ခါမှ မရောက်ဖူးသေးသော အိန္ဒိယနိုင်ငံသို့သွားရောက်ရန် မထင်မှတ်ဘဲ အခွင့်အရေးရခဲ့သည်။

ခရီးစဉ်အကြောင်းအရာက အာဆီယံ – အိန္ဒိယ ခရီးသွားလုပ်ငန်း ကျွမ်းကျင်ပညာရှင်များ ဖလှယ်ရေးအစီအစဉ် (ASEAN–India Tourism Professionals Exchange Programme) ဖြစ်သည်။ ယခုအစီအစဉ်ကို အာဆီယံခရီးသွားလာရေးနှစ် (ASEAN–India Tourism Year 2025) အထိမ်းအမှတ်အဖြစ် အိန္ဒိယနိုင်ငံအစိုးရမှ တာဝန်ပေးအပ်သော Assam Tourism Development Corporation (ATDC) Commissioner & Secretary to the Govt: of Assam က အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှတစ်ဆင့် အာဆီယံနိုင်ငံများသို့ ဖိတ်ကြားခဲ့ခြင်းဖြစ်သည်။

အစီအစဉ်ကို အိန္ဒိယနှင့် အာဆီယံနိုင်ငံများအကြား ခရီးသွားလုပ်ငန်းကိုမြှင့်တင်ရန် အထူးသဖြင့် အိန္ဒိယနိုင်ငံ၏ အရှေ့မြောက်ဒေသကို အာဆီယံနှင့် ပိုမိုချိတ်ဆက်နိုင်ရေး၊ အိန္ဒိယနှင့် သက်ဆိုင်ရာ ခရီးသွားအဖွဲ့အစည်းများအကြား ပူးပေါင်းတည်ဆောက်ခြင်းအားဖြင့် အိန္ဒိယနိုင်ငံမှ အရှေ့မြောက်ဒေသ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော်မည်ဖြစ်ပြီး တစ်ဆက်တည်းပင် ခရီးသွားပြပွဲများ၊ B.2.B အစည်းအဝေးများပြုလုပ်ခြင်း၊ အာဆီယံခရီးသွားလုပ်ငန်း အာဏာပိုင်အဖွဲ့များ (NTOs) မှ ကိုယ်စားလှယ်များနှင့် ခရီးသွားလုပ်ငန်းရှင်များအကြား အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုတိုးတက်စေရန်နှင့် ခရီးသွားကွန်ရက် တည်ဆောက်ရန် ရည်ရွယ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။

ဤအစီအစဉ်သို့ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ နှစ်ဦး၊ ပုဂ္ဂလိကကဏ္ဍမှ နှစ်ဦး၊ ပေါင်းလေးဦးနှင့် အာဆီယံနိုင်ငံ ၁၁ နိုင်ငံအနက် ဘရူနိုင်းနိုင်ငံမှလွဲ၍ ကျန်နိုင်ငံများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပါသည်။ အစီအစဉ်မှာ ၁၂–၁၂–၂၀၂၅ ရက်နေ့မှ ၁၇–၁၂–၂၀၂၅ ရက်နေ့အထိ ဖြစ်သော်လည်း လေယာဉ်လက်မှတ်အခြေအနေကြောင့် ကျွန်တော်တို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တစ်ရက်စော၍ ၁၁–၁၂–၂၀၂၅ ရက်နေ့တွင် ကနဦးအစီအစဉ်တွင် မပါဝင်သော ကိုလ်ကတ္တားမြို့သို့ Myanmar Airways လေယာဉ်ဖြင့် သွားရောက်ပြီး လေဆိပ်အနီးရှိ Hotel Soot ၌ တစ်ညတာ တည်းခိုရသည်။ နောက်တစ်နေ့တွင် အိန္ဒိယနိုင်ငံ ပြည်တွင်းလေကြောင်းလိုင်း Indi go ဖြင့် ဂူဝါဟာတီမြို့ရှိ Hotel Mayfair သို့ ရောက်ရှိပါသည်။

၁၃–၁၂–၂၀၂၅ ရက်နေ့တွင် အာဆီယံ–အိန္ဒိယ ခရီးသွားလုပ်ငန်း ကျွမ်းကျင်ပညာရှင်များ ဖလှယ်ရေး ဖွင့်ပွဲအခမ်းအနားကို အစီအစဉ်အတိုင်း ကျင်းပရာ အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာနဝန်ကြီး၊ အာသံပြည်နယ်ဆိုင်ရာ ခရီးသွားလုပ်ငန်းဝန်ကြီးနှင့် Assam Tourism Development Coporation Ltd., (ATDC) Commissioner & Secretary to the Govt: of Assam and Managing Director တို့မှ အိန္ဒိယနိုင်ငံ အာသံပြည်နယ်တွင် ခရီးသွားလုပ်ငန်းဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အကောင်အထည်ဖော်နေမှုများ၊ အာဆီယံနိုင်ငံများမှ ခရီးသွားဧည့်သည်များ ပိုမိုဝင်ရောက်လည်ပတ်နိုင်စေရေး ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် အိန္ဒိယနိုင်ငံနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ခရီးသွားလုပ်ငန်းမြှင့်တင်ရေး၊ ယဉ်ကျေးမှုဖလှယ်ရေးနှင့် စီးပွားရေးအခွင့်အလမ်းများ ဖော်ဆောင်နိုင်ရေးတို့ကို ရှင်းလင်းပြောကြားပါသည်။



မော်တော်ယာဉ် ၁၅ စီးဖြင့် အိန္ဒိယနိုင်ငံမှတစ်ဆင့် နယ်စပ်ဖြတ်ကျော် ဝင်ရောက်လည်ပတ်သည့် ခရီးတွင် တမူး–ကလေး–ပုဂံ လမ်းကြောင်းတစ်နေရာ။

ထို့နောက် B.2.B အစည်းအဝေးများကို ဆက်လက်ဆောင်ရွက်ကြရာ အိန္ဒိယနိုင်ငံအရှေ့မြောက်ဒေသအတွင်းရှိ ခရီးသွားလုပ်ငန်းရှင်များနှင့် အာဆီယံနိုင်ငံများမှ ခရီးသွားလုပ်ငန်းကိုယ်စားလှယ်များက နိုင်ငံအလိုက် အထင်ကရခရီးစဉ်ဒေသများကို ကြော်ငြာမိတ်ဆက်ကြပြီး အာဆီယံနိုင်ငံများမှ ခရီးသွားဧည့်သည်များအနေဖြင့် အိန္ဒိယနိုင်ငံ အာသံပြည်နယ်ဒေသသို့ ပိုမိုလာရောက်စေရေး၊ ခရီးစဉ်ဒေသများ ရှာဖွေဖော်ထုတ်ကြော်ငြာသွားရန်၊ အိန္ဒိယနိုင်ငံနှင့် အာဆီယံနိုင်ငံများမှ ခရီးသွားကုမ္ပဏီများ၊ Agent များအကြား ခရီးသွားများ သဘောကျမည့် ခရီးစဉ်များ၊ Package Tour များ ဖော်ထုတ်ခြင်းနှင့် ဈေးကွက်မြှင့်တင်ခြင်းများ ပူးပေါင်းဆောင်ရွက်သွားရန်၊ ခရီးသွားများအတွက် ပိုမိုထိရောက်ကောင်းမွန်သော ဝန်ဆောင်မှုများ ပေးနိုင်ရေး ပူးပေါင်းဆောင်ရွက်သွားရန် ဆွေးနွေးခဲ့ကြပြီး ခရီးသွားကုမ္ပဏီများ၊ Agent များအချင်းချင်း အပြန်အလှန် ချိတ်ဆက်ဆောင်ရွက်ကြပါသည်။

ဆက်လက်၍ အာသံပြည်နယ်အတွင်း ဒေသထွက်ကုန်ပြခန်းများကို ပြသပြီးနောက် ယဉ်ကျေးမှုအကအဖွဲ့ဖြင့် ဖျော်ဖြေကြပါသည်။

### ကာဇင်ရန်ဂါအမျိုးသားဥယျာဉ်

၁၄–၁၂–၂၀၂၅ ရက်နေ့တွင် အာဆီယံနိုင်ငံများမှ ခရီးသွားလုပ်ငန်းဆိုင်ရာ ကိုယ်စားလှယ်အဖွဲ့များအား ကာဇင်ရန်ဂါအမျိုးသားဥယျာဉ် (Kaziranga National Park)သို့ လေ့လာရေးပို့ခဲ့ပါသည်။

ကာဇင်ရန်ဂါအမျိုးသားဥယျာဉ် (Kaziranga National Park)သည် အာသံပြည်နယ်၏ အထင်ရှားဆုံး Wildlife Safari ဥယျာဉ်ဖြစ်ပြီး အိန္ဒိယနိုင်ငံ၏ အရှေ့မြောက်ပိုင်းဒေသတွင် တည်ရှိပါသည်။ ၁၉၀၅ ခုနှစ်တွင် Game Reserve အဖြစ် တည်ထောင်၍ ၁၉၇၄ ခုနှစ်တွင် အမျိုးသားဥယျာဉ်အဖြစ် အတည်ပြုခဲ့ပါသည်။ အကျယ်အဝန်း စတုရန်းကီလိုမီတာ ၁၀၉၀ ကျယ်ဝန်းပြီး ၁၉၈၅ ခုနှစ်တွင် UNESCO World Heritage Site အဖြစ် သတ်မှတ်ခံခဲ့ရပါသည်။ ကမ္ဘာပေါ်တွင်အိန္ဒိယ ဦးချိုတစ်ချောင်းကြံ့များ (Indian one–horned rhinoceroses) အများဆုံးနေထိုင်ရာ ဥယျာဉ်ဖြစ်ပြီး အကောင်ရေ ၂၀၀၀ ကျော်ရှိသည့်အပြင် ကျား၊ ဆင်၊ ကျွဲ၊ ရေမြင်း၊ သမင်၊ လင်းယုန်ငှက်များအပါအဝင် ကျားသစ်နှင့် ဝက်ဝံများကဲ့သို့သော သတ္တဝါများလည်း ရှင်သန်နေထိုင်ကြပါသည်။ ၂၀၀၇ ခုနှစ်တွင် ကျားဘေးမဲ့တောအဖြစ် ကြေညာခဲ့ပြီး ကမ္ဘာလုံးဆိုင်ရာမျိုးသုဉ်းရန် အန္တရာယ်ရှိသော ရွှေ့ပြောင်းငှက်မျိုးစိတ်များကို ထိန်းသိမ်းစောင့်ရှောက်ရာတွင် ဤအမျိုးသားဥယျာဉ်သည် အရေးပါသောအခန်းကဏ္ဍတွင် ရှိနေပါသည်။

၂၀၂၄–၂၀၂၅ ဘဏ္ဍာနှစ်တွင် ကာဇင်ရန်ဂါ အမျိုးသားဥယျာဉ် (Kaziranga National Park) သို့ နိုင်ငံတကာခရီးသွား ၁၇၆၉၃ ဦး အပါအဝင် ခရီးသွားဧည့်သည် ၄၀၆၅၆၄ ဦး လာရောက်လည်ပတ်ခဲ့ပါသည်။ ကာဇင်ရန်ဂါအမျိုးသားဥယျာဉ် (Kaziranga National Park) တွင် ဗဟိုဇုန် (သို့မဟုတ်) ကာဇီကာရန်ဇုန်၊ အနောက်ပိုင်းဇုန် (သို့မဟုတ်) ဘာဂိုရီဇုန်၊ အရှေ့ပိုင်းဇုန် (သို့မဟုတ်) အာဂါရာတိုလီဇုန်နှင့် ဘူရာပါဟာဇုန်ဟူ၍ Safari Zone လေးခု ခွဲခြားထားပါသည်။

လည်ပတ်ရာတွင် Jeep Safari နှင့် Elephant Safari ဟူ၍ နှစ်မျိုးရှိရာ Jeep Safari ကို ဇုန်တိုင်းတွင် ရရှိနိုင်ပြီး အချိန်တစ်နာရီခွဲမှ နှစ်နာရီကြာ လည်ပတ်နိုင်ပါသည်။ Elephant Safari ကိုမူ ဗဟိုဇုန်နှင့် အနောက်ပိုင်းဇုန်တွင် ကြည့်ရှုနိုင်ပြီး အချိန်တစ်နာရီကြာ လည်ပတ်နိုင်ပါသည်။ ဇုန်အမျိုးအစားအလိုက် ပြည်ပခရီးသွားများအတွက် ရူပီး ၄၀၀၀ မှ ရူပီး ၉၇၀၀ ကုန်ကျမည်ဖြစ်ပါသည်။

အမျိုးသားဥယျာဉ်တွင် နှစ်စဉ် ဖေဖော်ဝါရီလ၌ ကျင်းပသော Kaziranga ဆင်ပွဲတော်မှာ အထင်ရှားဆုံးဖြစ်ပါသည်။ ၁၉၉၂ ခုနှစ်တွင် စတင်ခဲ့သော အစိုးရ၏ စီမံကိန်းဖြစ်သည့် Project Elephant ၏ ပံ့ပိုးမှုဖြင့် အာသံပြည်နယ် သစ်တောဌာနနှင့် ခရီးသွားဌာနတို့ပူးပေါင်းပြီး ၂၀၀၃ ခုနှစ်တွင် ပွဲတော်ကို စတင်ကျင်းပခဲ့ကြောင်း သိရှိရပါသည်။ ဤပွဲတော်အား ဆင်ထိန်းသိမ်းစောင့်ရှောက်ခြင်း၏ အရေးပါမှုကို မီးမောင်းထိုးပြရန်နှင့် လူများနှင့်တောရိုင်းတိရစ္ဆာန်များအကြား ရေရှည်တည်တံ့သော အတူယှဉ်တွဲနေထိုင်မှုတို့ကို အသိပညာပေးရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်တော်တို့ အာဆီယံအဖွဲ့ဝင်များအား Jeep ကားများဖြင့် လုံခြုံရေးအစောင့်အကြပ်များ လိုက်ပါလျက် ဆာဖာရီဥယျာဉ်အတွင်း လှည့်လည်ပြသရာ ကမ္ဘာ့မီဒီယာများတွင် တွေ့မြင်ရသည့် အာဖရိက သဘာဝတောရိုင်းဇုန်အတွင်း လေ့လာရသကဲ့သို့ ဖြစ်နေသဖြင့် စိတ်လှုပ်ရှားမှု ဖြစ်စေခဲ့သည်။

၁၅–၁၂–၂၀၂၅ ရက်နေ့တွင် ကာဇင်ရန်ဂါ အမျိုးသားဥယျာဉ် (Kaziranga National Park) အနီးရှိ Hathikuli လက်ဖက်ခြောက်စက်ရုံသို့ သွားရောက်လေ့လာကြပါသည်။ Hathikuli လက်ဖက်ခြောက်စက်ရုံသည် အိန္ဒိယနိုင်ငံ အာသံပြည်နယ်တွင် အကြီးဆုံးသဘာဝ (Organic) လက်ဖက်ခြောက်စိုက်ခင်းမှ လက်ဖက်ခြောက်ထုတ်လုပ်ရေး စက်ရုံဖြစ်ပါသည်။ အဆိုပါ စက်ရုံတွင် ဓာတုပစ္စည်းများမသုံးဘဲ သဘာဝနည်းလမ်းများဖြင့် လက်ဖက်ရွက်ကို စိုက်ပျိုးထုတ်လုပ်ခြင်းကြောင့် ပတ်ဝန်းကျင်ထိခိုက်မှုကို လျော့နည်းစေပြီး ဇီဝမျိုးစုံကို ထိန်းသိမ်းပေးပါသည်။ ထို့အပြင် ဒေသခံပြည်သူများအတွက် အလုပ်အကိုင်များ ဖန်တီးပေးသည့်အပြင် ကာဇင်ရန်ဂါဒေသ၏ ခရီးသွားလုပ်ငန်းနှင့်ချိတ်ဆက်၍ လက်ဖက်ခြောက်ယဉ်ကျေးမှုကို ပြသနိုင်သည့် စိုက်ပျိုးရေးနှင့် ခရီးသွားလုပ်ငန်း ပေါင်းစပ်စံနမူနာတစ်ခုဖြစ်သည်ကို တွေ့ရှိရပါသည်။

၁၆–၁၂–၂၀၂၅ ရက်နေ့တွင် အာဆီယံ– အိန္ဒိယ ခရီးသွားလုပ်ငန်းကျွမ်းကျင်ပညာရှင်များ ဖလှယ်ရေးအစီအစဉ် ပိတ်ပွဲအခမ်းအနားကို နယူးဒေလီမြို့ Hotel EROS တွင် ပြုလုပ်ခဲ့ရာ အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာနဝန်ကြီး၊ အာဆီယံနိုင်ငံများမှ သံအမတ်ကြီးများ၊ Assam Tourism Development Coporation Ltd., (ATDC) မှ Managing Director တို့ တက်ရောက်ပြီး ယခုအစီအစဉ်သို့ ပါဝင်တက်ရောက်ပေးကြသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်းနှင့် အိန္ဒိယနိုင်ငံသို့ လာရောက်လည်ပတ်ရန် ဖိတ်ခေါ်ပါကြောင်း ပြောကြားပါသည်။ ကျွန်တော်တို့ မြန်မာကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့မှ ၁၇–၁၂–၂၀၂၅ ရက်နေ့တွင်ပြန်လည်ထွက်ခွာလာရာ မြန်မာနိုင်ငံသို့ မွန်းလွဲပိုင်းတွင် ပြန်လည်ရောက်ရှိခဲ့ပါသည်။

### အကျိုးကျေးဇူး

အာဆီယံ–အိန္ဒိယ ခရီးသွားလာရေးနှစ် (ASEAN– India Tourism Year 2025) အထိမ်းအမှတ်အဖြစ် အိန္ဒိယနိုင်ငံ ဂူဝါဟာတီမြို့ ကာဇင်ရန်ဂါနှင့် နယူးဒေလီမြို့တွင် ပြုလုပ်ခဲ့သည့် အာဆီယံ–အိန္ဒိယ ခရီးသွားလုပ်ငန်းကျွမ်းကျင်ပညာရှင်များ ဖလှယ်ရေးအစီအစဉ်ကြောင့် အိန္ဒိယနိုင်ငံအပါအဝင် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးမှု တည်ဆောက်နိုင်ခဲ့ခြင်း၊ မြန်မာနိုင်ငံ၏ အထင်ကရခရီးစဉ်များကို အိန္ဒိယခရီးသွားဧည့်သည်များ ပိုမိုလာရောက်စေရေး ကြော်ငြာနိုင်ခဲ့ခြင်း၊ အစိုးရ–ပုဂ္ဂလိက ကိုယ်စားလှယ်များ ပါဝင်တက်ရောက်နိုင်ခဲ့သဖြင့် အစိုးရ–ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု ပိုမိုခိုင်မာစေခြင်း၊ အိန္ဒိယနိုင်ငံ၏ ခရီးသွားမြှင့်တင်ရေး ဆောင်ရွက်နေမှုများကို သိရှိခွင့်ရခဲ့ခြင်း စသည့်အကျိုးကျေးဇူးများကို ရရှိစေခဲ့ပါသည်။

အိန္ဒိယနိုင်ငံတွင် တစ်ပတ်ခန့် နေထိုင်စဉ်အတွင်း အိန္ဒိယနိုင်ငံရှိ ခရီးသွားလုပ်ငန်းမှ တာဝန်ရှိသူများ၏ ခရီးသွားလုပ်ငန်းအပေါ် သဘောထားများ၊ ဟိုတယ်များ၏ အဆင့်အတန်းနှင့် ဝန်ဆောင်မှု၊ ခရီးသွားကုမ္ပဏီများနှင့် အေးဂျင့်များ၏ လူမှုဆက်ဆံရေး၊ ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်သော လုပ်ငန်းများမှ ပုဂ္ဂိုလ်များက ရေရှည်မျှော်မှန်းချက်များကို အနီးကပ်လေ့လာသုံးသပ်မိသည်။ ခရီးသွားလုပ်ငန်းသည် အိန္ဒိယနိုင်ငံ၏ စီးပွားရေးကို အဓိကအထောက်အကူပြုနေသည့် စီးပွားရေးလုပ်ငန်း မဟုတ်သော်လည်း အိန္ဒိယအစိုးရနှင့် ခရီးသွားလုပ်ငန်းနှင့် ဆက်နွယ်သူတို့က ခရီးသွားလုပ်ငန်း၏ အကျိုးရလဒ်များကို သိရှိလာကြပြီဖြစ်သဖြင့် ၂၀ ရာစု နောက်ပိုင်းကာလများတွင် ခရီးသွားလုပ်ငန်းအား အလေးထားလာကြသည်ကို သတိထားမိသည်။

ရောက်ရှိခဲ့သော ဟိုတယ်များ၏ အဆင့်အတန်း၊ ဝန်ဆောင်မှုအရည်အသွေး၊ တန်ဖိုးမြှင့်ခရီးသွားထုတ်ကုန်များ၊ လည်ပတ်လေ့လာစရာခရီးစဉ်ဒေသများ၊ အပန်းဖြေရန်နေရာများ၊ အသေးစား၊ အလတ်စား စက်မှုလက်မှုထုတ်ကုန်များ၊ ဒေသထွက်ပစ္စည်းများ၊

စာမျက်နှာ ၁၅ သို့ ◆

◆ စာမျက်နှာ ၁၄ မှ

ဒေသရိုးရာအစားအစာများ၊ ရိုးရာအကဖျော်ဖြေမှုများဖြင့် ဧည့်သည်များအပေါ် ဆွဲဆောင်လျက်ရှိသည်ကို တွေ့ရသည်။ ခရီးသွားလုပ်ငန်းဖြင့် နိုင်ငံခြားဝင်ငွေကို အဓိကရှာဖွေနေသော နိုင်ငံများ၏ ခရီးသွားလုပ်ငန်းအခြေအနေများနှင့် နှိုင်းယှဉ်ပါက အိန္ဒိယနိုင်ငံ၏ ခရီးသွားလုပ်ငန်းမြှင့်တင်ဆောင်ရွက်မှုအခြေအနေများမှာ လိုအပ်ချက်များစွာ ရှိနေသေးသော်လည်း ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၎င်းတို့၏ ဦးတည်ကြိုးပမ်းဆောင်ရွက်နေမှုများကို ကိုယ်တိုင်ကြုံတွေ့ချက်များအရ တလေးတစား အသိအမှတ်ပြုမိသည်။

အိန္ဒိယနိုင်ငံသည် ချမ်းသာကြွယ်ဝမှုနှင့်အတူ နိုင်ငံဖွံ့ဖြိုးတိုးတက်လာသောကြောင့် တစ်ဦးချင်းဝင်ငွေများပြားလာပြီး ခရီးသွားမှုများကို နိုင်ငံအတွင်းတွင်လည်းကောင်း၊ ပြည်ပနိုင်ငံများသို့လည်းကောင်း အကြောင်းအမျိုးမျိုးဖြင့် သွားလာကြသည်ကို သတိထားတွေ့မြင်ရသည်။ ယဉ်ကျေးမှုဆိုင်ရာ ခရီးသွားလုပ်ငန်း၊ သမိုင်းအမွေအနှစ်များလေ့လာခြင်းဆိုင်ရာ ခရီးသွားလုပ်ငန်း၊ သဘာဝအခြေခံခရီးသွားလုပ်ငန်း၊ စွန့်စားခရီးသွားလုပ်ငန်းတို့ကို စိတ်ဝင်စားသော ခရီးသည်များသည် အိန္ဒိယနိုင်ငံသို့ လာရောက်လည်ပတ်လေ့ရှိကြသည့်အပြင် ကျန်းမာရေးခရီးသွားလုပ်ငန်း၊ ဘုရားဖူးခရီးသွားလုပ်ငန်းများအား စိတ်ဝင်စားသည့်ခရီးသည်များလည်း သွားရောက်ကြသည်။ ၂၀၂၄ ခုနှစ်တွင် အိန္ဒိယနိုင်ငံ၏ ခရီးသွားလာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ ပြည်ပမှ လာရောက်သူ ၂၀ ဒသမ ၅၇ သန်းရှိပြီး နိုင်ငံအတွင်းမှ ပြည်ပသို့ လည်ပတ်သူ ၂၃ ဒသမ ၅ သန်းရှိသည်ဟု သိရသည်။

Tourism in India Website ၏ ၂၀၂၅ ခုနှစ်အတွက် အိန္ဒိယနိုင်ငံ၏ ခရီးသွားအချက်အလက်များအရ အိန္ဒိယနိုင်ငံသို့ ပြည်ပမှလာရောက်သူ ၁၁ ဒသမ ၂ သန်း ကျော်ရှိပြီး အိန္ဒိယနိုင်ငံအတွင်းမှ ပြည်ပသို့ သွားရောက်သူ ခရီးသွား ၂၇ သန်းမှ ၂၈ သန်းအကြားတွင် ရှိနေသည်ကို တွေ့ရသည်။ ပြည်ပသို့ သွားရောက်သော ခရီးသွားတစ်ဦးချင်းစီ၏ တစ်နေ့တာအသုံးစရိတ်မှာ ပျမ်းမျှအနေဖြင့် အမေရိကန် ဒေါ်လာ ၁၂၀ မှ ၁၅၀ အကြားတွင် ရှိသည်။ အိန္ဒိယနိုင်ငံသို့ လာရောက်လည်ပတ်သော ခရီးသွားများသည် ပျမ်းမျှ ၁၄ ရက်မှ ၁၅ ရက်ခန့် နေထိုင်ကြသည်ကို တွေ့ရှိရသည်။ အိန္ဒိယနိုင်ငံသားများအနေဖြင့် ထိုင်း၊ စင်ကာပူ၊ ဘာလီ (အင်ဒိုနီးရှား)၊ ဒူဘိုင်း၊ အင်္ဂလန်၊ ဆွစ်ဇာလန်၊ အမေရိကန်၊ ဆော်ဒီအာရေဗျနိုင်ငံတို့သို့ အများဆုံး သွားရောက်လည်ပတ်ကြသည်။

**မြန်မာနိုင်ငံအတွက်အခွင့်အလမ်း**

မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်သော အိန္ဒိယခရီးသွားဧည့်သည်များမှာ ၂၀၁၅ ခုနှစ်တွင် ၅၉၆၉၂ ဦး၊ ၂၀၁၆ ခုနှစ်တွင် ၆၃၈၆၄ ဦး၊ ၂၀၁၇ ခုနှစ်တွင် ၈၆၉၀၇ ဦး၊ ၂၀၁၈ ခုနှစ်တွင် ၁၀၂၇၀၂ ဦး၊ ၂၀၁၉ ခုနှစ်တွင် ၁၁၇၃၁၇ ဦးသို့ တဖြည်းဖြည်းတိုးမြှင့် လာရောက်လည်ပတ်လျက်ရှိသော်လည်း ၂၀၂၀ ပြည့်နှစ်မှစ၍ အခြားနိုင်ငံသားများနှင့် နှိုင်းယှဉ်ပါက နှစ်စဉ်ကျဆင်းသွားခဲ့ရာ ၂၀၂၅ ခုနှစ်တွင် ၁၈၄၇၄ ဦးသာ ဝင်ရောက်ခဲ့သည်။ ခရီးစဉ်ဒေသများ လုံခြုံအေးချမ်းမှုရှိလာပါက ၂၀၁၉ ခုနှစ်က လာရောက်လည်ပတ်သည့်ဦးရေထက် ပိုမိုဝင်ရောက်လည်ပတ်ရန် ခရီးသွားလိုသော အိန္ဒိယနိုင်ငံသားများ၏ ဆန္ဒနှင့် မြန်မာနိုင်ငံ၏ အခြေအနေများက အခွင့်အလမ်းများစွာရှိနေသည်။

အာသံပြည်နယ်သည် အိန္ဒိယနိုင်ငံ၏ အရှေ့မြောက်ပိုင်းတွင်တည်ရှိပြီး မြန်မာနိုင်ငံနှင့် ထိစပ်လျက်ရှိသဖြင့် နိုင်ငံတကာမှ ကမ္ဘာလှည့်ခရီးသည်များသည် တမူး-မိုရေး ဝင်ပေါက်မှ နယ်စပ်ဖြတ်ကျော် ယာဉ်တန်းများ၊ ဆိုင်ကယ်ယာဉ်တန်းခရီးစဉ်များဖြင့် ဝင်ရောက်လည်ပတ်လျက်ရှိသည်။ ကျွန်တော်တို့ ခရီးစဉ်တွင် တက်ရောက်အမှာစကားပြောကြားသော အာသံပြည်နယ်ဆိုင်ရာ ခရီးသွားဝန်ကြီး Shri Rangeet Kuman Dass နှင့် Assam Tourism Development Coporation Ltd., (ATDC) Commissioner & Secretary to the Govt: of Assam and Managing Director ဖြစ်သူ Mr Kumar Padmapani Bora တို့မှာ မြန်မာနယ်စပ် တမူးမြို့သို့ အကြိမ်ကြိမ်ရောက်ရှိခဲ့သဖြင့် လည်းကောင်း၊ ရေမြေဆက်စပ်မှုအရလည်းကောင်း ကျွန်တော်တို့နှင့် ဆုံတွေ့ချိန်တွင် မိတ်ဆွေရင်းချာလို ရှိနေသည်။ တမူးနယ်စပ်တွင် မွေးဖွားခဲ့သူဖြစ်၍ စကားပြောဆိုရာတွင် ပွင့်လင်းစွာအားရပါးရရှိလှသည်။ ရုပ်ရည်နှင့် အသားအရေမှာလည်း မြန်မာနှင့်ဆင်လှသည်။ အထူးသဖြင့် သူတို့၏ မျှော်မှန်းချက်များမှာ တမူးနယ်စပ်မှ ဝင်ရောက်လည်ပတ်မှု၊ ကုန်သွယ်စီးဆင်းမှုတို့ဖြစ်သည်ကို တွေ့ရသည်။




အိန္ဒိယနိုင်ငံ အာသံပြည်နယ် ကာဇင်ရန်ဂါ အမျိုးသား ဥယျာဉ်အတွင်း ကြည့်ရှုလေ့လာ။

**နယ်စပ်ဖြတ်ကျော်ဝင်ရောက်လည်ပတ်မှု**

၂၀၀၅ ခုနှစ်တွင် Border Crossing ဖြစ်သည့် နိုင်ငံအသီးသီးမှ မြန်မာနိုင်ငံသို့ Caravan Tour များဖြင့်စတင်ခဲ့သည်။ ထိုစဉ်က ဒေသတွင်းတည်ငြိမ်မှု၊ တမူးမြို့ဝင်ပေါက်အား အပြည်ပြည်ဆိုင်ရာဝင်ပေါက်အဖြစ် သတ်မှတ်ထားမှုတို့ကြောင့် အိန္ဒိယနိုင်ငံ အာသံပြည်နယ်ကိုဖြတ်၍ တမူးအဝင်-တမူးအထွက်၊ တမူးအဝင်-မြဝတီအထွက်၊ တမူးအဝင်-တာချီလိတ်အထွက်၊ တာချီလိတ်အဝင်-တမူးအထွက်၊ မြဝတီအဝင်-တမူးအထွက် စသည့် မိုင်ပေါင်းများစွာ ရှည်လျားကြမ်းတမ်းခက်ခဲသော ခရီးစဉ်လမ်းကြောင်းတွင် နိုင်ငံဖြတ်ကျော်ယာဉ်တန်းများ၊ ဆိုင်ကယ်ယာဉ်တန်းများ လူးလာခေါက်တုံ့ သွားလာခဲ့ကြသည်။

Caravan ခရီးစဉ်များသွားလာမှု အများဆုံးဖြစ်သည့် ၂၀၁၉ ခုနှစ်တွင် ဂျာမနီ၊ ဗြိတိန်၊ ဩစတြေးလျ၊ ပြင်သစ်၊ အမေရိကန်၊ နယ်သာလန်၊ အီတလီ၊ ဆွစ်ဇာလန်၊ နယူးဇီလန်၊ ရုရှား၊ ချက်ခ်၊ ဘယ်လ်ဂျီယံ၊ နော်ဝေ၊ ကနေဒါ၊ ဆလိုဗေးနီးယား၊ စပိန်၊ အာဂျင်တီးနား၊ အိုင်ယာလန်၊ ဆော်ဒီအာရေးဗီးယား၊ ဒိန်းမတ်၊ ပိုလန်၊ မော်လတာ၊ ကိုရီးယား၊ တရုတ်၊ မလေးရှား၊ အင်ဒိုနီးရှား၊ စင်ကာပူ၊ အိန္ဒိယနိုင်ငံသား ကမ္ဘာလှည့်ခရီးသည် ၃၄၇ ဦးက မော်တော်ယာဉ် ၁၁၉ စီး၊ ဆိုင်ကယ် ၁၁၂ စီးတို့ဖြင့် တမူးနယ်စပ်ကိုဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်လည်ပတ်ခဲ့ကြသည်။ ထို့အတူ ၂၀၂၀ ပြည့်နှစ်တွင်လည်း ကမ္ဘာလှည့်ခရီးသည် ၁၂၂ ဦးတို့သည် မော်တော်ယာဉ် ၄၁ စီး၊ ဆိုင်ကယ် ၃၈ စီးတို့ဖြင့် တမူးမြို့မှ ဝင်ရောက်ထွက်ခွာခဲ့ကြပါသည်။

ယခုအခါ နယ်မြေခရီးလမ်းကြောင်း လုံခြုံမှုအခြေအနေကြောင့် တမူးလမ်းကြောင်းမှ လာရောက်မည့် Caravan Tour များ ရပ်တန့်ခဲ့သည်မှာ ငါးနှစ်ခန့် ကြာမြင့်ပြီးဖြစ်၍ ၂၀၁၅၊ ၂၀၁၆၊ ၂၀၁၇၊ ၂၀၁၈၊ ၂၀၁၉ ခုနှစ်ကာလများကဲ့သို့ မော်တော်ယာဉ်တန်းများ၊ ဆိုင်ကယ်ယာဉ်တန်းများ ပြန်လည်၍ လူးလာခေါက်တုံ့သွားလာကြမည်ကို တွေးမျှော်မှန်းရန် မဝံ့ရဲသေးသော်လည်း ယခင်လို ပြန်လည်ဖြစ်စေချင်လှသည်မှာ တကယ့်ဆန္ဒအမှန်ဖြစ်သည်။

**ဗီဇာဖြေလျှော့မှု**

မြန်မာနိုင်ငံအနေဖြင့် နိုင်ငံပေါင်း ၂၅ နိုင်ငံမှ သံတမန်နှင့် အထူးနိုင်ငံကူးလက်မှတ်ကိုင်ဆောင်ထားသူများအတွက် အပြန်အလှန်ဗီဇာကင်းလွတ်ခွင့် စာချုပ်ချုပ်ဆိုထားပြီး ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားချိန်တွင် မြန်မာနိုင်ငံသို့ လာရောက်မည့် ခရီးသွားများအား ပြည်ဝင်ဗီဇာထုတ်ပေးမှုကို ယာယီရပ်ဆိုင်းထားခဲ့သော်လည်း နိုင်ငံပေါင်း ၂၂ နိုင်ငံကို ပြည်ဝင်ဗီဇာကင်းလွတ်ခွင့် ပြန်လည်ခွင့်ပြုပေးလျက်ရှိပါသည်။ ထို့အပြင် အာဆီယံနိုင်ငံများမှ သာမန်နိုင်ငံကူးလက်မှတ်ကိုင်ဆောင်သူများကို အပြန်အလှန်ပြည်ဝင်ဗီဇာကင်းလွတ်ခွင့်ပြုထားပါသည်။

မြန်မာနိုင်ငံသို့ လာရောက်မည့် ရုရှားသာမန်နိုင်ငံကူးလက်မှတ် ကိုင်ဆောင်သူများအတွက် ရက်ပေါင်း ၃၀ နေထိုင်ခွင့်ရှိ လုပ်ငန်းဗီဇာနှင့် ကမ္ဘာလှည့်ခရီးသွား ဗီဇာကင်းလွတ်ခွင့်ကို ၁-၇-၂၀၂၂ ရက်နေ့မှ စတင်ခွင့်ပြုခဲ့ပြီး ဗီဇာကင်းလွတ်ခွင့်ပြုရေးဆိုင်ရာ သဘောတူစာချုပ်မှာ ၂၇-၁-၂၀၂၆ ရက်နေ့မှစ၍ စာချုပ်အသက်ဝင်ခဲ့ပါသည်။ ထို့အပြင် တရုတ်နိုင်ငံ(ပြည်မ)၊ ဟောင်ကောင် အထူးအုပ်ချုပ်ရေးဒေသနှင့် မကာအိုအထူးအုပ်ချုပ်ရေးဒေသ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ အိန္ဒိယနိုင်ငံတို့အား ဆိုက်ရောက်ဗီဇာ(ကမ္ဘာလှည့်)ကို ခွင့်ပြုပေးလျက်ရှိပါသည်။

အထူးသဖြင့် အိန္ဒိယနိုင်ငံသား ကမ္ဘာလှည့်ခရီးသည်များအတွက် ဆိုက်ရောက်ဗီဇာကို ၃၀-၈-၂၀၂၃ ရက်နေ့မှ ၂၉-၈-၂၀၂၄ ရက်နေ့အထိ ခွင့်ပြုခဲ့ပြီး ၃၀-၈-၂၀၂၄ ရက်နေ့မှ ၂၉-၈-၂၀၂၅ ရက်နေ့အထိ ပထမအကြိမ် သက်တမ်းတိုးမြှင့်ပေးခဲ့ပါသည်။ ဆက်လက်၍ ၃၀-၈-၂၀၂၅ ရက်နေ့မှ ၂၉-၈-၂၀၂၆ ရက်နေ့အထိ ဆိုက်ရောက်ဗီဇာသက်တမ်း ဒုတိယအကြိမ် တိုးမြှင့်ပေးခဲ့ခြင်းကြောင့် အိန္ဒိယနိုင်ငံရှိ ကမ္ဘာလှည့်ခရီးသွားဧည့်သည်များအတွက် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ရန် အခွင့်အလမ်းဖွင့်ပေးထားပါသည်။ ထို့အပြင် e-Visa (Tourist) ကို နိုင်ငံပေါင်း ၁၀၀ အား ခွင့်ပြုထားရာ အဆိုပါ နိုင်ငံပေါင်း ၁၀၀ တွင် အိန္ဒိယနိုင်ငံလည်း ပါဝင်သကဲ့သို့ Business Visa ခွင့်ပြုထားသည့် ၅၄ နိုင်ငံတွင် အိန္ဒိယနိုင်ငံပါဝင်ပါသည်။

**ဦးစားပေးဈေးကွက်**

အိန္ဒိယနိုင်ငံသား ခရီးသွားဧည့်သည်များ၊ စီးပွားရေးလုပ်ငန်းရှင်များ မြန်မာနိုင်ငံသို့ လာရောက်ရန် အပြည်ပြည်ဆိုင်ရာ လေဆိပ်ဝင်ပေါက်များမှ ခွင့်ပြုထားသကဲ့သို့ တမူး-မိုရေး၊ ရိခေါဒါရ်-ရိခေါသာ နယ်စပ်ဂိတ် နှစ်ခုကိုလည်း ဖွင့်လှစ်ထားပါသည်။ သို့ရာတွင် လက်ရှိအခြေအနေ၌ နယ်မြေလုံခြုံရေးအခြေအနေအရ နယ်စပ်ဂိတ်များမှ ကမ္ဘာလှည့်ခရီးသွားဧည့်သည်များနှင့် အိန္ဒိယနိုင်ငံသား ခရီးသွားဧည့်သည်များ ဝင်ရောက်နိုင်မှုမရှိသေးပါ။

မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်သော ကမ္ဘာလှည့်ခရီးသွားဧည့်သည်စာရင်းများအရ အိန္ဒိယနိုင်ငံသားများသည် ၂၀၂၁၊ ၂၀၂၂ ခုနှစ်တွင် တတိယအများဆုံး၊ ၂၀၂၃ ခုနှစ်တွင် ဆဋ္ဌမအများဆုံး၊ ၂၀၂၄၊ ၂၀၂၅ ခုနှစ်တွင် ပဉ္စမအများဆုံး ဝင်ရောက်လည်ပတ်ခဲ့ကြောင်း တွေ့ရှိရပါသည်။

မည်သို့ပင်ရှိစေကာမူ မြန်မာနိုင်ငံနှင့် နယ်နိမိတ်ချင်း ထိစပ်နေပြီး ကမ္ဘာ့လူဦးရေအများဆုံးနိုင်ငံနှစ်နိုင်ငံဖြစ်သည့် တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့၏ ဖွံ့ဖြိုးတိုးတက်မှု၊ ချမ်းသာကြွယ်ဝမှု၊ ခရီးသွားလုပ်ငန်းအပေါ် အာရုံစိုက်စိတ်ဝင်စားလာမှုများက မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံသား ခရီးသွားဧည့်သည်များ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ရေးအတွက် ခရီးသွားဈေးကွက် Target Market အဖြစ် ဦးတည်သတ်မှတ်၍ ခရီးသွားမြှင့်တင်ခြင်းလုပ်ငန်းများ၊ ဆွဲဆောင်မှုလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သကဲ့သို့ အိန္ဒိယနိုင်ငံကိုလည်း Target Market သတ်မှတ်ရန် ချန်မထားသင့်သော ခရီးသွားဈေးကွက်ကြီးဖြစ်ပါသည်။ သို့ဖြစ်၍ ရှေ့လာမည့်အခြေအနေကောင်းများတွင် အိန္ဒိယနိုင်ငံသား ခရီးသွားဧည့်သည်များအား ပိုမိုဆွဲဆောင်နိုင်မည့် အစီအစဉ်များဖြင့် စတင်ဆောင်ရွက်သင့်ပါကြောင်း အကြံပြုရေးသားတင်ပြလိုက်ရပါသည်။ ။

**❛ မြန်မာနိုင်ငံနှင့် နယ်နိမိတ်ချင်း ထိစပ်နေပြီး ကမ္ဘာ့လူဦးရေအများဆုံးနိုင်ငံ နှစ်နိုင်ငံဖြစ်သည့် တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့၏ ဖွံ့ဖြိုးတိုးတက်မှု၊ ချမ်းသာကြွယ်ဝမှု၊ ခရီးသွားလုပ်ငန်းအပေါ် အာရုံစိုက်စိတ်ဝင်စားလာမှုများက မြန်မာနိုင်ငံအနေဖြင့် အိန္ဒိယနိုင်ငံကိုလည်း Target Market သတ်မှတ်ရန် ချန်မထားသင့်သော ခရီးသွားဈေးကွက်ကြီးဖြစ်ပါသည်။ သို့ဖြစ်၍ ရှေ့လာမည့် အခြေအနေကောင်းများတွင် အိန္ဒိယနိုင်ငံသား ခရီးသွားဧည့်သည်များအား ပိုမိုဆွဲဆောင်နိုင်မည့် အစီအစဉ်များဖြင့် စတင်ဆောင်ရွက်သင့် ❜**




## “ငါးရာ့ငါးဆယ်ဇာတ်တော် ကောက်နုတ်ချက်ဇာတ်လမ်းများ”မြန်မာ့ရုပ်မြင်သံကြားမှ ဆက်လက်ထုတ်လွှင့်ပြသမည်

နေပြည်တော် မတ် ၁၉

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအနေဖြင့် ပြည်သူများ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များရရှိနိုင်ရန်၊ လူငယ်လူရွယ်များ ဗုဒ္ဓဝင်ဇာတ်နိပါတ်တော်များအကြောင်း သိရှိနားလည်ပြီး အသိပညာဗဟုသုတရရှိနိုင်စေရန် ရည်ရွယ်ချက်များနှင့် သဘင်ပညာရှင်များ၏ အနုပညာရသစွမ်းရည်များ ဖော်ထုတ်ပြသမည့် “ငါးရာ့ငါးဆယ်ဇာတ်တော်ကောက်နုတ်ချက်ဇာတ်လမ်းများ” အစီအစဉ် ဆန်းသစ်တင်ဆက်မှုကို အပတ်စဉ် စီစဉ်တင်ဆက်ပေးလျက်ရှိသည်။

“ငါးရာ့ငါးဆယ်ဇာတ်တော် ကောက်နုတ်ချက် ဇာတ်လမ်းများ” အစီအစဉ်တွင် “သဋ္ဌိဝဇာတ်တော်(အဇာတသတ်)”ကို ဖော်ပြထားသည့် “ကိုးကွယ်မှု မှားယွင်းခြင်း” အပိုင်း(၁)ကို နန်းတော်ရှေ့ ဆရာတင်၏ မျိုးဆက် သဘင်ပညာရှင် ဦးနန်းဝင်းက ရေးသားပူဇော်ပြီး အကယ်ဒမီ အေးချမ်းမောင်၊ နန်းဝင်း၊ ယွန်းဝတ်လွှာအောင်၊ ရန်ရှင်းမောင်၊ ထက်မြက်အောင်၊ ပန်းအိစံ၊ ပန်းကဗျာ၊ ပိုးပိုးအိမ်၊ တောက်တဲ့၊ အောင်သွေးသစ်၊ လင်းမြတ်အောင်နှင့် ရွှေနန်းသဘင်အဖွဲ့သားများက ပါဝင်ဖျော်ဖြေ တင်ဆက်ကြမည်ဖြစ်သည်။

အဆိုပါ အစီအစဉ်ကို MRTV–HD Channel မှ မတ် ၂၁ ရက် စနေနေ့ ည ၉ နာရီတွင်လည်းကောင်း၊ MRTV Entertainment Channel မှ မတ် ၂၂ ရက် တနင်္ဂနွေနေ့ နံနက် ၉ နာရီတွင်လည်းကောင်း ထုတ်လွှင့်ပြသမည်ဖြစ်ပြီး မတ် ၂၅ ရက် ဗုဒ္ဓဟူးနေ့ ည ၉ နာရီတွင် MRTV–HD Channel မှ Replay ထပ်မံပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




❖ **ချန်ပီယံလိဂ်မှ**

ကွာတားဖိုင်နယ်အဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့တာ ဖြစ်ပါတယ်။

လက်ရှိချန်ပီယံလိဂ် ချန်ပီယံ ပီအက်စ်ဂျီအသင်းကတော့ ချယ်လ်ဆီးအသင်းကို အနိုင်ရပြီး ကွာတားဖိုင်နယ်တက်လှမ်းခွင့်ရရှိခဲ့တာဖြစ်ပါတယ်။

ချန်ပီယံလိဂ်ကွာတားဖိုင်နယ်အဆင့်မှာ စပိန်လာလီဂါကလပ်အသင်းသုံးသင်းအထိ တက်လှမ်းနိုင်ခဲ့ပြီး ရီးယဲလ်မက်ဒရစ်အသင်းက ဘိုင်ယန်မြူးနစ်အသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပါတယ်။

အခြားသော ချန်ပီယံလိဂ်ကွာတားဖိုင်နယ်အဆင့် ပွဲစဉ်တွေမှာတော့ လက်ရှိပရီမီယာလိဂ် အမှတ်ပေးဇယားထိပ်ဆုံးမှာ ဦးဆောင်နေတဲ့ အာဆင်နယ်အသင်းက စပို့တင်းအသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပြီး ဘာစီလိုနာအသင်းကတော့ အက်သလက်တီကိုမက်ဒရစ်အသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပါတယ်။

လက်ရှိမဲခွဲဆုံးဖြတ်ထားတဲ့ ချန်ပီယံလိဂ် ကွာတားဖိုင်နယ်အဆင့် ပွဲစဉ်တွေကိုတော့ ဧပြီ ၈ ရက်နဲ့ ၉ ရက်တို့မှာ ယှဉ်ပြိုင်ကစားမှာလည်း ဖြစ်ပါတယ်။

**ငွေကြယ်**

## “ချစ်စရာ့အရွယ်ကစားကြမယ်”ကလေးအစီအစဉ် မြန်မာ့ရုပ်မြင်သံကြားမှ ဆက်လက်ထုတ်လွှင့်မည်

နေပြည်တော် မတ် ၁၉

“ချစ်စရာ့အရွယ်ကစားကြမယ်”ကလေးအစီအစဉ်ကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ အပတ်စဉ် စနေနေ့တိုင်း ထုတ်လွှင့်ပြသလျက်ရှိရာ ၂၀၂၆ ခုနှစ် မတ် ၂၁ ရက် စနေနေ့ နံနက် ၁၁ နာရီတွင် MRTV–HD Channel မှ YMCA မူလတန်းကြိုကျောင်း(ပျဉ်းမနား)နှင့် YMCA မူလတန်းကြိုကျောင်း(ရေဆင်း)တို့မှ ကလေးငယ်များ ပါဝင်ကစားကြပုံများကို ထုတ်လွှင့်ပြသမည်ဖြစ်ရာ MRTV App မှလည်း Streaming ထုတ်လွှင့်မည်ဖြစ်၍တစ်ချိန်တည်း ကြည့်ရှုနိုင်မည်ဖြစ်သည်။




အဆိုပါအစီအစဉ်ကို ကလေးများ ကိုယ်ခန္ဓာသန်စွမ်းပြီး စိတ်ရွှင်လန်းစေရန်၊ ကလေးများ၏ ကာယ၊ ဉာဏ၊ စာရိတ္တ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကလေးငယ်များအချင်းချင်း၊ ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီး ပေါင်းသင်းဆက်ဆံတတ်စေရန် ရည်ရွယ်ချက်များဖြင့် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနတို့ ပူးပေါင်း၍ စီစဉ်တင်ဆက်ခြင်းဖြစ်သည်။

ယင်းအစီအစဉ်ကို MRTV Entertainment Channel တွင် မတ် ၂၂ ရက် တနင်္ဂနွေနေ့ နံနက် ၉ နာရီခွဲတွင် ပြသမည်ဖြစ်ပြီး MRTV – HD Channel တွင် မတ် ၂၃ ရက် တနင်္လာနေ့ ညနေ ၄ နာရီသတင်းအပြီးတွင် ထပ်မံပြသမည် ဖြစ်သည့်အပြင် MRTV App ၏ Youth Sector နှင့် MRTV Telegram တို့တွင်လည်း လွှင့်တင်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

○ **မြန်မာ့လက်ရွေးစင်မှ**

ပြည်ပကလပ်အသင်းများတွင် သွားရောက်ကစားခဲ့ပြီး အိန္ဒိယကလပ်သုံးသင်း၊ ထိုင်း၊ မလေးရှားကလပ်အသင်းတစ်သင်းစီတွင် ကစားခဲ့ကာ မလေးရှားကလပ် ဆာဘားအသင်းတွင် နောက်ဆုံးကစားခဲ့ခြင်းဖြစ်သည်။

ဝင်းသင်္ဂီထွန်းသည် ကစားခဲ့သည့် ပြည်တွင်း၊ ပြည်ပကလပ်အသင်းတိုင်းတွင် ဂိုးပေါင်းများစွာ သွင်းယူခဲ့သူဖြစ်ပြီး မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်း၏ အားထားရသည့် ဝါရင့်တိုက်စစ်မှူးတစ်ဦးလည်း ဖြစ်သည်။ **သတင်း–ရှိုင်းထက်ဇော်၊ ဓာတ်ပုံ–Sankata FC**

# တရားမဝင် သစ်မျိုးစုံ၊ စက်သုံးဆီများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ လိုင်စင်မဲ့ဆိုင်ကယ်များ၊ လိုင်စင်မဲ့ယာဉ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် မတ် ၁၉

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ နေပြည်တော် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မတ် ၉ ရက်တွင် တပ်ကုန်းမြို့နယ်အတွင်း၌ လိုင်စင်မဲ့ဆိုင်ကယ် နှစ်စီးနှင့် လိုင်စင်မဲ့ယာဉ် တစ်စီး စုစုပေါင်း(ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၁၀၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ကချင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မတ် ၁၁ ရက်နှင့် ၁၄ ရက်တို့တွင် မိုးကောင်းမြို့နယ်၊ မိုးညှင်းမြို့နယ်နှင့် မြစ်ကြီးနားမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့ဆိုင်ကယ် ၁၀ စီးနှင့် လိုင်စင်မဲ့ယာဉ်တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၉၀၅၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ကယားပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မတ် ၁၆ ရက်တွင် လွိုင်ကော်မြို့နယ်အတွင်း၌ လိုင်စင်မဲ့ယာဉ် တစ်စီး(ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၄၀၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



လိုင်စင်မဲ့မော်တော်ယာဉ် (Toyota Lexus 2002 Model)

ကရင်ပြည်နယ်၌ သိမ်းဆည်းရမိမှု။

အလားတူ ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မတ် ၁၇ ရက်တွင် ဘားအံမြို့နယ် လွန်းညကျေးရွာ၌ ယာဉ်နှစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း ငါးမျိုး(ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၂၄၈၆၀၀၀)နှင့် အဆိုပါ ပစ္စည်းများ တင်ဆောင်လာသည့် လိုင်စင်မဲ့ယာဉ် နှစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၃၀၀၀၀၀၀)ကို လည်းကောင်း၊ ဘားအံမြို့နယ် သံလွင်တံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လျှပ်စစ်ပစ္စည်း ၃၂ မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၉၁၃၁၅၀၀)နှင့် အဆိုပါ ပစ္စည်းများ တင်ဆောင်လာသည့် Scania Tractor Head တစ်စီး၊ နောက်တွဲ တစ်တွဲ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၂၀၀၀၀၀၀၀)ကို လည်းကောင်း၊ ဘားအံမြို့နယ် သံလွင်တံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ပင် လိုင်စင်မဲ့ယာဉ် နှစ်စီး(ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၀၀၀၀၀၀၀)ကို လည်းကောင်း၊ ဘားအံမြို့နယ် ဇာသပြင်ကျေးရွာ၌ ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်း ရှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၆၂၅၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Canter Truck တစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀)ကို လည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၇၁၃၂၄၂၅၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မတ် ၁၆ ရက်တွင် ဟုမ္မလင်းမြို့နယ်အတွင်း၌ လိုင်စင်မဲ့ယာဉ်တစ်စီး(ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၈၀၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မတ် ၁၃ ရက်နှင့် ၁၅ ရက်တို့တွင် ပြည်မြို့နယ်၊ ကြို့ပင်ကောက်မြို့နယ်နှင့် အုတ်ဖိုမြို့နယ်အတွင်း၌ လိုင်စင်မဲ့ဆိုင်ကယ် သုံးစီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၇၅၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရ လည်းကောင်း၊ ပဲခူးမြို့နယ်အတွင်း၌ တရားမဝင် အခြားသစ် ၁ ဒသမ ၀၃၆ တန်(ခန့်မှန်းတန်ဖိုးငွေ ၉၆၁၆၈ ကျပ်)ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေ ၈၄၆၁၆၈ ကျပ်ကို အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မတ် ၁၅ ရက်တွင် စလင်းမြို့နယ်၊ စေတုတ္တရာမြို့နယ်၊ မင်းဘူးမြို့နယ်နှင့် ငဖဲမြို့နယ်တို့အတွင်း၌ တရားမဝင်အခြားသစ် ၂ ဒသမ ၄၉၇ တန်၊ ပေါင် ၃၀ ဝင် မီးသွေးအိတ် ၁၂၈ အိတ် (ခန့်မှန်းတန်ဖိုးငွေ ၁၉၂၉၁၆၈ ကျပ်)ကို သစ်တောဥပဒေအရ လည်းကောင်း၊ ပွင့်ဖြူမြို့နယ်နှင့် မင်းဘူးမြို့နယ်အတွင်း၌ လိုင်စင်မဲ့ယာဉ် တစ်စီးနှင့် လိုင်စင်မဲ့ဆိုင်ကယ် တစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၆၂၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရ လည်းကောင်း၊ မင်းလှမြို့နယ်၌ တရားမဝင် လောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် လက်ကိုင်ဖုန်း တစ်လုံးနှင့် ငွေစက္ကူ ရောရော(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၆၀၀၀)ကိုလောင်းကစားဥပဒေအရလည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေ ၈၃၈၅၁၆၈ ကျပ် ကို သိမ်းဆည်းအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မွန်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မတ် ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် ဘီးလင်းမြို့နယ်သကြားစက်လမ်းဆုံ၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် တရားမဝင် စက်သုံးဆီ ဒီဇယ်ဆီ ဂါလန် ၇၅၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀၀)နှင့် အဆိုပါစက်သုံးဆီများ တင်ဆောင်လာသည့် Mitsubishi Canter Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၀၀၀၀၀၀)ကို ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေအရလည်းကောင်း၊ ကျိုက်မရောမြို့နယ် အတွင်း၌ လိုင်စင်မဲ့ယာဉ် တစ်စီးနှင့် လိုင်စင်မဲ့ဆိုင်ကယ် တစ်စီး(ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၂၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန် ဥပဒေအရ လည်းကောင်း၊ ဘီးလင်းမြို့နယ် တောင်စွန်းလမ်းခွဲ၌ ယာဉ်လေးစီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း ၂၆ မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၅၃၃၅၀၀၀)နှင့် အဆိုပါ ပစ္စည်းများ တင်ဆောင်လာသည့် King Long Express Bus တစ်စီး၊ Zhong Tong Bus တစ်စီး၊ Yutong Bus တစ်စီး၊ Kyo Kyar Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၀၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၁၄၃၃၅၀၀၀ ကို သိမ်းဆည်း အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မတ် ၁၂ ရက်တွင် သန်လျင်မြို့နယ် ကုလားဝဲတံတားအနီး၌ တရားမဝင် စက်သုံးဆီ ဒီဇယ်ဆီ ဂါလန် ၈၀၀၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေ ၁၁၀၀၈၅၉၃၆ ကျပ်ကို သိမ်းဆည်းရမိခဲ့ပြီး ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ရှမ်းပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မတ် ၁၇ ရက်တွင် ဟိုပုံးမြို့နယ် ပါပန့်ကျေးရွာလမ်းခွဲ၌ ယာဉ် ၁၅ စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် စားသောက်ကုန်ပစ္စည်း ၅၄ မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၁၀၁၆၀၀၀)နှင့် အဆိုပါ ပစ္စည်းများ တင်ဆောင်လာသည့် လိုင်စင်မဲ့ယာဉ် ၁၀ စီး၊ လိုင်စင်ရှိယာဉ်ငါးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၇၅၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၁၈၅၁၆၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မတ် ၁၆ ရက်တွင် ဝေါမြို့နယ် ဘုရားဖြူရှောင်ကွင်းလမ်းဘေး၌ စုပုံထားသည့် အကောက်ခွန်မဲ့ စားသောက်ကုန်ပစ္စည်း ငါးမျိုး(ခန့်မှန်းတန်ဖိုး ငွေကျပ် ၈၄၂၂၀၀၀)ကိုလည်းကောင်း၊ ညောင်ခါးရှည် အမြဲတမ်းစစ်ဆေးရေးစခန်း၌ ယာဉ်နှစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း ငါးမျိုး၊ လျှပ်စစ်ပစ္စည်း တစ်မျိုး(ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၃၅၅၀၀၀၀)နှင့် အဆိုပါ ပစ္စည်းများ တင်ဆောင်လာသည့် Proton Jumback Pickup တစ်စီး၊ Toyota Probox တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၂၀၀၀၀၀၀)ကို လည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ တစ်လုံးအတွင်းမှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း လေးမျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၆၃၀၄၄၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၆၀၂၇၆၄၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံး လုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

မတ် ၁၉ ရက်တွင် မူးယစ်ဆေးဝါး သိမ်းဆည်းရမိမှုအနေဖြင့် နေပြည်တော် ကောင်စီနယ်မြေမှ သိမ်းဆည်းရမိမှု အမှုတွဲ သုံးမှု၊ တနင်္သာရီတိုင်းဒေသကြီးမှ သိမ်းဆည်းရမိမှု အမှုတွဲ လေးမှု၊ မကွေးတိုင်းဒေသကြီးမှ သိမ်းဆည်းရမိမှု အမှုတွဲ တစ်မှု၊ မွန်ပြည်နယ်မှ သိမ်းဆည်းရမိမှု အမှုတွဲ ခုနစ်မှု စုစုပေါင်း မူးယစ်ဆေးဝါး သိမ်းဆည်းရမိမှု အမှုတွဲ ၁၅ မှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၉၈၄၁၅၅၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

မတ် ၉ ရက်၊ ၁၁ ရက်၊ ၁၂ ရက်၊ ၁၃ ရက်၊ ၁၄ ရက်၊ ၁၅ ရက်၊ ၁၆ ရက်၊ ၁၇ ရက်နှင့် ၁၉ ရက်တို့တွင် သိမ်းဆည်းရမိမှုစုစုပေါင်းမှာ အမှုတွဲ ၉၀(ခန့်မှန်းတန်ဖိုးငွေ ၂၄၁၆၁၅၂၆၇၂ ကျပ်)ကို သိမ်းဆည်းရမိခဲ့သည်။ ထိုကဲ့သို့ တရားမဝင်တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအား ကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်နိုင်စေပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာ ဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်၍ တရားမဝင်ကုန်စည်တင်သွင်းမှုများကို သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက်ပိုမို တားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

# ကျိုင်းတုံမြို့နယ်၌ ငွေကျပ် ၂၀၂ ဒသမ ၅ သိန်းတန်ဖိုးနှင့် လားရှိုးမြို့၌ ငွေကျပ် ၅၈ သိန်းတန်ဖိုးရှိ ဘိန်းစိမ်းများ သိမ်းဆည်းရမိ

နေပြည်တော် မတ် ၁၉

ကျိုင်းတုံမြို့နယ်၌ ငွေကျပ် ၂၀၂ ဒသမ ၅ သိန်းတန်ဖိုးနှင့် လားရှိုးမြို့၌ ငွေကျပ် ၅၈ သိန်းတန်ဖိုးရှိ ဘိန်းစိမ်းများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၁၇ ရက် ည ၁၁ နာရီတွင် သတင်းအရ ကျိုင်းတုံမြို့နယ် ယန်းလောကျေးရွာအုပ်စု ကျိုင်းဖောင်းကျေးရွာအနီးတွင် ကျိုင်းတုံမြို့နယ် ပန်ယောင်းရွာနေ အပေါ(၃၅)နှစ် မောင်းနှင်လာသော HONDA WAVE I 110 ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းစိမ်း ၄၀ ဒသမ ၅ ကီလို(တစ်ကီလိုလျှင် ငွေကျပ် ၅ သိန်းနှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ် ၂၀၂ ဒသမ ၅ သိန်း)ကို သိမ်းဆည်းရမိသဖြင့် အပေါအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားသည်။

ထို့အတူ မတ် ၁၈ ရက် နံနက် ၁၁ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ လားရှိုးမြို့ အောင်မင်္ဂလာရပ်ကွက်နေ ရီဆိုက်(၅၇)နှစ်၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ နေအိမ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၅၄၀၀ (တစ်ပြားလျှင်ငွေကျပ် ၁၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၅၄ သိန်း) နှင့် ဘိန်းဖြူ ၂၀ ဂရမ်(တစ်ဂရမ်လျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ် လေးသိန်း)တို့ကို သိမ်းဆည်းရမိသဖြင့် ရီဆိုက်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

သတင်းစဉ်



အပေါအား သိမ်းဆည်းရမိသည့် ဘိန်းစိမ်းများနှင့်အတူ တွေ့ရစဉ်။

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်၊ အကွက်အမှတ်(၆)၊ ဦးပိုင်အမှတ်(၂၃)၊ ၁၇x၁၈ ကြား၊ ၆၃x၆၄ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒုဗိုလ်မှူးကြီးလှအောင် ကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ်(၈၅/၂၀၂၆)ဖြင့် အမွေဆက်ခံခဲ့သော သမီးဖြစ်သူ ဒေါ်သိမ့်သိမ့်ဇင် [၁၂/လကန(နိုင်)၁၈၂၄၇၉]က အမှုတွဲအမှတ်(၅၇၇၈/၂၀၂၅-၂၀၂၆)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၁ ရပ်ကွက်၊ အကွက်အမှတ်(ဏ-၈)၊ ဦးပိုင်အမှတ်(၂၅-က)၊ ၆၂(အေ)လမ်း၊ ၁၀၆x၁၀၇ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဗိုလ်မှူးကြီးအောင်စိုး၏ (SP ရရှိသူ ဦးမောင်မောင်လွင်)ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၂၅၃၁/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဦးဇော်လင်း ကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ်(၂၆၀၄/၂၀၂၅)ဖြင့် အမွေဆက်ခံခဲ့သော ဇနီးဖြစ်သူ ဒေါ်ချိုချိုဝင်း [၅/မရန(နိုင်)၀၀၂၀၈၀၀]က အမှုတွဲအမှတ်(၅၇၅၈/၂၀၂၅-၂၀၂၆)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ခခ-၂)၊ ဦးပိုင်အမှတ်(၅၂)၊ ၅၈x၅၉ ကြား၊ ၁၀၂x၁၀၃ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်သန်းသန်းစိန်ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၃၂၄၆/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်အိအိလွင်ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၁/၂၀၂၆)ဖြင့် ဝယ်ယူခဲ့သူ ဦးထွန်းနိုင်(ခ)အားစိမ်း [၁၃/လရန(နိုင်)၁၈၈၂၇၁]က အမှုတွဲအမှတ်(၅၇၆၀/၂၀၂၅-၂၀၂၆)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ်(အ-၃)၊ ဦးပိုင်အမှတ်(၁)၊ ၇၀x၇၁ ကြား၊ ၁၁၇x၁၁၈ လမ်းကြားရှိ ဦးကျော်ဆွေ(ခ) ရှိကျင်လုံအမည်ပေါက် ဂရန်မြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်(၂၂၇၉/၂၀၂၄) ဖြင့် အမွေဆက်ခံခဲ့သော ဒေါ်ဝင်းမြင့်ကြည် [၁၃/လရန(နိုင်)၀၈၇၆၂၃]၊ ဒေါ်ကြည်ကြည်ဝင်း [၁၃/လရန(နိုင်)၀၀၁၂၇၆]၊ ဒေါ်ဖြူဖြူဝင်း [၁၃/လရန(နိုင်)၁၀၆၁၅၄]၊ ဒေါ်မီမီဝင်း [၁၃/လရန(နိုင်)၁၃၆၁၅၀]၊ ဒေါ်ခင်ခင်(ခ)ခင်ဖြိုးဝေ [၁၃/လရန(နိုင်) ၁၃၅၉၉၅]တို့၏ [GP ရရှိသူ ဦးမောင်မောင်လှ (ခ) မောင်လှ]၊ ဒေါ်ချိုချိုဝင်း [၁၃/ လရန(နိုင်)၀၀၁၂၇၅]တို့က အမှုတွဲအမှတ်(၅၇၆၁/၂၀၂၅-၂၀၂၆)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(စစ-၇)၊ ဦးပိုင်အမှတ်(၁၆၇-ခ)၊ ၅၃x၅၄ ကြား၊ ၁၀၅x၁၀၆ လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ခင်မာ၏ (GP ရရှိသူ ဒေါ်တင်ဇာဦး) ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၂၁၆၈/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ဇင်မာဦး [၁/မညန(နိုင်)၀၇၇၄၉၃]က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၅၇၇၇/၂၀၂၅-၂၀၂၆)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ချမ်းအေးသာစံအလယ်ရပ်ကွက်၊ အကွက်အမှတ်(၆၀၃)၊ ဦးပိုင်အမှတ်(၂၀)၊ ၈၂ လမ်း၊ ၂၆x၂၇ လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သော ဦးမင်းကိုကို၊ ဦးတင်ကိုကို တို့ (၂)ဦးအနက် ဦးတင်ကိုကိုထံမှ စွန့်လွှတ်စာချုပ်အမှတ်(၃၄၅၀/၂၀၂၅) ဖြင့်စွန့်လွှတ်ခြင်းကို လက်ခံခဲ့သူ ဦးမင်းကိုကို[၉/အမဇ(နိုင်)၀၀၉၄၄၇] က အမှုတွဲအမှတ်[၀၆၁၆/(ဘပြောင်း)/၂၀၂၅-၂၀၂၆]ဖြင့် ဘိုးဘ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာခပ်စာတမ်းများ၊ တရားရုံးဒီကရီများ ဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၁)၊ ဦးပိုင်အမှတ်(၇၀)၊ ၆၁x၆၂ ကြား၊ ဘုရင့်နောင်လမ်းနှင့် ကျန်စစ်သား လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဦးတင်လေးထံမှ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်အမှတ်(၃၀၈၅/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သော ဦးဇော်လွင် [၅/ကနန(နိုင်)၀၇၄၇၆၃]၊ ဒေါ်ငြိမ်းငြိမ်းသူ [၅/ဘတလ(နိုင်)၀၅၈၁၈၆]တို့က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၅၇၇၁/၂၀၂၅-၂၀၂၆)ဖြင့် တောမှ မြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ်(အ-၃)၊ ဦးပိုင်အမှတ်(၂)၊ ၇၀x၇၁ ကြား၊ ၁၁၇x၁၁၈ လမ်းကြားရှိ ဦးကျော်ဆွေ(ခ) ရှိကျင်လုံအမည်ပေါက် ဂရန်မြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်(၂၂၇၉/၂၀၂၄) ဖြင့် အမွေဆက်ခံခဲ့သော ဒေါ်ဝင်းမြင့်ကြည် [၁၃/လရန(နိုင်)၀၈၇၆၂၃]၊ ဒေါ်ကြည် ကြည်ဝင်း [၁၃/လရန(နိုင်)၀၀၁၂၇၆]၊ ဒေါ်ဖြူဖြူဝင်း [၁၃/လရန(နိုင်)၁၀၆၁၅၄]၊ ဒေါ်မီမီဝင်း [၁၃/လရန(နိုင်)၁၃၆၁၅၀]၊ ဒေါ်ခင်ခင်(ခ)ခင်ဖြိုးဝေ [၁၃/လရန(နိုင်) ၁၃၅၉၉၅]တို့၏ [GP ရရှိသူ ဦးမောင်မောင်လှ(ခ)မောင်လှ]၊ ဒေါ်ချိုချိုဝင်း [၁၃/ လရန(နိုင်)၀၀၁၂၇၅]တို့က အမှုတွဲအမှတ်(၅၇၆၂/၂၀၂၅-၂၀၂၆)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ်(အ-၃)၊ ဦးပိုင်အမှတ်(၃)၊ ၇၀x၇၁ ကြား၊ ၁၁၇x၁၁၈ လမ်းကြားရှိ ဦးကျော်ဆွေ(ခ) ရှိကျင်လုံအမည်ပေါက် ဂရန်မြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်(၂၂၇၉/၂၀၂၄) ဖြင့် အမွေဆက်ခံခဲ့သော ဒေါ်ဝင်းမြင့်ကြည် [၁၃/လရန(နိုင်)၀၈၇၆၂၃]၊ ဒေါ်ကြည် ကြည်ဝင်း [၁၃/လရန(နိုင်)၀၀၁၂၇၆]၊ ဒေါ်ဖြူဖြူဝင်း [၁၃/လရန(နိုင်)၁၀၆၁၅၄]၊ ဒေါ်မီမီဝင်း [၁၃/လရန(နိုင်)၁၃၆၁၅၀]၊ ဒေါ်ခင်ခင်(ခ)ခင်ဖြိုးဝေ [၁၃/လရန(နိုင်) ၁၃၅၉၉၅]တို့၏ [GP ရရှိသူ ဦးမောင်မောင်လှ (ခ) မောင်လှ]၊ ဒေါ်ချိုချိုဝင်း [၁၃/ လရန(နိုင်)၀၀၁၂၇၅]တို့က အမှုတွဲအမှတ်(၅၇၆၃/၂၀၂၅-၂၀၂၆)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ်(အ-၃)၊ ဦးပိုင်အမှတ်(၄)၊ ၇၀x၇၁ ကြား၊ ၁၁၇x၁၁၈ လမ်းကြားရှိ ဦးကျော်ဆွေ(ခ)ရှိကျင်လုံ အမည်ပေါက် ဂရန်မြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်(၂၂၇၉/၂၀၂၄)ဖြင့် အမွေဆက်ခံခဲ့သော ဒေါ်ဝင်းမြင့်ကြည် [၁၃/လရန(နိုင်)၀၈၇၆၂၃]၊ ဒေါ်ကြည် ကြည်ဝင်း [၁၃/လရန(နိုင်)၀၀၁၂၇၆]၊ ဒေါ်ဖြူဖြူဝင်း [၁၃/လရန(နိုင်)၁၀၆၁၅၄]၊ ဒေါ်မီမီဝင်း [၁၃/လရန(နိုင်)၁၃၆၁၅၀]၊ ဒေါ်ခင်ခင်(ခ)ခင်ဖြိုးဝေ [၁၃/လရန(နိုင်) ၁၃၅၉၉၅]တို့၏ [GP ရရှိသူ ဦးမောင်မောင်လှ(ခ)မောင်လှ]၊ ဒေါ်ချိုချိုဝင်း [၁၃/ လရန(နိုင်)၀၀၁၂၇၅]တို့က အမှုတွဲအမှတ်(၅၇၆၄/၂၀၂၅-၂၀၂၆)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ်(အ-၃)၊ ဦးပိုင်အမှတ်(၅)၊ ၇၀x၇၁ကြား၊ ၁၁၇x၁၁၈ လမ်းကြားရှိ ဦးကျော်ဆွေ(ခ) ရှိကျင်လုံအမည်ပေါက် ဂရန်မြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်(၂၂၇၉/၂၀၂၄) ဖြင့် အမွေဆက်ခံခဲ့သော ဒေါ်ဝင်းမြင့်ကြည် [၁၃/လရန(နိုင်)၀၈၇၆၂၃]၊ ဒေါ်ကြည်ကြည်ဝင်း [၁၃/လရန(နိုင်)၀၀၁၂၇၆]၊ ဒေါ်ဖြူဖြူဝင်း [၁၃/လရန(နိုင်) ၁၀၆၁၅၄]၊ ဒေါ်မီမီဝင်း [၁၃/လရန(နိုင်)၁၃၆၁၅၀]၊ ဒေါ်ခင်ခင်(ခ)ခင်ဖြိုးဝေ [၁၃/ လရန(နိုင်)၁၃၅၉၉၅]တို့၏ [GP ရရှိသူ ဦးမောင်မောင်လှ(ခ)မောင်လှ]၊ ဒေါ်ချိုချိုဝင်း [၁၃/လရန(နိုင်)၀၀၁၂၇၅]တို့က အမှုတွဲအမှတ်(၅၇၆၅/၂၀၂၅-၂၀၂၆)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီ များဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဇ)ရပ်ကွက်၊ အကွက်အမှတ် (နန-၆)၊ ဦးပိုင်အမှတ်(၂၅)၊ ၆၄x၆၅ ကြား၊ ၁၃၂x၁၃၃ လမ်းကြားရှိ တောဂရန် မြေကွက်အမည်ပေါက်သူ ဦးမြင့်သန်း၏ (SP ရရှိသူ ဦးထွန်းနိုင်ဦး) ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၃၆၂၄/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သော ဦးစိုးခိုင်[၅/ဆလက(နိုင်) ၀၆၇၆၂၀]၊ ဒေါ်သန္တာဌေး[၅/ဆလက(နိုင်)၁၁၀၀၁၈] တို့က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၅၇၇၆/၂၀၂၅-၂၀၂၆) ဖြင့်တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာ ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင် ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ဓဓ-၂၁)၊ ဦးပိုင်အမှတ် ၇၇/ ၆၇x၆၈ကြား၊ ၁၃၁x၁၃၂ လမ်းကြားရှိ ဒေါ်ကြည်ကြည်ရင် အမည်ပေါက် ဂရန်မြေကွက်အား၊ တရားလို ဒေါ်အေးတိုးက တရားပြိုင် ဒေါ်ကြည်ကြည်(ခ)ကြည်ကြည်ရင်အပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုဖြင့် မဟာအောင်မြေခရိုင်တရားရုံးတော်၊ တရားမကြီးမှုအမှတ် (၉၂/၂၀၂၅) ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏အနိုင်ဒီကရီရရှိသူ ဒေါ်အေးတိုး [၉/ ကပတ(နိုင်)၂၁၄၈၁၁]က ဂရန်စာချုပ်၊ တရားရုံးအမိန့်တို့တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက် နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ဟေမာဇလရပ်ကွက်၊ အကွက်အမှတ်-၆၀၉၊ ဦးပိုင်အမှတ်-၈/၂၆ လမ်း၊ ၇၆x ၇၇ လမ်းကြားရှိ ဦးတင်အေး အမည်ပေါက် ဘိုးဘမြေကွက်အား ခင်ပွန်းဦးတင်အေး ကွယ်လွန်၍ ကျန်ရစ်သူဇနီးနှင့် သားသမီးများဖြစ်ကြသော ဒေါ်တင်ရီ[၉/မရမ(နိုင်)၀၂၁၀၄၈]၊ ဦးတင်ကိုကို [၉/ မရမ(နိုင်)၀၃၀၀၅၂]၊ ဒေါ်တင်မိုးမိုး [၉/မရမ(နိုင်)၀၀၁၇၄၆]၊ ဒေါ်တင်မျိုးမျိုး [၉/ မရမ(နိုင်)၀၈၂၉၈၈]၊ ဦးတင်ညီညီ[၉/မရမ(နိုင်)၀၈၂၉၈၉]တို့က အမည်ပေါက်မြေပုံ၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက် များတင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူး ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်မှန်ရပ်ကွက်၊ အကွက် အမှတ်-၈၀၀၊ ဦးပိုင်အမှတ်-၅၇/၂၈ လမ်း၊ ၆၃ လမ်းထောင့်ရှိ ဦးအောင်မြင့်၊ ဒေါ်ယဉ်ယဉ်မေ အမည်ပေါက် ဂရန်မြေကွက်အား ဇနီး ဒေါ်ယဉ်ယဉ်မေ ကွယ်လွန်၍ ကျန်ရစ်သော ပူးတွဲအမည်ပေါက်သူ ခင်ပွန်း ဦးအောင်မြင့် [၉/မရမ(နိုင်)၀၅၄၁၁၇] က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ရုံးထောက်ခံချက်များ တင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီ များဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၁၀၈)၊ ကုန်းဘောင်ပတ်လမ်း၊ မြေကွက်အမှတ်(၁၅၃)၊ အမည်ပေါက် ဦးညိမ်းမောင် ( CE-၀၈၆၇၀၄)ဟုခေါ်တွင်သော အကျယ်အဝန်း(၄၀'x၆၀')ရှိ မြေကွက်အနက်မှ တရားဝင်မခွဲစိတ်ရသေးသည့် အကျယ်အဝန်း(၂၀'x၆၀')ရှိ မြေကွက်အမှတ်(၁၅၂)နှင့်ကပ်လျက်ခြမ်း ပါမစ်မြေကွက်နှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ထံမှတစ်ဆင့် အရပ်ကတိစာချုပ်အဆင့်ဆင့် ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး အရှုပ်အရှင်းမရှိ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသူ ဦးသက်လွင် [၁၂/ ဗဟန(နိုင်)၀၁၈၃၂၀]မှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဝင်းကြည် [၁၂/တမန(နိုင်)၀၁၅၁၃၇]ထံသို့ အရောင်းအဝယ်အပြီးအပိုင် ရောင်းချရန်ပြောဆိုသည့်အပေါ် ကျွန်ုပ်၏မိတ်ဆွေမှ (၂-၂-၂၀၂၆)ရက်စွဲဖြင့် ဝယ်ယူရန်သဘောတူညီ၍ အဆိုပါအရောင်းအဝယ်အား အပြီးအပိုင်အရောင်း အဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါမြေကွက် အား ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဝင်းကြည်မှလွဲ၍ မည်သူတစ်ဦးတစ်ယောက်ကမျှ ပိုင်ဆိုင်ခွင့်မရှိ၊ အဆိုပါမြေကွက်အား ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်ဝင်းကြည်သာလျှင် ဝယ်ယူပိုင်ဆိုင်မှုမှန်ကန်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်တင်တင်ဌေး(LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၄၁၈၂၂)**
**အမှတ်(၈/၁၇၅-က)၊ ယင်းမာလမ်း၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၆၁၈၀၅၄၆၊ ၀၉-၄၂၆၅၉၉၂၃၂**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ၂၀/၄၅-ရပ်ကွက်၊ မကွေး(၈) လမ်း၊ အမှတ်(၁၆)၊ ဒေါ်မြသိန်း[၁၂/လမန(နိုင်)၀၈၆၇၈၆] အမည်ပေါက်၊ မြေအမျိုး အစား(ပါမစ်)မြေ၊ ဧရိယာ အလျား (၄၀ ပေ x အနံ ၆၀ပေ ) အနက်မှ ခြေရင်းခြမ်း (အလျား ၂၀ပေ x အနံ ၆၀ပေ )နှင့် ၎င်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး တို့အား ဒေါ်ထားထားမြင့် [၁၂/ရပသ(နိုင်)၀၂၉၃၄၉]မှ မိမိသာလျှင် တရားဝင် ပိုင်ဆိုင်ကြောင်း၊ လက်ရှိလက်ရောက်ပိုင်ဆိုင်ထားကာ ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြု၍ အပြီးအပိုင်ရောင်းချရန် တာဝန်ယူဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်သူ [၁၁/သတန(နိုင်)၀၇၃၃၁၇]နှင့် ဒေါ်စိုးစိုးအေး [၁၁/ သတန(နိုင်)၀၈၃၈၄၂]တို့ လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ အား ပေးချေပြီးဖြစ်ပါသဖြင့် ၎င်းအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြော်ငြာ ပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူ မရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ရွှေယဉ်စံ (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၅၀၉၉၉)**
**အမှတ်(၁၅၆)၊ မြေတိုင်းလမ်း၊ (၄၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၁၇၃၇၉၀၆၊ ၀၉-၉၈၀၀၄၈၃၃၉**

## ပျောက်ဆုံးကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ ၄-ရပ်ကွက်၊ စိန်ရတီလမ်း၊ အမှတ် (၁၆၄) နေ ဦးစိုးတင့်၏သား ဦးရဲထွန်း [၁၂/မရက(နိုင်)၀၈၁၄၅၇] ၏ နိုင်ငံကူးလက်မှတ်စာအုပ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း- 09-43121600**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်-ဖ-၃၊ ဦးပိုင်အမှတ် ၆၂/၁၁၀x၁၁၁ လမ်းကြား၊ ၅၇x၅၈ လမ်းကြားရှိ ဦးမြသိန်း အမည်ပေါက် ဂရန်မြေကွက်အား ဖခင် ဦးမြသိန်း၊ မိခင် ဒေါ်မြမြ၊ သမီး ဒေါ်မြင့်မြင့်ကြည် တို့ကွယ်လွန်၍ ကျန်ရစ်သူ သမက်နှင့် သား၊ သမီးများဖြစ်ကြသော ဦးခင်မောင်လတ်[၉/မရမ(နိုင်)၀၃၁၈၅၇]၊ ဒေါ်မြင့်မြင့်ရီ [၉/မရမ(နိုင်)၀၁၅၈၂၀]၊ ဦးမိုးသိန်း [၉/မရမ(နိုင်)၀၁၅၆၀၁]၊ ဒေါ်လှလှဝင်း(ခ)လှလှသင်း [၉/မရမ(နိုင်)၀၁၅၂၇]၊ ဒေါ်ဥမ္မာခင် [၉/မရမ(နိုင်)၀၁၅၆၀၇]၊ ဒေါ်ဌေးဌေးကြွယ် [၉/မရမ(နိုင်)၀၀၀၈၆၄]တို့က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များ တင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာအောင်မြေအနောက်ရပ်ကွက်၊ အကွက်အမှတ်-၅၂၅၊ ဦးပိုင်အမှတ်-၂၁-က/၃၈x၃၉ လမ်းကြား၊ ၈၄ လမ်း x ရွှေတချောင်း(၈၅)လမ်းကြားရှိ ဦးလှဖေ၊ မသိန်းဝင်း(ခ)ထိန်ထိန်ဝင်း၊ မစိန်စိန်ဝင်း အမည်ပေါက်ဘိုးဘမြေကွက်အား ဖခင်ဦးလှဖေ၊ မိခင် ဒေါ်နန်းရွှေဥ၊ သမီး ဒေါ်သိန်းဝင်း(ခ)ထိန်ထိန်ဝင်း (အပို ဘ၀)တို့ ကွယ်လွန်၍ ကျန်ရစ်သူပူးတွဲအမည်ပေါက်သော သမီး ဒေါ်စိန်စိန်ဝင်း [၉/မရတ(နိုင်)၀၅၂၂၆၈]က အမည်ပေါက် မြေပုံ၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များ တင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ် (လ-၃)၊ ဦးပိုင်အမှတ်(၃/၅)၊ ၇၂x၇၃ လမ်းကြား၊ ၁၁၃x၁၁၄ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်အေးရွှင်(ခ) ရီရီမြင့်[၉/မရမ(နိုင်)၀၇၄၇၄၃]၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၆၀၈၆/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးဝေဖြိုးအောင်[၈/မမန(နိုင်)၁၃၆၉၆၉]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ဟေမမာလာတောင်ရပ်ကွက်၊ အကွက်အမှတ်(၆၆၅)၊ ဦးပိုင်အမှတ်(၅၄)ခဲစင်း၊ ၇၈ လမ်း၊ ၄၀x၄၁ လမ်းကြားရှိ ဦးသောင်းတင်၊ ဒေါ်တင်အေး၊ ဦးမြင့်ခိုင်၊ ဒေါ်တင်တင်ခိုင်၊ ဦးသိန်းနိုင်၊ ဦးထွန်းသိန်း၊ ဦးကျင်သိုက်၊ ဦးလှမြင့်၊ ဦးအေးလွင်၊ ဦးသိန်းဝင်း၊ ဦးမောင်မောင်မြင့်တို့ (၁၁)ဦးအမည်ပေါက် ဘိုးဘမြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်(၂၄၂/၂၀၀၆)ဖြင့် အမွေဆက်ခံခဲ့သော ဦးသောင်းတင်၊ ဒေါ်တင်အေး၊ ဦးမြင့်ခိုင်၊ ဒေါ်တင်တင်ခိုင်၊ ဦးကျင်သိုက်၊ ဦးလှမြင့်၊ ဦးအေးလွင်၊ ဦးသိန်းဝင်း၊ ဦးမောင်မောင်မြင့်တို့ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၂၇၀၂/၂၀၀၆)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်နန်းအေးမြင့်၏ (SP ရရှိသူ ဦးအောင်အောင်)ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၉၀၉/၂၀၀၈)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ခင်စန်းမြထွဋ်[၁၂/ဗဟန(နိုင်)၀၇၃၃၅၀]က အမှုတွဲအမှတ်[၀၆၂၃/ဘခွဲ(ပြောင်း)/၂၀၂၅-၂၀၂၆]ဖြင့် ဘိုးဘ၊ ဦးပိုင်ခွဲ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ် (ဓဓ-၅)၊ ဦးပိုင်အမှတ်(၃၈)၊ ၁၃၀x၁၃၁ လမ်းကြား၊ ၆၄x ၆၅ လမ်းကြားရှိ ဦးသန်းကွန့်အမည်ပေါက် ဂရန်မြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်(၁၈၃၂/၂၀၂၂)ဖြင့် အမွေဆက်ခံခဲ့သည့် ဒေါ်ထွေးကြည်[၉/အမရ(နိုင်)၀၃၃၆၂၇]ထံမှ အရောင်းအဝယ်စာချုပ်အမှတ် (၂၅၁၅/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဦးမျိုးခိုင်[၈/ ပမန(နိုင်)၁၂၂၈၄၇]က သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားဆဲဖြစ်ရာ ဂရန်မိတ္တူဖြစ်ပါ၍ ဂရန်ပေါ်တွင် "တောဂရန် ပျောက်ဆုံးသည်ဟု လျှောက်ထားလာသဖြင့် လက်ခံတောဂရန်နှင့်စိစစ်ပြီး ထုတ်ပေးခြင်းဖြစ်သည်။ တောဂရန်စာချုပ်မူရင်း ပြန်လည်တွေ့ရှိပါက ယခုထုတ်ပေးထားသောမိတ္တူမှန်သည် ပျက်ပြယ်သည်။''ဟူသော မင်နီမှတ်ချက်ရေးသားထားခြင်းအား ပယ်ဖျက်၍ သားရေဖုံးဂရန်စာချုပ် ထုတ်ယူခွင့်ပြုပါရန်နှင့် ပျောက်ဆုံးသွားသော တောဂရန်အမှုတွဲအမှတ်(၃၁၂၁/၉၀-၉၁) အားဌာနမှ ပယ်ဖျက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

❖ ယနေ့ကမ္ဘာ့ဖြစ်ရပ်များကိုကြည့်ပါက ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံများအပါအဝင် နိုင်ငံများသည် အခြားသော နိုင်ငံရေးများထက် အမျိုးသားရေးကို ဦးစားပေးဖော်ထုတ်လာကြသည်ကို တွေ့နိုင်...

❖ နိုင်ငံတော်၏ ဘက်စုံအကျိုးစီးပွားများ အောင်မြင်ဖြစ်ထွန်းစေရေး " စစ်မှန်သော အမျိုးသားရေး စိတ်ဓာတ် " နိုင်ငံသားတိုင်းတွင် မရှိမဖြစ် ရှိနေကြရန်လို...

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း ရာသက်ပန်နာယကကြီး ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်နေ့တွင် ပြုလုပ်သော ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)၏ (၇၅)ကြိမ်မြောက် စိန်ရတု (၃၈)ဖြာမင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်စာမေးပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားမှုမှကောက်နုတ်ချက်)

❖ နိုင်ငံတော် ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်လာသည့် PDF အမည်ခံအဖွဲ့ဝင် အမျိုးသား ၄၅၃ ဦးနှင့် အမျိုးသမီး ၅၃ ဦး ပေါင်း ၅၀၆ ဦး လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်၊ မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းအပ်နှံ

နေပြည်တော် မတ် ၁၉

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင် ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများ အတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည် ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည် ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးမှုများကြောင့် PDF အမည်ခံအဖွဲ့ဝင်များသည် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လျက်ရှိသည်။ ထို့အတူ တပ်မတော်စစ်ကြောင်းများက မန္တလေးတိုင်းဒေသကြီးအတွင်းရှိ PDF အမည်ခံ ပူးပေါင်းအဖွဲ့များ ယာယီစိုးမိုးထားသည့် နေရာများအား တစ်ခုပြီးတစ်ခု ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့ခြင်းများကြောင့် ပြည်သူများအနေဖြင့် ဝမ်းသာအားရ ကြိုဆိုထောက်ခံလျက်ရှိကြပြီး စိတ်အားထက်သန်စွာ အားပေးထောက်ခံမှု၊ ယုံကြည်အားကိုးမှု၊ တပ်မတော်နှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်လာခဲ့မှုများကြောင့် အကြမ်းဖက်အဖွဲ့ဝင်များအနေဖြင့် စိတ်ဓာတ်ကျဆင်းကာ ဆက်လက် ခုခံလိုခြင်းမရှိတော့သည့်အတွက် လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်၍ အေးချမ်းစွာ နေထိုင်လိုကြသည့် PDF အမည်ခံအဖွဲ့ဝင်များသည် ဥပဒေဘောင်အတွင်းသို့ တစ်ဖွဲ့ပြီးတစ်ဖွဲ့ ပြန်လည်ဝင်ရောက်လျက်ရှိရာ သက်ဆိုင်ရာနယ်မြေများအလိုက် တာဝန်ရှိသူများက အသီးသီးကြိုဆို လက်ခံခဲ့ကြသည်။ စာမျက်နှာ ၈ ကော်လံ ၁ သို့ ❂



ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများအား မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံခြင်းကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ စစ်ရေးပြကွင်း၌ ကျင်းပစဉ်။

## မြန်မာ့လက်ရွေးစင် အမျိုးသမီးတိုက်စစ်မှူး ဝင်းသိင်္ဂီထွန်း နီပေါကလပ်သို့ ပြောင်းရွှေ့

ရန်ကုန် မတ် ၁၉

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း တိုက်စစ်မှူး ဝင်းသိင်္ဂီထွန်းသည် နီပေါကလပ် ဆန်ကာတာအသင်းသို့ တစ်ရာသီစာချုပ်ဖြင့် ပြောင်းရွှေ့ကစားမည်ဖြစ်သည်။

မြန်မာအမျိုးသမီး ဘောလုံးသမားများတွင် ပထမဆုံးပြည်ပထွက်ကစားသူ၊ ပြည်ပအမျိုးသမီး ကလပ်အများအပြားတွင် ကစားခဲ့သူ ဝင်းသိင်္ဂီထွန်းသည် ခြောက်သင်းမြောက် ပြည်ပကလပ်အသင်း အဖြစ် နီပေါကလပ် ဆန်ကာတာအသင်းသို့ ပြောင်းရွှေ့ခဲ့ခြင်းဖြစ်သည်။ ဝင်းသိင်္ဂီထွန်းသည် ၂၀၂၁ ခုနှစ်မှစ၍ စာမျက်နှာ ၁၇ ကော်လံ ၁ သို့ ❍




## ချန်ပီယံလိဂ်ကွာတားဖိုင်နယ်တွင် လက်ရှိချန်ပီယံ ပီအက်စ်ဂျီ၊ လီဗာပူး၊ ရီးယဲလ်မက်ဒရစ်နဲ့ ဘိုင်ယန်မြူးနစ်တို့ ထိပ်တိုက်တွေ့ဆုံနေ

ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ပွဲစဉ်တွေယှဉ်ပြိုင်ကစားပြီးချိန်မှာ ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်တွေကို မဲခွဲဆုံးဖြတ်ခဲ့ရာမှာ လက်ရှိချန်ပီယံပီအက်စ်ဂျီအသင်းက ပရီမီယာလိဂ်ကလပ် လီဗာပူးအသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပါတယ်။

လီဗာပူးအသင်းဟာ ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ပထမအကျော့မှာ ဂါလာတာစာရေးအသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးနိမ့်ခဲ့ပေမယ့် ဒုတိယအကျော့မှာ လေးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့တာကြောင့် စာမျက်နှာ ၁၇ ကော်လံ ၁ သို့ ❖

### ယနေ့ ဖတ်စရာ

ကယားပြည်နယ်အတွင်းရှိ ထိခိုက်လွယ်အုပ်စုဝင်များသို့ ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနား ကျင်းပ
စာမျက်နှာ » ၁၂

သီရိလင်္ကာနိုင်ငံ၌ မော်တော်ယာဉ်များအား စုံ၊ မရက်ခွဲခြား၍ လောင်စာဆီဖြန့်ဖြူးသည့်စနစ် စတင်ဆောင်ရွက်
စာမျက်နှာ » ၁၃

မန္တလေး-လားရှိုး-ဗန်းမော်-မြစ်ကြီးနားလမ်း (ဗလမင်းထင်-နန့်မြစ်ခ) လမ်းပိုင်း ကတ္တရာကွန်ကရစ်လမ်းသစ်ဖွင့်
စာမျက်နှာ » ၁၆

ကျိုင်းတုံမြို့နယ်၌ ငွေကျပ် ၂၀၂ ဒသမ ၅ သိန်းတန်ဖိုးနှင့် လားရှိုးမြို့၌ ငွေကျပ် ၅၈ သိန်းတန်ဖိုးရှိ ဘိန်းစိမ်းများ သိမ်းဆည်းရမိ
စာမျက်နှာ » ၁၈